# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလကွယ်နေ့ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၁၈ ရက်၊ အင်္ဂါနေ့ အတွဲ (၅၉)၊ အမှတ် (၃၂၀)


# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၉) ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြား



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၉) ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဩဂုတ် ၁၇**

(၁၉) ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) ပတ္တမြားခန်းမ၌ ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အစည်းအဝေးသို့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့မှ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ UPDJC အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဒေါက်တာဝင်းမြတ်အေးနှင့် နိုင်သက်လွင်၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊

*စာမျက်နှာ ၃ ကော်လံ ၁* ❑

## ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစု ပင်လုံ စတုတ္ထအစည်းအဝေး ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန – ၂ ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၉ နာရီ ၄၅ မိနစ်မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား ( MRTV) ၊ MITV ၊ MNTV ၊ Channel 9 ၊ Up to Date ၊ One News ၊ မြဝတီ(MWD) ၊ MWD(Variety) ၊ DVB ၊ Mizzima ၊ YTV ၊ မြန်မာ့အသံရေဒီယို၊ Myanmar State Counsellor Office Facebook ၊ NRPC Facebook ၊ MOI Facebook ၊ MRTV Facebook ၊ Myanmar Digital News Facebook ၊ Skynet DTH Facebook Page တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


C B BANK

Best SME Bank in Myanmar
ASIAN BANKING & FINANCE (ABF) 2019

သင့်စီးပွားရေးလုပ်ငန်းများတိုးချဲ့ရန် အတွက် CB BANK ၏ SME ချေးငွေများကို ယခုပင်လျှောက်ထားလိုက်ပါ.....

Scan Me!

www.cbbank.com.mm
Contact Center: (95-1) 2317770



မြန်မာ့အလင်း

# အနာဂတ် မျိုးဆက်တို့အတွက် ငြိမ်းချမ်းရေး အမွေအနှစ်

စစ်ပွဲများ၏ စတင်ရာမှာ နိုင်ငံရေးဖြစ်သည်။ နိုင်ငံရေးအရ မပြေလည်သည့်အခါ ဘက်နှစ်ဖက် လက်နက်စွဲကိုင်တိုက်ခိုက်ကြသည်။ စစ်ပွဲဟူသည် အင်အားကို အသုံးပြုကာ တစ်ဖက်ရန်သူကို အနိုင်ရရေးနှင့် မိမိတို့အလိုရှိသည့်အတိုင်း နာခံလာရေးအတွက် အစွမ်းကုန် တိုက်ခိုက်သတ်ဖြတ်ကြခြင်းပင်ဖြစ်သည်။ မိမိတို့နိုင်ငံတွင် ဖြစ်ပွားနေသည့်စစ်ပွဲများ သို့တည်းမဟုတ် လက်နက်ကိုင် ပဋိပက္ခများမှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပြီး ကမ္ဘာပေါ်တွင် အရှည်ကြာဆုံးသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများဟူ၍ပင် ကမ္ပည်းတင်ခဲ့ပြီဖြစ်သည်။ လက်နက်စွဲကိုင် တိုက်ခိုက်ခြင်းအားဖြင့် မိမိတို့၏ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်မှုမရနိုင်သည်ကို အချိန်ကာလများက သက်သေပြခဲ့ပြီဖြစ်ရာ နိုင်ငံရေးကို နိုင်ငံရေးနှင့်ပင် အဖြေရှာကြခြင်းက မှန်ကန်သောလမ်းကြောင်း၊ လက်တွေ့ကျသောလမ်းကြောင်းဖြစ်သလို စစ်ပွဲများကဲ့သို့ နိုင်သူအကုန်ယူကြေးမဟုတ်ဘဲ ညှိနှိုင်းခြင်း၊ အလျှော့ပေးခြင်း၊ လိုက်လျောခြင်း၊ နားလည်မှုပေးခြင်း၊ စိတ်ရှည်သည်းခံခြင်းတို့ကို ဘက်နှစ်ဖက်စလုံးက ကျင့်သုံးပြီး သူ့ဘက်ကိုယ့်ဘက် ရလဒ်ကောင်းတို့ကို အတူရှာဖွေကြရမှာဖြစ်သည်။

"နိုင်ငံရေးအရ စေ့စပ်ညှိနှိုင်းကြသူတွေဟာ မိမိတို့ကိုယ်စားပြုတဲ့ အစုအဖွဲ့တစ်ဖွဲ့တည်းရဲ့ အကျိုးစီးပွားထက် ပြည်ထောင်စုတစ်ခုလုံးရဲ့ အကျိုးစီးပွား၊ တိုင်းရင်းသားပြည်သူအားလုံးရဲ့ အကျိုးစီးပွား၊ အနာဂတ်မျိုးဆက်သစ်တွေရဲ့ အကျိုးစီးပွားကို ရှေးရှုနိုင်ကြဖို့လည်း အရေးကြီးပါတယ်၊ စေ့စပ်ညှိနှိုင်းကြရာမှာ အပေးအယူ၊ အလျှော့အတင်း ဆောင်ရွက်နိုင်တဲ့ ပျော့ပျောင်းသူတွေဖြစ်ဖို့ လိုအပ်သလို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးပန်းတိုင်ကို လျှောက်လှမ်းရာမှာ မဆုတ်မနစ်၊ သတ္တိရှိရှိ ဆောင်ရွက်နိုင်တဲ့ သန္နိဋ္ဌာန်မာကျောသူတွေဖြစ်ဖို့လည်း အင်မတန်လိုအပ်ပါတယ်" ဟူ၍ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က (၁၉) ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးတွင် မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့ရာ နိုင်ငံရေး စေ့စပ်ညှိနှိုင်းမှုတွင် ပါဝင်သူအားလုံး နှလုံးသွင်းနိုင်ကြရန် လိုအပ်သည်ဟု ရှုမြင်မိသည်။

စစ်ပွဲများကို စွန့်ခွာ၍ နိုင်ငံရေးစားပွဲဝိုင်းများတွင် နိုင်ငံရေးပြဿနာများကိုတင်၍ ဆွေးနွေးဖြေရှင်းကြရာတွင် မတူကွဲပြားမှုများ၊ ဆန့်ကျင်ခြားနားမှုများ ရှိနေမည်မှာ သဘာဝပင်ဖြစ်သည်။ သို့ရာတွင် နိုင်ငံရေး စားပွဲဝိုင်းများသည် စေ့စပ်ညှိနှိုင်းသည့် နိုင်ငံရေး ယဉ်ကျေးမှုကျင့်သုံးသည့်နေရာသာဖြစ်သင့်ပြီး တင်းမာမှုများ၊ တရားသေဆုပ်ကိုင်ထားမှုများ၊ မာန်မာနနှင့် ရပ်ခံနေမှုများ မရှိသင့်သည့်နေရာဖြစ်သည်။ ယခုအခါ မိမိတို့အားလုံးသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်းဟူသော ဘုံရည်မှန်းချက် ပန်းတိုင်ကို တညီတညွတ်တည်း လက်ခံထားခဲ့ပြီးဖြစ်သည့်အလျောက် ပြည်တွင်းငြိမ်းချမ်းရေးကို မြန်နိုင်သမျှမြန်အောင် တည်ဆောက်ပြီး ရည်မှန်းချက် ပန်းတိုင်သို့အရောက် ဆက်လက်လျှောက်လှမ်းကြရမှာဖြစ်သည်။

အထူးသဖြင့် ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်အောင် ငြိမ်းချမ်းရေးကို မျှော်လင့်တောင့်တနေကြသော တိုင်းရင်းသားပြည်သူများ၏ ပြင်းပြသောဆန္ဒများ ပြည့်ဝစေရေးအတွက် ဝိုင်းဝန်းဖော်ဆောင်ပေးကြဖို့ပင်ဖြစ်သည်။ အတိတ်ကာလ ဆယ်စုနှစ်များအတွင်း မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် မျှော်လင့်ချက်များ လွင့်ပြယ်ခဲ့ရသည့်အဖြစ်မျိုး အနာဂတ်သို့ ဆက်လက် သယ်ဆောင်မသွားတော့ဘဲ မျိုးဆက်သစ်တို့အတွက် ငြိမ်းချမ်းရေးအမွေအနှစ်ကို ချန်ထားပေးရစ်နိုင်ပါစေကြောင်း။ ။

## တရားမအထူးအယူခံမှု (၆)မှုကို စီရင်ချက်ချမှတ်၊ (၆) မှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဩဂုတ် ၁၇**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြဟန်၊ ဦးမျိုးဝင်း တို့ပါဝင်သည့် အထူးအယူခံ ခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်း အမှတ် (၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု (၆) မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှု (၆) မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရွှေဘိုခရိုင် ဝက်လက်မြို့နယ်ရှိ ဟန်လင်းကမ္ဘာ့အမွေအနှစ်ဒေသနှင့် မုံရွာခရိုင်၊ ချောင်းဦးမြို့နယ် အမြင့်ဒေသတို့ရှိ ရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၇

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယမန်နေ့ နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ဟန်လင်းကမ္ဘာ့ အမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်မှု၊ တူးဖော်ထိန်းသိမ်းထားသော Site museum နှင့် ဟန်လင်းရှေးဟောင်းသုတေသနပြတိုက်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့်အတူ ဟန်လင်းကမ္ဘာ့အမွေအနှစ်ဒေသရှိ ပန်းပဲဝန်မင်းစေတီသို့ရောက်ရှိရာ ကမ္ဘာ့အမွေအနှစ် ဌာနခွဲ၊ ဟန်လင်းဌာနစုတာဝန်ခံ၊ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ခင်က သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များ၊ ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ခဲ့မှုများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရွှေဂူကြီးဘုရားသို့ သွားရောက် ဖူးမြော်ကြည့်ရှုစစ်ဆေးခဲ့သည်။ ယင်းနောက် ၁၉၆၃ ခုနှစ်က တူးဖော်သုတေသနပြုကာ Site museum အဖြစ် ထိန်းသိမ်းပြသထားသည့် ကုန်းအမှတ် ၁၇ နှင့် ၂၀၀၅ ခုနှစ်က တူးဖော်သုတေသနပြု ထိန်းသိမ်းထားသော ကုန်းအမှတ် ၂၆ သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကမ္ဘာ့အမွေအနှစ်ဌာနခွဲ၊ ဟန်လင်းဌာနစု၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးထွန်းထွန်းအေးက တူးဖော်သုတေသန ပြုလုပ်မှုအခြေအနေ၊ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုတို့အား ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ယခုဟန်လင်းဒေသသည် ၂၀၁၄ ခုနှစ်က ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံထားရသည့် အားလျော်စွာ UNESCO ၏ ကမ္ဘာ့အမွေအနှစ်ဒေသများ ထိန်းသိမ်းရာတွင် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း/ စည်းကမ်းများနှင့် ကိုက်ညီစွာ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း၊ လာရောက်လေ့လာ ကြည့်ရှုသူများအတွက် တကူးတက လာရောက်လေ့လာရသည်နှင့် ထိုက်တန်အောင် ဂုဏ်ယူဖွယ်ရာ ကမ္ဘာ့အမွေအနှစ်ပြယုဂ်များကို ဖော်ထုတ်စုဆောင်း ထိန်းသိမ်းပြသထားရန် လိုအပ်ကြောင်း၊ နောင်နှစ်ပေါင်းများစွာ ဆက်လက်တည်တံ့စေရေးအတွက် ထိန်းသိမ်းကြရန်နှင့် သမိုင်းကြောင်း အချက်အလက်များ ပိုမိုခိုင်မာစေရေးအတွက် စူးစမ်းလေ့လာမှုမပြတ် ပြုလုပ်ရန် လိုအပ်ကြောင်း၊ မြေပြင်တူးဖော်သုတေသနပြုချက်များအရ ရရှိလာသည့် အထောက်အထားများနှင့် သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို တိုက်ဆိုင်ကြည့်ရှုကာ ပိုမိုတိကျသည့် မှတ်တမ်းများ ထားရှိသွားရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဟန်လင်းရှေးဟောင်း သုတေသနပြတိုက်သို့ ရောက်ရှိရာ ဦးစီးအရာရှိ ဒေါ်ချယ်ရီသင်းက ပြတိုက်တွင် ကျောက်ခေတ်ကာလမှ စတင်၍ ကြေးခေတ်၊သံခေတ်၊ ပျူခေတ်ကာလ ယဉ်ကျေးမှုအမွေအနှစ်များ ခင်းကျင်းပြသထားရှိမှု အခြေအနေ၊ ဒေသခံများကလည်း ရှေးဟောင်းပစ္စည်းများ တွေ့ရှိစုဆောင်းရမှုများ လာရောက်အပ်နှံလျက်ရှိရာ ဌာနက ဂုဏ်ပြုမှတ်တမ်းတင်၍ ပြတိုက်တွင် ပြသမှုအခြေအနေ၊ ဟန်လင်းပျူမြို့ဟောင်းတွင် ပြင်သစ်နိုင်ငံမှ ရှေးဟောင်းသုတေသနပညာရှင်များနှင့် ပူးပေါင်းသုတေသနပြုချက်အရ လွန်ခဲ့သော နှစ်ပေါင်း (၅၀၀၀) ခန့်ကာလ ကျောက်ခေတ်သစ်မှ စတင်၍ လူနေထိုင်မှုများရှိကာ ကြေးခေတ်၊ သံခေတ်လူနေမှု အကြွင်းအကျန်များ ခိုင်မာစွာတွေ့ရှိခဲ့မှု အခြေအနေ၊ ယင်းကာလမှဆက်လက်၍ ပုဂံခေတ်၊ ကုန်းဘောင်ခေတ်ကာလများအထိ လူနေထိုင်မှုများရှိကာ ယနေ့ကာလအထိ ဟန်လင်းကျေးရွာတွင် ဆက်လက် နေထိုင်ခဲ့ကြသည့် နှစ်ပေါင်းထောင်ချီ တစ်ဆက်တစ်စပ်တည်း လူနေမှုရှိခဲ့သည့် သမိုင်းခေတ်များ ဖော်ထုတ်တွေ့ရှိခဲ့သည့် အခြေအနေနှင့် ဟန်လင်းရှေးဟောင်း သုတေသနပြတိုက်ကို ပိုမိုစုံလင်စွာ ခင်းကျင်းပြသသွားနိုင်ရန်အတွက် ထပ်မံတိုးချဲ့တည်ဆောက်ကာ ပြသသွားမည့် အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။ **(ဝဲပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးခန်းမ၌ ကမ္ဘာ့အမွေအနှစ်ဒေသများ ဌာနခွဲ၊ ဟန်လင်းဌာနစုရှိ အရာထမ်း၊ အမှုထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် အမြင့်ဒေသရှိ ပြည်ထောင်စုရန်ပုံငွေဖြင့် ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ် လက်ရာနံရံဆေးရေး ပန်းချီများ ထိန်းသိမ်းခြင်း ဆောင်ရွက်ခဲ့သည့် မင်းရဲတိုက် ဘုရားစုရှိ ဘုရားအမှတ် အမ – ၁၂၁၊ မင်းအိုချမ်းသာဘုရားစုရှိ ဘုရားအမှတ် အမ – ၁၀၀ တို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဘုရား ရှစ်ဆူအနက် ဘုရားအမှတ် အမ – ၀၅၅၊ ၀၅၆၊ ၀၆၀၊ အလယ်တိုက် ဘုရားစုရှိ ဘုရားအမှတ် အမ–၀၆၁ တို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဟသ်ာတ၌ မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ လိုက်နာရေးအသိပညာပေး

**ဟသ်ာတ ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင် ဟသ်ာတမြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်ဖွဲ့ အမှတ် (၈၄) ရ ယာဉ်ထိန်း ခေတ္တရဲတပ်ဖွဲ့မှူး ရဲအုပ်လှုလှ ခေါင်းဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ယမန်နေ့က ဟသ်ာတမြို့ ဘူတာလမ်းဆုံတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ၂၀၂၀ ပြည့်နှစ် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်အတွက် အသံချဲ့စက်ဖြင့် ဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ ထိုသို့ အသိပညာပေးခြင်းများကို လူစည်ကားရာနေရာများတွင် အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အေးထွန်း (ဟသ်ာတ)**

## မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၁၇**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

# ပြည်သူသာလျှင် အဓိက



(၁၉) ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

❏ *ရွှေဖုံးမှ*

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ဗိုလ်ချုပ် စန်းမြင့်၊ ဗိုလ်ချုပ် စိုးနိုင်ဦးနှင့် ဗိုလ်မှူးချုပ် ရဲရင့်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခွန်မောင်သောင်းနှင့် ဦးပြုံးချို (ခ) ဦးငွေဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေး အဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့မှ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း(CNF)၊ စဝ်စိုင်းငင်း (RCSS)၊ ဦးမျိုးဝင်း (ABSDF)၊ စောမြရာဇာလင်း(ALP)၊ ပဒိုစောတာဒိုမူး(KNU)၊ ခွန်မြင့်ထွန်း(PNLO)၊ စောစိန်ဝင်း (DKBA)၊ စောကျော်ညွန့်(KNU/KNLA PC)၊ နိုင်အောင်မင်း (NMSP)၊ ကျာဆော်လမွန်(LDU)၊ မိဆူးပွင့် (ABSDF)၊ ဆလိုင်းထလာဟေး (CNF)၊ ဒေါက်တာ စိုင်းဦး(RCSS)၊ စောစမစ်ဒွန်း(DKBA)၊ ခိုင်လင်းခိုင် (ALP)နှင့် ပဒိုစောအယ် ကလူစေး (KNU)၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသုဝေ (ဒီမိုကရက်တစ်ပါတီ (မြန်မာ))၊ ဦးနိုင်ငံလင်း (NLD)၊ ဦးမြင့်စိုး(USDP)၊ စိုင်းကျော်ညွန့်(SNLD)၊ တာလှဖေ(တအာင်း(ပလောင်))၊ ဦးသိန်းထွန်း (NUP)၊ ဦးအောင်ကြည်ညွန့် (NLD)၊ ဒေါက်တာ အောင်မြတ်ဦး (USDP)၊ ဦးဦးလှစော(ANP)၊ ခွန်ထွန်းရွှေ (PNLO)၊ ဦးဇမ်ဇမုန် (ဇိုမီးဒီမိုကရေစီပါတီ)၊ ဦးရွှေမင်း (လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက် ရေးပါတီ (ဒူးလေးပါတီ)၊ ဒေါက်တာတူးဂျာ (ကချင်ပြည်နယ်ပြည်သူ့ပါတီ)၊ နိုင်တလညီ(မွန်ညီညွတ်ရေးပါတီ)၊ ဒေါ်ရင်ရင်မေ (ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ)နှင့် စောထွန်းအောင်မြင့် (ကရင်ပြည်သူ့ပါတီ)နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### မိန့်ခွန်းပြောကြား

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ-၅ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက မိမိတို့သည် ကိုဗစ်-၁၉ ကာလတွင် တွေ့ဆုံပြီး ကမ္ဘာကြီးတွင် မည်သို့ကပ်ဆိုက်မှုမျိုးကြုံတွေ့နေပါစေ မိမိတို့တိုင်းပြည်၏ ငြိမ်းချမ်းရေးသည် များစွာအရေးကြီးသည်ဆိုသည့် ခံယူချက်ဖြင့် ယခုအစည်းအဝေးကို ကျင်းပနေရခြင်း ဖြစ်ပါကြောင်း။

### ဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်

မိမိတို့ UPDJC ၏ အဓိကတာဝန်သည် NCA စာချုပ်အရ အကောင်အထည်ဖော်ဆောင်ရွက်နေသော "နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကို ဦးဆောင်လမ်းညွှန်ကြီးကြပ်" ရန် ဖြစ်ပါကြောင်း၊ ယင်း နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်၏ အဓိကဦးတည်ချက်သည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်ဆိုသည့်အချက် ဖြစ်ပါကြောင်း၊ ယင်းဦးတည်ချက်နှင့်အတူ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးအတွက် လိုအပ်နေသော ဒီမိုကရေစီအခြေခံမူများနှင့် ဖက်ဒရယ်အခြေခံမူများ ဖော်ထုတ်ရေးသည် မိမိတို့ UPDJC ၏ တာဝန်ဖြစ်ပါကြောင်း။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ပြီဆိုပါက မိမိတို့ တိုင်းပြည်ကြီး ငြိမ်းချမ်းရေးရရှိမည်ဟု ယုံကြည်ထားပါကြောင်း၊ နှစ်ပေါင်း (၇၀) ကြာပြီဖြစ်သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းစေရမည်ဟု ယုံကြည်ပါကြောင်း၊ သန္နိဋ္ဌာန်လည်းချထားပါကြောင်း၊ သို့သော် ဒီမိုကရေစီနှင့်ဖက်ဒရယ် အခြေခံမူများကိုဖော်ထုတ်ရန် ကြိုးပမ်းရင်း မိမိတို့နိုင်ငံရေးဆွေးနွေးပွဲများသည် တစ်ဆို့မှုများနှင့် ခဏခဏကြုံတွေ့နေရပါကြောင်း။

### ငြိမ်းချမ်းရေး ရစေရမည်ဟု သန္နိဋ္ဌာန်ချ

စိုးရိမ်မှုနှင့် ငြိမ်းချမ်းရေးဆိုသည့် စကားလုံးနှစ်လုံး၏ အားပြိုင်မှုကြားတွင် တစ်ဆို့မှုများကို မကြာခဏ ရင်ဆိုင်နေရပါကြောင်း၊ သို့သော် နောက်ဆုံးသောနေ့တွင် ငြိမ်းချမ်းရေးကသာ အနိုင်ရမည်ဟု ယုံကြည်ပါကြောင်း၊ ငြိမ်းချမ်းရေးသာ အောင်ပွဲခံနိုင်မည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးဖြင့်ပင် စိုးရိမ်မှုကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံးက ငြိမ်းချမ်းရေးရစေရမည်ဟု သန္နိဋ္ဌာန်ချပြီး ဆက်လက်ကြိုးစားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဦးသုဝေက လွန်ခဲ့သည့်နှစ်ရက်က မိမိတို့နိုင်ငံရေးပါတီအစုအဖွဲ့ကို အစိုးရနှင့် EAO မှ တာဝန်ရှိပုဂ္ဂိုလ်များက ထူးခြားသည့် ငြိမ်းချမ်းရေးအခြေအနေများကိုရှင်းပြကြပါကြောင်း၊ ထိုသို့ ရှင်းပြသည့်အတွက် ကျေးဇူးတင်ပါကြောင်းနှင့် အောင်မြင်မှုအတွက် ဝမ်းသာပါကြောင်း။

### စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်ကို မွေးမြူ

မိမိတို့အားလုံးသည် ငြိမ်းချမ်းရေးအတွက် ကိုယ်ကျိုးစွန့်ရန် သန္နိဋ္ဌာန်ချထားသူများဖြစ်ပါကြောင်း၊ အဓိကအနေဖြင့် ငြိမ်းချမ်းရေးရလဒ်ကောင်းရန် အရေးကြီးပါကြောင်း၊ ရလဒ်ကောင်းရန် မိမိတို့အချင်းချင်း စိတ်ဝမ်းမကွဲဘဲ ညီညွတ်ရမည်ဖြစ်ပါကြောင်း၊ ညီညွတ်မှ အောင်မြင်မည်ဖြစ်ပါကြောင်း၊ မိမိတို့သည် ပြည်ထောင်စုငြိမ်းချမ်းရေးရရှိရေး၊ ထာဝရတည်တံ့ခိုင်မြဲရေးနှင့် ဒီမိုကရေစီယဉ်ကျေးမှု ထွန်းကားရေးအတွက် အလွန်ကြီးမားသည့် မျှော်မှန်းချက်ထားရှိသူများဖြစ်သည့်အတွက် စွန့်လွှတ်စွန့်စားသည့် စိတ်ဓာတ်ကို မွေးမြူနိုင်ကြရမည်ဖြစ်ပါကြောင်း၊ စာအုပ်တွင် ရေးသားထားသည့် အစီအစဉ်များသည် ပြည့်စုံသလောက်ရှိပါကြောင်း၊ လက်တွေ့အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးသည် ထူးခြားသည့် EXCEPTIONAL WORK ဖြစ်ပါကြောင်း၊ အားလုံးကိုလည်း ထူးချွန်သူများ (EXCEPTIONAL MEN) ဖြစ်စေလိုပါကြောင်း၊ မိမိတို့ ပြည်ထောင်စုကြီးအတွက် ဂုဏ်ယူကြရန် ပြောကြားလိုပါကြောင်း ပြောကြားသည်။

### ထည့်သွင်းချုပ်ဆိုမည့် သဘောတူညီချက်များ

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက အစည်းအဝေးအစီအစဉ်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပမည့်နေ့ရက်နှင့် ကိုယ်စားလှယ်ဦးရေ သတ်မှတ်အတည်ပြုခြင်း၊ UPDJCအဖွဲ့ဝင် အစားထိုးပြောင်းလဲတာဝန်ပေးအပ်ခြင်း၊ (၉) ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး၌ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)တွင် ထည့်သွင်းချုပ်ဆိုမည့် သဘောတူညီချက်များဖြစ်သည့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်များ၊ ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ (ဇယား-၁)၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူ သဘောတူညီချက်များကို အတည်ပြုခြင်း၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ၏ အပိုင်း(၁) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အကောင်အထည်ဖော်မှုဆိုင်ရာ သဘောတူညီချက် အမှတ် ၈၊ အမှတ် ၁၁ နှင့် အမှတ် ၁၂ (က) နှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ရေးကိစ္စတင်ပြခြင်း၊ ညီလာခံ၌ UPDJC နှင့် JMCအစီရင်ခံစာများ တင်သွင်းရေးကိစ္စဆွေးနွေးအတည်ပြုခြင်း၊ ညီလာခံရက်အလိုက်အစီအစဉ်နှင့် ကျင်းပမည့်ပုံစံ၊ ညီလာခံပထမနေ့အစီအစဉ်၊ ညီလာခံသဘာပတိများကိစ္စ၊ ညီလာခံတွင် လုပ်ငန်းတာဝန် ခွဲဝေမှုနှင့် ညီလာခံကိုယ်စားလှယ်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ ရှင်းလင်းတင်ပြခြင်းနှင့် အထွေထွေကိစ္စရပ်များ ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

### ငြိမ်းချမ်းရေးအတွက် အားတက်ရ

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဦးသုဝေက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ UPDJC အစည်းအဝေးသည် အေးအေးဆေးဆေး၊ ငြိမ်ငြိမ်သက်သက်ဖြင့် အားရစရာ၊ ဝမ်းသာစရာကောင်းသည်ဟု ပြောလိုပါကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ကြားသွားသည်များကို ခြုံပြီးကြည့်ပါက မိမိတို့ တောင့်တမျှော်လင့်နေကြသည့် ငြိမ်းချမ်းရေးအတွက် အားတက်ရပါကြောင်း၊ မိမိတို့ တည်ထောင်မည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးအတွက်လည်း စိတ်ချပြီး ဝမ်းမြောက်ပါကြောင်း၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း ပြောကြားသည်များကို ခြုံကြည့်လိုက်မည်ဆိုပါက ပြည်ထောင်စုကြီးအတွက်၊ တိုင်းရင်းသားပြည်သူများအတွက် အကြံဉာဏ်ကောင်းများ ပါသည့်အတွက် ပြည့်စုံသည်ဟု ဆိုချင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ကလည်း အများပြည်သူကိုယ်စား ငြိမ်းချမ်းရေးသတင်းကောင်းများ ကြားရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း။ *စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

### ငြိမ်းချမ်းရေးဆုလာဘ်ကို မျှော်လင့်


ယခုကဲ့သို့ ၂၁ ရာစု ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြီး ကျင်းပနိုင်မည်ဖြစ်သည့်အတွက် များစွာ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားများ အနေဖြင့် ငြိမ်းချမ်းရေးဆုလာဘ်ကို မျှော်လင့်စောင့်စား နေကြသည်မှာ ကြာမြင့်ပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ က ဦးဆောင်ပြီး သက်ဆိုင်သူများအနေဖြင့် ငြိမ်းချမ်းရေး ရရှိအောင် စွမ်းအားရှိသမျှ ကြိုးပမ်းအားထုတ်လျက်ရှိပါ ကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ပန်းတိုင်သို့ ရည်မှန်းပြီး အရောက်လှမ်းနေကြပါကြောင်း၊ ယခုဆိုလျှင် ညီလာခံစခန်းကို ရောက်ရှိလာပြီဖြစ်၍ ပန်းတိုင်နှင့် နီးကပ်လာပြီ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးအောင်လံကို ဆွတ်ခူးနိုင်ရန် ညီလာခံကိုယ်စား လှယ်များလည်း ပူးပေါင်းပါဝင်အားထုတ်ကြမည် ဖြစ်ပါ ကြောင်း၊ ယခုကာလတွင် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းသည် အလွန်ခက်ခဲသည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေသူများအနေဖြင့် အမှန်တကယ် ကြိုးစား လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ စိတ်ရှည်၊ သည်းခံရမည် ဖြစ်ပါကြောင်း၊ မှန်တာလုပ်သည်၊ ကောင်းတာလုပ်သည် ဆိုရုံဖြင့် မလုံလောက်ပါကြောင်း၊ ကောင်းရန်၊ မှန်ရန် လိုအပ်သကဲ့သို့ အများကလည်း လက်ခံသဘောတူရန် လိုအပ်ပါကြောင်း၊ ရိုးသားဖြောင့်မတ်ပြီး ရှင်းရှင်းလင်းလင်း နားလည် အောင် ပြောတတ်သည့် အရည်အချင်းရှိရန်လည်း လိုအပ်ပါကြောင်း၊ အားလုံးအတွက် ငြိမ်းချမ်းရေးကို အဟန့်အတားမဖြစ်စေဘဲ ငြိမ်းချမ်းရေးအကျိုးဖြစ်ထွန်း အောင် မိမိတို့အားလုံး ညီညီညွတ်ညွတ်ဖြင့် ငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်နိုင်ကြပါစေဟု ပြောကြားသည်။

### နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်း

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-UPDJC ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်း လျန်မှုန်းဆာခေါင်းက ယနေ့ကျင်းပသည့် အစည်းအဝေး သည် အောင်မြင်သည့် အစည်းအဝေးဖြစ်ပါကြောင်း၊ ဆုံးဖြတ်ချက် ၉ ချက်နှင့် မှတ်တမ်းတင်ခြင်း ၁ ခုကို လုပ်နိုင် ခဲ့ပါကြောင်း၊ ထို့ပြင် ယခုကဲ့သို့ အောင်မြင်အောင် ဆောင်ရွက်ပေးကြသည့် JICM ခေါင်းဆောင်ကြီးများနှင့် JICM အလုပ်အဖွဲ့ကိုလည်း မှတ်တမ်းတင်သည့်အကြောင်း ကို ထပ်လောင်းပြောကြားလိုပါကြောင်း၊ ၂၀၁၁ ခုနှစ်တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိမိတို့ကို ငြိမ်းချမ်းရေး ဖိတ်ခေါ် ကမ်းလှမ်းခဲ့ပါကြောင်း၊ အဖွဲ့အသီးသီးမှ သီးခြား ညီလာခံများ၊ ဆွေးနွေးမှုများပြုလုပ်ပြီး လက်ခံသင့်သည်ဟု ဆုံးဖြတ်ချက်ချခဲ့ပါကြောင်း၊ မိမိတို့ ချင်းအမျိုးသားတပ်ဦးမှ လည်း ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် ယခုငြိမ်းချမ်းရေး ဆွေးနွေးပွဲ၌ ပါဝင်ရန် အစီအစဉ်ရှိသည့်အတွက် ယခု ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်လာခြင်းဖြစ်ပါကြောင်း၊ မိမိအနေဖြင့် တစ်ခါမျှ လက်နက်မကိုင်ခဲ့ဖူးပါကြောင်း၊ ပွင့်ပွင့်လင်းလင်းပြောရမည်ဆိုပါက လက်နက်ကိုင်လမ်းစဉ် ထက် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန် ပိုမိုလိုလားပါကြောင်း၊ မိမိတို့နိုင်ငံ၏ ပြဿနာကို စစ်မြေပြင်တွင် မဖြေရှင်းဘဲ ယခုကဲ့သို့ မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးပြီး အဖြေရှာခြင်းသည် အကောင်းဆုံး ဖြစ်ပါကြောင်း။

### ဝိုင်းဝန်းပြီးလုပ်ဆောင်

မိမိတို့ JICM အစည်းအဝေး၌ နိုင်ငံတော်၏အတိုင် ပင်ခံပုဂ္ဂိုလ် ပြောကြားသည့် မိန့်ခွန်းတွင် စေတနာမှန်ရမည်၊ ဉာဏ်ပညာရှိမည်၊ သတ္တိလည်းရှိရမည်ဆိုသည့် စကားပါ ပါကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံး စေတနာမှန်မှန်ဖြင့် ပြည်ထောင်စုကြီးငြိမ်းချမ်းရန်အတွက် ဆက်လက် ဝိုင်းဝန်းပြီး လုပ်ဆောင်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-UPDJC ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဦးသုဝေ

### တညီတညွတ်တည်း သဘောတူဆုံးဖြတ်

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ တင်မျိုး ဝင်းက ယနေ့ UPDJC အစည်းအဝေးတွင် ဆုံးဖြတ်ချက် ပေါင်း (၉)ချက်ကို တညီတညွတ်တည်း သဘောတူဆုံးဖြတ် နိုင်ခဲ့ပါကြောင်း၊ ယင်းဆုံးဖြတ်ချက်များသည် လာမည့် ဩဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိကျင်းပမည့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဓိကတာဝန် ယူရ သည့် UPDJC ၏ သန္နိဋ္ဌာန်ကို ဖော်ပြနေသည်ဟု ဆိုနိုင် ပါကြောင်း။

### နိုင်ငံရေးဆွေးနွေးပွဲများသည် အထူးပင်အရေးကြီး

ပထမဆုံးအချက်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံရေးဆွေးနွေးပွဲများ ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၌ အရေးတကြီးလိုအပ်နေသည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်၊ ငြိမ်းချမ်းရေးရရှိရန် နှင့် အမျိုးသားပြန်လည်ရင်ကြားစေ့နိုင်ရန် UPDJC က ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေးဆွေးနွေးပွဲများသည် အထူးပင် အရေးကြီးလှပါကြောင်း၊ UPDJC သည် အစုအဖွဲ့ (၃)ဖွဲ့ အညီအမျှ ပါဝင်ဖွဲ့စည်းထားသည့် သုံးပွင့်ဆိုင် ကော်မတီဖြစ်ပါကြောင်း၊ အစုအဖွဲ့ တစ်ဖွဲ့ချင်း၏ အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ထွက်ပေါ်လာသည့် အစည်းအဝေးဆုံးဖြတ်ချက် ရလဒ်များ က ဖော်ပြနေပါကြောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် အထိ မိမိတို့ UPDJC အဖွဲ့ဝင်များသည် ဆွေးနွေးပွဲတွင် ငြင်းခုံသော်လည်း တစ်ဦးနှင့်တစ်ဦး အခင်အမင်မပျက်၊ ရင်းနှီးမှုမပျက် လုပ်ဖော်ကိုင်ဖက်များ ငြိမ်းချမ်းရေး ဖော်ဆောင်သူများအနေဖြင့် နားလည်မှုရှိရှိ ဆောင်ရွက်နိုင် ကြသည့်အနေအထားကို ရောက်ရှိနေပြီဖြစ်ပါကြောင်း။

### ယုံကြည်မှုများတိုးတက်မြင့်မားလာ

မိမိတို့နိုင်ငံ၏ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး နှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် UPDJC အနေဖြင့် ရှေ့ကိုဆက်ပြီး ကြိုးပမ်းဆောင်ရွက်ကြရဦးမည်ဖြစ်ပါ ကြောင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခရှည်ကြာခဲ့ သည်နှင့်အမျှ သဘောထားကွဲလွဲမှုများ ပိုမိုမြင့်မားလာပြီး နိုင်ငံရေးအရ စေ့စပ်ညှိနှိုင်းဆွေးနွေးရန် ပိုမိုခက်ခဲလာ တတ်ကြပါကြောင်း၊ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးညှိနှိုင်း နိုင်သည့် အခွင့်အရေးများ ပိုမိုလမ်းပွင့်လာသည်နှင့်အမျှ ပစ်ခတ်တိုက်ခိုက်မှုများ လျော့နည်းကျဆင်းသွားလေ့ရှိပါ ကြောင်း၊ ထို့ကြောင့် မိမိတို့ UPDJC၏ ဆွေးနွေးညှိနှိုင်းမှုများ တွင် ရလဒ်ကောင်းများ တိုးတက်မှုရှိလာလျှင် နိုင်ငံရေး ဆွေးနွေးပွဲများအပေါ် ယုံကြည်မှုများတိုးတက်မြင့်မားလာ မည်ဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံရေးစားပွဲဝိုင်း ဆီသို့ ရောက်မလာနိုင်သေးသည့် ကျန်ရစ်နေ သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေ ဖြင့်လည်း နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်ရေး ကို ပိုမိုစိတ်ဝင်စားလာနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ UPDJC၏ အခန်းကဏ္ဍသည် အထူးပင် အရေးကြီး သကဲ့သို့ ထမ်းဆောင်ရမည့် တာဝန်လည်း ကြီးလေးပါ ကြောင်း။

### ဆွေးနွေးပွဲ စားပွဲဝိုင်းများတွင် ပါဝင်နေ

ဒုတိယအချက်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ မိမိတို့ ကြိုးပမ်းဆောင်ရွက်နေသည့် အမျိုးသားပြန်လည် ရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖြစ်ပါကြောင်း၊ မိမိတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးတစ်ခုတည်းမဟုတ်သကဲ့သို့ ငြိမ်းချမ်းရေးတစ်ခုတည်းအတွက်လည်း မဟုတ်ပါကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်ရေး (Peace Building)၊ နိုင်ငံ တည်ဆောက်ရေး (State Building)နှင့် ပြည်ထောင်စု တည်ဆောက်ရေး (Nation Building) လုပ်ငန်းစဉ်များ ပါဝင်စုစည်းနေသည့် ရေရှည်သဘောဆောင်သော လုပ်ငန်း စဉ်ဖြစ်ပါကြောင်း၊ မိမိတို့ယနေ့ကြိုးပမ်းဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ရလဒ်သုညလုပ်ငန်းစဉ် မဟုတ်ပါကြောင်း၊ ဆွေးနွေးပွဲစားပွဲဝိုင်းများတွင် ပါဝင်နေ သော အစုအဖွဲ့များအတွက် သက်သက်မဟုတ်ပါကြောင်း၊ ထို့ပြင် လက်နက်ကိုင်ပဋိပက္ခများတွင် ပါဝင်နေကြသူများ အတွက်လည်း မဟုတ်ပါကြောင်း။

### အကောင်းမွန်ဆုံး ဖြေရှင်းချက်များရရှိလာ

ယနေ့ ကြိုးပမ်းဆောင်ရွက်နေသည့် Peace Process သည် ပါဝင်သူအားလုံးအတွက်သာမက ပြည်ထောင်စုတစ်ခုလုံးအတွက်ပါ မျှော်မှန်းဆောင်ရွက် နေကြခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံရေးအရ အဖြေရှာဖွေကြရာ တွင်လည်း သက်ဆိုင်သူများအတွက် သာမက ပြည်ထောင်စုတစ်ခုလုံးနှင့် သက်ဆိုင်သည့် နိုင်ငံရေး ပြဿနာများကို အကောင်းမွန်ဆုံး ဖြေရှင်းချက်များ ရရှိလာ အောင် ဆွေးနွေးညှိနှိုင်းကြရခြင်း ဖြစ်ပါကြောင်း၊ ယနေ့ အထိ ဖြစ်ပွားနေသည့်လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေး အတွက်လည်း ထည့်သွင်းစဉ်းစားပြီး ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်နေကြရသည်မှာလည်း ထူးခြားချက်ဟု ဆိုနိုင်ပါကြောင်း။

### အစိတ်အပိုင်း (၃)ကို ချုပ်ဆိုနိုင်တော့မည်

UPDJC ၏အလုပ်အဖွဲ့ ဖြစ်သည့် အတွင်းရေးမှူးများ သည် UPDJC က ဆုံးဖြတ်နိုင်ရန်အတွက် ထိထိရောက် ရောက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြခြင်းဖြစ်ပါကြောင်း၊ UPDJC အဖွဲ့ဝင်များအနေဖြင့် ၂၀၁၆ ခုနှစ်မှစတင်၍ UPDJC အစည်းအဝေး (၁၄) ကြိမ် ကျင်းပခဲ့ပြီး ဖြစ်ပါ ကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစု ပင်လုံကို (၄) ကြိမ်အထိ ကျင်းပနိုင်တော့မည် ဖြစ်ပါ ကြောင်း၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁) နှင့်(၂)တွင် အခြေခံမူ (၅၁)ချက်အထိ ချမှတ်နိုင်ခဲ့ပြီး လာမည့်စတုတ္ထအစည်းအဝေးတွင်ပြည်ထောင်စုသဘောတူ စာချုပ် အစိတ်အပိုင်း (၃)ကို ချုပ်ဆိုနိုင်တော့မည် ဖြစ်ပါ ကြောင်း၊ ယနေ့ UPDJC အစည်းအဝေး၌ သဘောတူခဲ့ကြ သည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃ ) တွင် NCA အကောင်အထည် ဖော်မှုဆိုင်ရာ မူဘောင်သဘော တူညီချက် (၁၅)ချက်၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူ(၅)ချက် အပြင် ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်နှင့် အဆင့်လိုက်အကောင်အထည်ဖော်မှုဆိုင်ရာ ဇယားတစ်ခု တို့ပါဝင်လာမည်ဖြစ်ပါကြောင်း၊ ၂၀၂၀ ရွေးကောက်ပွဲအလွန် တွင် မည်သည့်အစိုးရ တက်လာသည်ဖြစ်စေ အဆင်သင့် ဖော်ဆောင်သွားနိုင်မည့် အဆင့်လိုက်လုပ်ငန်းစဉ်တစ်ရပ် ပေါ်ထွက်လာခြင်းသည် မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးအတွက် ထူးခြားလေးနက်သည့်မှတ်တိုင်တစ်ခုအဖြစ် တည်ရှိနေ တော့မည် ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုအတွက် ယခုကဲ့သို့ ထူးခြားလေးနက်သည့်ရလဒ်ကောင်းများ ထွက်ပေါ်လာ အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများ၊ အစုအဖွဲ့အသီး သီးမှခေါင်းဆောင်များ၊ UPDJC အဖွဲ့ဝင်များနှင့်အလုပ် အဖွဲ့မှ အတွင်းရေးမှူးများအားလုံးကို ကျေးဇူးအထူးတင် ရှိကြောင်းကို အလေးအနက် ပြောကြားလိုပါကြောင်း၊ UPDJC အဖွဲ့ဝင်များအားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာ စွာဖြင့် ရှေ့ဆက်မည့်ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးခရီးတွင် တက်ညီလက်ညီပူးပေါင်းပါဝင် ဆောင်ရွက်ပေးနိုင်ကြရန် အလေးအနက်ဆန္ဒပြုလိုက်ပါ ကြောင်း ပြောကြားသည်။

### ဆုတံဆိပ်နှင့်ဂုဏ်ပြု မှတ်တမ်းလွှာများပေးအပ်

ယနေ့ အစည်းအဝေးမစတင်မီတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည်က ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အချိန်ကာလ အတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲ ကော်မတီ- (UPDJC) တွင် ငြိမ်းချမ်းရေးဦးဆောင်တစ်ဦး အဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့် ဆွေနှင့် ဒေါက်တာတင်မျိုးဝင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဒေါက်တာဝင်းမြတ်အေးနှင့် နိုင်သက်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခွန် မောင်သောင်းနှင့် ဦးပြုံးချို (ခ) ဦးငွေဝင်းအောင်၊ ကာကွယ် ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်စန်းမြင့်၊ ဗိုလ်ချုပ် စိုးနိုင်ဦး၊ ဗိုလ်မှူးချုပ်ရဲရင့်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့မှ ဒေါက်တာဆလိုင်း လျန်မှုန်းဆာခေါင်း၊ စဝ်စိုင်း ငင်း၊ ဦးမျိုးဝင်း၊ စောမြရာဇာလင်း၊ ပဒိုစောတာဒိုမူး၊ ခွန်မြင့် ထွန်း၊ စောစိန်ဝင်း၊ စောကျော်ညွန့်၊ နိုင်အောင်မင်း၊ ကျာဆော်လမွန်၊ မိဆူးပွင့်၊ ဆလိုင်းထလာဟေး၊ ဒေါက်တာ စိုင်းဦး၊ ပဒိုမန်းငြိမ်းမောင်၊ စောစမ်စံဒွန်း၊ ခိုင်လင်းခိုင်နှင့် နိုင်အောင်မငေး၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ဦးသုဝေ၊ ဦးနိုင်ငံလင်း၊ ဦးမြင့်စိုး၊ စိုင်းကျော်ညွန့်၊ တာလှဖေ၊ ဦးသိန်း ထွန်း၊ ဦးအောင်ကြည်ညွန့်၊ ဒေါက်တာအောင်မြတ်ဦး၊ ဦးဦးလှစော၊ ခွန်ထွန်းရွှေ၊ ဦးဇမ်ဇမုန်၊ ဦးရွှေမင်း၊ ဒေါက်တာ တူးဂျာ၊ နိုင်တလညီ၊ ဒေါ်ရင်ရင်မေနှင့် စောထွန်းအောင် မြင့်တို့အား ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ် ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နိုင်ငံရေးဆိုင်ရာစေ့စပ်ညှိနှိုင်းမှု ဆောင်ရွက်ချက်များအရ ငြိမ်းချမ်းရေးဖော်ဆောင်သူများ ဆုတံဆိပ်နှင့် ဂုဏ်ပြု မှတ်တမ်းလွှာများကို လက်ရောက်ပေးအပ်ကြောင်း အခမ်း အနားမှူးများက ကြေညာခဲ့သည်။

**သတင်းစဉ်**

## ဂန့်ဂေါမြို့နယ် ကျေးရွာ သုံးရွာအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းရန်ပုံငွေပေးအပ်

**ဂန့်ဂေါ ဩဂုတ် ၁၇**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုသည် တိုင်းဒေသကြီး ဝန်ကြီး ဦးမြင့်ဇော်၊ ဂန့်ဂေါမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်အေးတို့နှင့်အတူ ယမန်နေ့က ဂန့်ဂေါမြို့နယ် ကျေးရွာသုံးရွာအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းရန်ပုံငွေ ပေးအပ်သည်။ (ယာပုံ)

### ထောက်ပံ့ပေးအပ်

ထိုသို့ ပေးအပ်ရာတွင် ချောင်းနက်ကျေးရွာ အဝင်လမ်းပေါ်တွင် ကျောက်စီရေပြွန် တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းအတွက် ငွေကျပ် ၃၆ သိန်း၊ မောလယ်ကျေးရွာတွင် ချောင်းသဲကြမ်းခင်းခြင်းလုပ်ငန်းအတွက် ငွေကျပ် ၅၄ သိန်း၊ ဖက်ဝန်းကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအတွက် ငွေကျပ် သိန်း ၆၀ တို့ကို ကျေးရွာမှ တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခြင်း ဖြစ်ကြောင်း သိရသည်။

**ထင်အောင်နိုင်(ဂန့်ဂေါ)**



### မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဩဂုတ် ၁၇

ကျောက်တော်မြို့တွင် ၃ ဒသမ ၄၃ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၁၀ လက်မ၊ တောင်ကုတ်မြို့တွင် ၁ ဒသမ ၉၇ လက်မ၊ အမ်းမြို့နှင့် ပေါင်မြို့တို့တွင် ၁ ဒသမ ၈၈လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## (၁၉)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)အစည်းအဝေးတွင် ပြောကြားသည့်မိန့်ခွန်း

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၇ ရက်)

ကျွန်မတို့ ဒီအစည်းအဝေးကို တက်ရောက်လာတဲ့ ညှိသည်တော်များ အားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်၊ ကျန်းမာချမ်းသာပါစေကြောင်း မေတ္တာပို့သပါတယ်။

ကျွန်မတို့အစိုးရကို ပြည်သူလူထုက နိုင်ငံတော်ရဲ့တာဝန်ကို ယုံကြည်စွာအပ်နှင်းလိုက်ချိန်ကစပြီး အမျိုးသားပြန်လည် ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးကို ဦးစားပေးသတ်မှတ်ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်မတို့ UPDJC အဖွဲ့ဝင်တွေဟာ အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီးတော့ ကျွန်မတို့ရဲ့ နိုင်ငံရေးပြဿနာတွေကို အဖြေရှာပေးနိုင်ဖို့အတွက် နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာမူဘောင် (Framework for Political Dialogue) ကို ပြင်ဆင်ရေးဆွဲပြီး နိုင်ငံရေးဆွေးနွေးပွဲအဆင့်ဆင့်ကို ကျင်းပခဲ့ပါတယ်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) က ပြင်ဆင်၊ ပြောင်းလဲ၊ ဖြည့်စွက်လို့မရနိုင်ပေမယ့် NCA အရ ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပရေးအတွက် ရေးဆွဲထားတဲ့ နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာမူဘောင်ကိုတော့ ပြောင်းလွယ်၊ ပြင်လွယ်ရှိတာနဲ့အညီ လက်တွေ့အခြေအနေတွေကိုအခြေခံပြီး ပြင်ဆင်မှုတွေ ပြုလုပ်ခဲ့ကြရတာပဲ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေးမှာ ပထမဆုံးပြောကြားလိုတဲ့ အချက်ကတော့ ကျွန်မတို့ UPDJC ရဲ့ အခန်းကဏ္ဍပဲ ဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်ကို ဦးဆောင်ကြီးကြပ်လမ်းညွှန်ဖို့ တာဝန်ယူခဲ့ရတဲ့ ကျွန်မတို့ရဲ့ UPDJC ဟာ သမိုင်းနဲ့ယှဉ်ပြီး ကြီးလေးတဲ့တာဝန်ကြီးတွေကို ထမ်းဆောင်နေကြရတာ ဖြစ်ပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေကို အဓိက တာဝန်ယူရတယ်ဆိုပေမယ့် နိုင်ငံရေးပြဿနာတွေနဲ့အတူ ဖြစ်ပွားလာခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကိုလည်း ထည့်သွင်းစဉ်းစားရတာ ဖြစ်ပါတယ်။ UPDJC က တာဝန်ယူရတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေ အောင်မြင်ရေးဟာ UPDJC မှာ ပါဝင်နေတဲ့ အစုအဖွဲ့ခေါင်းဆောင်တွေ၊ ကိုယ်စားလှယ်တွေပေါ်မှာ အများကြီး မူတည်နေပါတယ်။ စေ့စပ်ညှိနှိုင်းရတဲ့ နိုင်ငံရေးစားပွဲဝိုင်းကို ရောက်လာရင် စေ့စပ်ညှိနှိုင်းမှုတွေ အမှန်တကယ်လုပ်နိုင်ဖို့က လိုပါတယ်။ ကိုယ့်ရပ်တည်ချက်၊ ကိုယ့်မူဝါဒကိုပဲ တင်းတင်းမာမာဆုပ်ကိုင်ထားပြီး အပေးအယူ၊ အလျှော့အတင်းတစ်စုံတစ်ရာမှ လုပ်ကိုင်နိုင်စွမ်းမရှိဘူးဆိုရင် UPDJC ရဲ့ အနှစ်သာရဟာလည်း အချည်းနှီးပဲဖြစ်နေမှာ သေချာပါတယ်။ မတူညီတဲ့ အစုအဖွဲ့တွေကို ကိုယ်စားပြုကြရသူတွေဖြစ်ကြတဲ့အတွက် မတူညီတဲ့ သဘောထားတွေ၊ ကွဲပြားတဲ့ရှုမြင်ချက်တွေ၊ ခြားနားတဲ့ မျှော်မှန်းချက်တွေ ရှိနေကြတာကတော့ သဘာဝပါပဲ။ ဒါ့ကြောင့်လည်းပဲ နိုင်ငံရေးသဘောထား ကွဲပြားမှုတွေကနေ လက်နက်ကိုင်ပဋိပက္ခတွေအထိ အဆိုးသံသရာ ရှည်ကြာခဲ့ရတာ ဖြစ်ပါတယ်။

**“ အဓိကအချက်ကတော့နိုင်ငံရေးအရ စေ့စပ်ညှိနှိုင်းကြသူတွေဟာ မိမိတို့ကိုယ်စားပြုတဲ့ အစုအဖွဲ့တစ်ဖွဲ့တည်းရဲ့ အကျိုးစီးပွားထက် ပြည်ထောင်စုတစ်ခုလုံးရဲ့ အကျိုးစီးပွား၊ တိုင်းရင်းသားပြည်သူအားလုံးရဲ့ အကျိုးစီးပွား၊ အနာဂတ်မျိုးဆက်သစ်တွေရဲ့ အကျိုးစီးပွားကို ရှေးရှုနိုင်ကြဖို့လည်း အရေးကြီးပါတယ်။ စေ့စပ်ညှိနှိုင်းကြရာမှာ အပေးအယူ၊ အလျှော့အတင်း ဆောင်ရွက်နိုင်တဲ့ ပျော့ပျောင်းသူတွေဖြစ်ဖို့ လိုအပ်သလို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ပန်းတိုင်ကို လျှောက်လှမ်းရာမှာ မဆုတ်မနစ်၊ သတ္တိရှိရှိ ဆောင်ရွက်နိုင်တဲ့ သန္နိဋ္ဌာန်မာကျောသူတွေဖြစ်ဖို့လည်း အင်မတန်လိုအပ်ပါတယ်”**



ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၉)ကြိမ်မြောက် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)အစည်းအဝေးတွင် မိန့်ခွန်း ပြောကြားစဉ်။ သတင်းစဉ်

**တစ်ဦးနဲ့တစ်ဦး နားလည်နိုင်ဖို့၊ ယုံကြည်နိုင်ဖို့ ဆိုရင် ကာလရှည်ကြာတည်ဆောက်ခဲ့တဲ့ ခံစားချက်တွေကို မျှဝေပေးနိုင်ဖို့အထူးပဲအရေးကြီးပါတယ်။ ခံစားချက်တွေကို မျှဝေနားလည်မှုပေးနိုင်မှ ရင်ထဲမှာ အမြစ်တွယ်နေတဲ့ ပြဿနာတွေကို အမှန်အတိုင်း၊ အရှိအတိုင်း နားလည်သိမြင်ပြီး သဘောပေါက်လာနိုင်မှာပါ။**

နှစ်ပေါင်းခုနစ်ဆယ်ကျော် ရှည်ကြာခဲ့တဲ့ နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းကြရာမှာ စိတ်ရှည်မှု၊ သည်းခံမှု၊ အပြန်အလှန်နားလည်မှုတွေ အရင်းခံပြီး ဆွေးနွေးညှိနှိုင်းနိုင်ကြဖို့ အရေးကြီးပါတယ်။ နှစ်ပေါင်းများစွာ နိုင်ငံရေး သဘောထားကွဲပြားမှုတွေနဲ့အတူ သံသယတွေ၊ မယုံကြည်နိုင်မှုတွေ၊ နာကျင်မှုတွေ အမြစ်တွယ်နေခဲ့တာတွေကိုလည်း နှလုံးသားနဲ့ မျှဝေပြီး နားလည် သိမြင်ခံစားနိုင်ကြဖို့လည်း အရေးကြီးပါတယ်။ အဓိကအချက်ကတော့ နိုင်ငံရေး အရ စေ့စပ်ညှိနှိုင်းကြသူတွေဟာ မိမိတို့ကိုယ်စားပြုတဲ့ အစုအဖွဲ့တစ်ဖွဲ့တည်းရဲ့ အကျိုးစီးပွားထက် ပြည်ထောင်စုတစ်ခုလုံးရဲ့ အကျိုးစီးပွား၊ တိုင်းရင်းသား ပြည်သူအားလုံးရဲ့ အကျိုးစီးပွား၊ အနာဂတ် မျိုးဆက်သစ်တွေရဲ့ အကျိုး စီးပွားကို ရှေးရှုနိုင်ကြဖို့လည်း အရေးကြီးပါတယ်။ စေ့စပ်ညှိနှိုင်းကြရာမှာ အပေးအယူ၊ အလျှော့အတင်း ဆောင်ရွက်နိုင်တဲ့ ပျော့ပျောင်းသူတွေဖြစ်ဖို့ လိုအပ်သလို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးပန်းတိုင်ကို လျှောက်လှမ်းရာမှာ မဆုတ်မနစ်၊ သတ္တိရှိရှိ ဆောင်ရွက်နိုင်တဲ့ သန္နိဋ္ဌာန် မာကျောသူတွေဖြစ်ဖို့လည်း အင်မတန် လိုအပ်ပါတယ်။

**နိုင်ငံဖွံ့ဖြိုးရေးနဲ့ နိုင်ငံတည်ဆောက်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးနဲ့ ဖက်ဒရယ်တည်ဆောက်ရေး နောက်ဆုံး ပြည်ထောင်စုတိုင်းရင်းသားပြည်သူအားလုံးရဲ့ အနှစ်နှစ်အလလ မျှော်လင့်ခဲ့ကြတဲ့ ပြည်ထောင်စုကြီးဖြစ်ပေါ်လာရေးအတွက် စတင်လျှောက်လှမ်းနိုင်မယ့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို နည်းလမ်းရှာပြီး ပုံဖော်ပေးထားတာကတော့ (၂၁) ရာစုပင်လုံ၊ စတုတ္ထအစည်းအဝေးမှာ ကျွန်မတို့ ချုပ်ဆိုမယ့် ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း (၃)ပဲ ဖြစ်ပါတယ်**

ဒုတိယအချက်အနေနဲ့ ပြောကြားလိုတာကတော့ ကျွန်မတို့ ပြည်ထောင်စုရဲ့ ပန်းတိုင်ပဲ ဖြစ်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ထောင်နိုင်မှ ငြိမ်းချမ်းရေးရနိုင်မယ်ဆိုတာကို ကျွန်မတို့အဖွဲ့ချုပ်အနေနဲ့ အရင်ကတည်းက ပြောထားခဲ့ပြီး ဖြစ်ပါတယ်။ ဒီကနေ့ နိုင်ငံရေးမျက်နှာစာမှာ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုတာဟာ အားလုံးလက်ခံတဲ့ ပြည်ထောင်စုရဲ့ ပန်းတိုင်ဖြစ်လာခဲ့ပါပြီ။ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဆိုတာဟာ ရေရှည်လျှောက်လှမ်းသွားရမယ့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သလို ဖက်ဒရယ်တည်ဆောက်ရေးဆိုတာဟာလည်း ရေရှည်ဖော်ဆောင်သွားရမည့် လုပ်ငန်းစဉ်ပဲ ဖြစ်ပါတယ်။ မျိုးဆက်အဆင့်ဆင့် လက်ဆင့်ကမ်းသယ်ဆောင်ပြီး တည်ဆောက်သွားကြရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်မတို့ရဲ့ ပြည်ထောင်စု တည်ဆောက်ရေးဟာ ငြိမ်းချမ်းရေး တည်ဆောက်ရေးကို အခြေခံမှ အဆင်ပြေမယ့် ပကတိအခြေအနေမှန်တွေကလည်း ရှိနေပါသေးတယ်။

ဒီနေရာမှာ ဘယ်လို ဒီမိုကရေစီမျိုး၊ ဘယ်လိုဖက်ဒရယ်မျိုးဆိုပြီး နမူနာတွေ၊ ဝေါဟာရတွေနဲ့ အငြင်းပွားနေကြတာတွေနဲ့ ပတ်သက်ပြီးလည်း ကျွန်မအနေနဲ့ ထောက်ပြလိုတာတစ်ခု ရှိပါတယ်။ ဝေါဟာရတွေ၊ စကားရပ် အခေါ်အဝေါ်တွေအပေါ်မှာ အငြင်းပွားနေတဲ့ အခက်အခဲတွေရဲ့ အရင်းခံ ဇာစ်မြစ်ဟာ ယုံကြည်မှုတည်ဆောက်ရေးပြဿနာပဲ ဖြစ်ပါတယ်။ နိုင်ငံရေးအရ ကြုံတွေ့ရတဲ့ ပြဿနာမဟုတ်ဘဲ၊ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုအရ ကြုံတွေ့ရတဲ့ ပြဿနာတွေလို့ ဆိုနိုင်ပါတယ်။ နောက်ကြောင်းပြန်ကြည့် လိုက်ရင်လည်း ဆန့်ကျင်ဘက်အစုအဖွဲ့တွေကြားမှာ နှစ်ပေါင်း ခုနစ်ဆယ် ကျော် ဖုံးလွှမ်းပိတ်လှောင်ထားခဲ့ကြတဲ့ သံသယတွေ၊ မယုံကြည်မှုတွေ၊ သဘောထားကွဲပြားမှုတွေကို လျှော့ချနိုင်ပြီး ယုံကြည်မှုတည်ဆောက်ရေးကို အများကြီးလုပ်ကြရဦးမှာ ဖြစ်ပါတယ်။ ယုံကြည်မှုတည်ဆောက်နိုင်ဖို့ အတွက် တစ်ဦးနဲ့တစ်ဦး၊ အစုအဖွဲ့ တစ်ဖွဲ့နဲ့တစ်ဖွဲ့အကြား နားလည်မှု တည်ဆောက်ရေးကို အလေးထားပြီး ကျွန်မတို့ ဆောင်ရွက်ကြရဦးမှာပါ။ နားလည်မှု တည်ဆောက်ရေး၊ ယုံကြည်မှုတည်ဆောက်ရေးဆိုတာတွေ ဟာလည်း အပြောလွယ်သလောက် လက်တွေ့ကျင့်ကြံအားထုတ်ဖို့လည်း အင်မတန်ခက်ခဲတယ်ဆိုတာ အားလုံးသိရှိကြပြီး ဖြစ်ပါလိမ့်မယ်။ တစ်ဦးနဲ့ တစ်ဦး နားလည်နိုင်ဖို့၊ ယုံကြည်နိုင်ဖို့ဆိုရင် ကာလရှည်ကြာတည်ဆောက် ခဲ့တဲ့ ခံစားချက်တွေကို မျှဝေပေးနိုင်ဖို့ အထူးပဲအရေးကြီးပါတယ်။ ခံစား ချက်တွေကို မျှဝေနားလည်မှုပေးနိုင်မှ ရင်ထဲမှာ အမြစ်တွယ်နေတဲ့ ပြဿနာ တွေကို အမှန်အတိုင်း၊ အရှိအတိုင်း နားလည်သိမြင်ပြီး သဘောပေါက်လာ နိုင်မှာပါ။

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

တတိယအချက်အနေနဲ့ ပြောကြားလိုတာကတော့ ကျွန်မတို့ အားလုံးရဲ့ ပြည်ထောင်စုကြီး ရှေ့ခရီးပဲဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံလို လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာတဲ့ လက်နက်ကိုင်ပဋိပက္ခ ဆယ်စုနှစ်များစွာ ရှည်ကြာခဲ့တဲ့ နိုင်ငံတစ်နိုင်ငံမှာ ဖြေရှင်းရမယ့် ပြဿနာတွေကလည်း များပြားလှပါတယ်။ များပြားလှတဲ့ နိုင်ငံရေးပြဿနာတွေထဲကနေ ဘယ်အရာက အရေးကြီးဆုံးလဲ၊ ဘယ်ပြဿနာကို ဦးစားပေးဖြေရှင်းသင့်သလဲဆိုတာကို ကျွန်မတို့ သုံးသပ်ခွဲခြားနိုင်ဖို့ အရေးကြီးပါတယ်။ စိတ်ကူးစိတ်သန်းတွေထဲမှာ မျှော်မှန်းထားတဲ့ ပြည်ထောင်စုကတော့ တကယ့်ကို စံပြုအနေနဲ့ စံနှုန်းအပြည့် ရှိချင်ရှိနေပါလိမ့်မယ်။ ဒါပေမယ့် ဒီလိုမျှော်မှန်းချက်တွေ အများကြီးရှိနေတဲ့ အခြေအနေမှာ ပြည်ထောင်စုကို ဘယ်လိုပုံစံမျိုး၊ ဘယ်လိုလမ်းကြောင်းမျိုးနဲ့ တစ်ဆင့်ပြီးတစ်ဆင့် ပုံဖော်ကြမလဲဆိုတဲ့ ချဉ်းကပ်မှုနဲ့ စဉ်းစားချက်ကသာ အလုပ်လည်းဖြစ်၊ လက်တွေ့လည်းကျ၊ မဟာဗျူဟာအရလည်း မှန်ကန်နိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံဖွံ့ဖြိုးရေးနဲ့ နိုင်ငံတည်ဆောက်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနဲ့ ဖက်ဒရယ်တည်ဆောက်ရေး၊ နောက်ဆုံးပြည်ထောင်စုတိုင်းရင်းသား ပြည်သူအားလုံးရဲ့ အနှစ်နှစ်အလလ မျှော်လင့်ခဲ့ကြတဲ့ ပြည်ထောင်စုကြီးဖြစ်ပေါ်လာရေးအတွက် စတင်လျှောက်လှမ်းနိုင်မယ့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို နည်းလမ်းရှာပြီး ပုံဖော်ပေးထားတာကတော့ (၂၁) ရာစုပင်လုံ၊ စတုတ္ထအစည်းအဝေးမှာ ကျွန်မတို့ချုပ်ဆိုမယ့် ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း (၃) ပဲ ဖြစ်ပါတယ်။ ဒီစာချုပ်ဟာ ကျွန်မတို့နိုင်ငံရဲ့ အနှစ်နှစ်အလလ နိုင်ငံရေးပြဿနာတွေကို လက်တွေ့ကျကျ ဖြေရှင်းနိုင်မယ့် လုပ်ငန်းစဉ်တစ်ရပ်ကို စတင်ဖန်တီးပေးလိုက်တာပဲဖြစ်ပါတယ်။ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် သမိုင်းဝင်မယ့် ပဋိညာဉ်တစ်ရပ်ဖြစ်လာတော့မယ့် ဒီစာချုပ်ကို လာမယ့်ညီလာခံမှာ လက်မှတ်ရေးထိုး ချုပ်ဆိုနိုင်ရေးအတွက် ကျွန်မတို့ UPDJC အနေနဲ့ ဆက်လက်ကြိုးပမ်းအားထုတ်ကြရဦးမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ COVID – 19 ကာကွယ်ထိန်းချုပ် တုံ့ပြန်ရေးကာလမှာ ကျင်းပရတဲ့ (၂၁) ရာစု ပင်လုံညီလာခံ အောင်မြင်ရေးပဲ ဖြစ်ပါတယ်။ အားလုံးသိကြပြီးဖြစ်တဲ့အတိုင်း ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကို ရင်ဆိုင်ဖြေရှင်းကြရာမှာ ကျွန်မတို့နိုင်ငံအနေနဲ့ ချမ်းသာတဲ့ နိုင်ငံတစ်နိုင်ငံမဟုတ်ပေမယ့်လည်း အကောင်းဆုံး၊ အထိရောက်ဆုံးနဲ့ စနစ်တကျ တုံ့ပြန်ရင်ဆိုင်နိုင်တဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်နေပါပြီ။ ဒီလိုဖြစ်လာဖို့လည်း လိုအပ်တဲ့စည်းမျဉ်းစည်းကမ်း တင်းကျပ်မှုတွေ လုပ်ဆောင်ရသလို ကျွန်မတို့ပြည်သူတစ်ရပ်လုံးကလည်း အသိစိတ်ဓာတ်ရှိရှိ၊ နားလည်မှုအပြည့်အဝနဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးခဲ့ကြတာဖြစ်ပါတယ်။ ဒီကပ်ရောဂါရဲ့ အခြေအနေက အမျိုးမျိုးပြောင်းလဲနေသလို၊ နိုင်ငံတကာမှာလည်း ဒုတိယလှိုင်း၊ တတိယလှိုင်းတွေ ဆက်လက်ဖြစ်ပွားနေတဲ့ အခြေအနေတွေကြောင့် လုံးဝစိတ်ချရတဲ့ အခြေအနေကို မရောက်သေးပါဘူး။ COVID – 19 ကပ်ရောဂါ ကာကွယ်ထိန်းချုပ်တုံ့ပြန်ရေးအတွက် မပေါ့မဆ၊ သတိရှိရှိနဲ့ ဆက်လက်ပြီးဆောင်ရွက်နေရတုန်းပဲ ဖြစ်ပါတယ်။

ဒီလိုအချိန်၊ ဒီလိုအခြေအနေမျိုးမှာ (၂၁) ရာစုပင်လုံ ညီလာခံကို ကျင်းပပြုလုပ်ရတာဖြစ်တဲ့အတွက် ညီလာခံကိုယ်စားလှယ် အချိုးအစား လျှော့ချလိုက်ရတာတွေ၊ ကျန်းမာရေးစည်းမျဉ်းစည်းကမ်းတွေနဲ့ ညီညွတ်အောင် လိုက်နာဆောင်ရွက်ရတာတွေ ရှိပါတယ်။ ဒီလိုမျိုး စည်းမျဉ်းသတ်မှတ်ချက်တွေနဲ့ ကန့်သတ်ဆောင်ရွက်ရတဲ့အတွက် နားလည်မှုပေးကြဖို့ UPDJC အဖွဲ့ဝင်တွေ၊ ညီလာခံကိုယ်စားလှယ်တွေ၊ အစုအဖွဲ့ ခေါင်းဆောင်တွေကို မေတ္တာရပ်ခံလိုပါတယ်။ ကျန်းမာရေးစည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြလို့လည်း ကျေးဇူးတင်ပါတယ်။ ဒီကနေ့ တက်ရောက်လာကြတဲ့ UPDJC အဖွဲ့ဝင်တွေအားလုံး ကပ်ရောဂါအပါအဝင် အနာရောဂါအမျိုးမျိုး ကင်းဝေးပြီး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးမှာ ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ရန်ကုန်တိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေး စီမံချက်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကျိုက်လတ်မြို့နယ် အိပ်ယာကြီးကျေးရွာတွင် CERP အရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Cash for Work စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဩဂုတ် ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူသည် ဩဂုတ် ၁၅ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ထင်းပုံဆိပ်ကျေးရွာနှင့် ရောဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ညောင်ပင်တန်း ကျေးရွာများတွင် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေး စီမံချက် (Covid-19 Economic Relife Plan – CERP) အရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အလုပ်ပေး ငွေပေး (Cash for Work) စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လမ်း၊ တံတား၊ မြောင်း စသည့် ကျေးရွာအခြေခံ အဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ရင်းရင်းနှီးနှီး မေးမြန်းဆွေးနွေးသည်။

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပွားသည့် စီးပွားရေး အကျပ်အတည်းများမှ အမြန်ဆုံး ရုန်းထွက်နိုင်ရေးအတွက် ကာလတို စီမံချက်ဖြစ်သည့် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေး စီမံချက်အရ ဝင်ငွေရရှိစေမည့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း လုပ်ငန်းတစ်ခုဖြစ်သည့် Cash for Work စီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး၌ ကျေးရွာ ၁၁၀ တွင်လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး၌ ကျေးရွာ ၂၅၀ တွင်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးအနေဖြင့် ငွေကျပ်သန်းပေါင်း ၂၅၀၀၀ သုံးစွဲ၍ ကျေးရွာပေါင်း ၂၄၈၈ ရွာတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (Village Revolving Fund Project – VRFP) ဖြင့် ရန်ကုန်တိုင်းဒေသကြီး၌ ကျေးရွာ ၈၀ တွင်လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီး၌ ကျေးရွာ ၁၀၀ တွင်လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးအနေဖြင့် ကျေးရွာပေါင်း ၁၇၁၀ တွင် ဆောင်ရွက်သွားမည်ဖြစ်ကာ ယနေ့အထိ ငွေကျပ်သန်းပေါင်း ၄၀၈၃၀ သုံးစွဲပြီးဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒေးဒရဲမြို့နယ် ဝွကလေးကျေးရွာနှင့် ဖျာပုံမြို့နယ် ကိုးအိမ်တန်းကျေးရွာများသို့ ရောက်ရှိပြီး ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေး စီမံချက်အရ ဆောင်ရွက်လျက်ရှိသည့် မိုးစပါး မျိုးစေ့ထုတ် စိုက်ကွင်းများအား ကြည့်ရှုအားပေးပြီး မိုးစပါးမျိုးစေ့ထုတ် တောင်သူများနှင့် တွေ့ဆုံကာ CERP မိုးစပါးမျိုးစေ့ထုတ် ထောက်ပံ့ငွေများ ပေးအပ်သည်။

**၇၀၉၅ ဧက စိုက်ပျိုးပြီးစီး**

ရောဝတီတိုင်းဒေသကြီး၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရန် ဧက ၃၇ သိန်းကျော် လျာထားဆောင်ရွက်လျက်ရှိပြီး ယနေ့အထိ စုစုပေါင်း ၃၁၅၆၂၅၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ CERP မိုးစပါး မျိုးစေ့ထုတ် စိုက်ပျိုးမှုအနေဖြင့် လျာထား ၁၀၄၇၅ ဧကဖြစ်ပြီး ယနေ့အထိ ၇၀၉၅ ဧက စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဘိုကလေးမြို့နယ် သကံဝကျေးရွာ တောင်သူ ဦးတင်စိုး၏ ပေါ်ဆန်းရင် မိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်းသို့ ရောက်ရှိကြရာ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမျိုးဇော်က ရောဝတီတိုင်းဒေသကြီး၏ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု အခြေအနေများ၊ CERP အရ မိုးစပါးမျိုးစေ့ထုတ် စိုက်ပျိုးမှုနှင့် တောင်သူပညာပေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**ကြိုးပမ်းအားထုတ်ကြစေလို**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပေါ်ဆန်းရင် မိုးစပါးမျိုးစေ့ထုတ် စိုက်ကွင်းအတွင်း ကြားပေါင်းလိုက်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ဒေသနေတောင်သူများနှင့် တွေ့ဆုံကာ လယ်ယာမြေနှင့် ပတ်သက်၍ တောင်သူလယ်သမားများ ကိုယ်တိုင်စီမံခန့်ခွဲနိုင်သည့် စနစ်၊ တာဝန်ယူတာဝန်ခံနိုင်သည့် စနစ်များ ဆောင်ရွက်နိုင်ရေး၊ ကိုယ်တိုင်ရင်ဆိုင်ဖြေရှင်းနိုင်ရေးတို့ကို မျှော်မှန်းပြီး တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအရ တောင်သူလယ်သမား အသင်းအစုအဖွဲ့များ ဖွဲ့စည်းရေးအတွက် တောင်သူလယ်သမား အဖွဲ့အစည်းဆိုင်ရာ ဥပဒေကို ရေးဆွဲလျက်ရှိပါကြောင်း၊ တောင်သူလယ်သမားများအားလုံး မိမိတို့ဒေသအလိုက် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် တွေ့ကြုံနေရသော မြေယာပြဿနာများ အပါအဝင် အခက်အခဲများအားလုံးကို ရင်ဆိုင်ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကမ္ဘာ့ကပ်ရောဂါ ရင်ဆိုင်ဖြတ်ကျော်နေချိန်တွင် ရရှိနေသည့် နိုင်ငံတော်၏ အထောက်အပံ့၊ ဌာနဆိုင်ရာများ၏ ကူညီအားပေးမှု အခွင့်အရေးများကို အမိအရဆုပ်ကိုင်ပြီး မိမိတို့ တစ်မိသားစုချင်းဘဝ တိုးတက်ရေး၊ မိမိဒေသ ဖွံ့ဖြိုးရေးတို့အတွက် ကြိုးပမ်းအားထုတ်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုက်လတ်မြို့နယ် အိပ်ယာကြီးကျေးရွာတွင် CERP အရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Cash for Work စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မအူပင်မြို့နယ် တလုပ်လှငါးလုပ်ငန်း စခန်းသို့ ရောက်ရှိကြပြီး ငါးမွေးတောင်သူများနှင့်တွေ့ဆုံ၍ အားပေးစကား ပြောကြားကာ ငါးမွေးတောင်သူများအား ငါးသားပေါက်များ ပေးအပ်သည်။

မအူပင်ခရိုင်အတွင်း ငါးမွေးကန် ၂၃၅၉ ဧကရှိပြီး ယခုအခမ်းအနားတွင် ငါးမွေးကန် ဧက ၂၀၀ အတွက် ထောက်ပံ့ပေးအပ်ခြင်း ဖြစ်သည်။ ရောဝတီတိုင်းဒေသကြီး၌ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေး စီမံချက်အရ ငါးမွေးကန် စုစုပေါင်း ၅၄၃၉၉ ဒသမ ၄ ဧက ကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ဥတုရာသီ

တောကိုမှီ၏

## ပုဗ္ဗသီရိမြို့နယ်၌ ယာဉ်တိုက်မှုလျော့နည်းစေရေးအတွက် ပညာပေး

**နေပြည်တော် ဩဂုတ် ၁၇**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ထုံးဖိုမြို့မရဲစခန်းမှ ဒုရဲအုပ်ဆန်းဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ဇော်ကိုဦးနှင့် တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ ပုဗ္ဗသီရိမြို့နယ် သံလွင်လမ်းမကြီးရှိ ခုတင် (၅၀) ဆံ့ ပြည်သူ့ဆေးရုံကြီးရှေ့တွင် ဆိုင်ကယ်စီးနင်းသူများအား ယာဉ်အင်္ဂါရပ်နှင့် ကိုက်ညီမှု ရှိ/မရှိ၊ ယာဉ်လိုင်စင်၊ မောင်းလိုင်စင် ပါ/မပါ၊ ဆိုင်ကယ်စီးဦးထုပ်ဆောင်းခြင်း ရှိ/မရှိ စသည့်စည်းကမ်းချက်များကို စစ်ဆေးပြီး လိုက်နာမှုမရှိသည့် ယာဉ်များအား ချလန်ဖြတ် အရေးယူ ဆောင်ရွက်ခဲ့ကြောင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**သူဇာလှိုင် (စက်မှု)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် ဂီတအသင်းများမှ တာဝန်ရှိသူများအား တွေ့ဆုံ

**ရန်ကုန် ဩဂုတ် ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံတေးသီချင်း မူပိုင်ရှင်များအသင်းနှင့် မြန်မာနိုင်ငံတေးသီချင်း မူပိုင်ထုတ်လုပ်သူများအသင်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

**ဆွေးနွေး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးတင်ဦးလေး၊ ဒုတိယဥက္ကဋ္ဌ(၁) ဦးလွင်မြင့်၊ ဒုတိယဥက္ကဋ္ဌ(၃) ဦးစိုးမိုး၊ အထွေထွေအတွင်းရေးမှူး ဦးဇော်ထူးအောင်၊ ဘဏ္ဍာရေးမှူး ဦးမောင်မောင်ထိပ်၊ မြန်မာနိုင်ငံတေးသီချင်း မူပိုင်ရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်မိုးအောင်နှင့် မြန်မာနိုင်ငံတေးသီချင်း မူပိုင်ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးကိုကိုလွင်တို့က မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကိစ္စ၊ တေးသီချင်းမူပိုင်ခွင့်ကိစ္စ၊ ယာယီ CMO များအတွက် ရုံးခန်းနေရာ အကူအညီပေးရေးကိစ္စနှင့် တေးသီချင်းအယ်လ်ဘမ်များ ဖြန့်ဝေပေးပို့မှုကိစ္စတို့ကို ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးမှ ဒုတိယဥက္ကဋ္ဌ(၂) ဒေါ်အယ်ခွန်းရီ၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးလှအေး၊ တွဲဖက်အတွင်းရေးမှူး(၃) ဦးမင်းဇော်၊ စီမံခန့်ခွဲရေးမှူး ဦးညွန့်လှိုင်လှိုင်တို့ တက်ရောက်ကြသည်။

**ဝန်ထမ်းများနှင့်တွေ့ဆုံ**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်း အမှတ် (၄) ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့သွားရောက်ပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ မီဒီယာသိနားလည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာများ၊ စာပေအနုပညာမူပိုင်ခွင့်ဆိုင်ရာများ၊ New Media ပြောင်းလဲတိုးတက်လာမှုနှင့်အညီ လိုက်ပါလုပ်ဆောင်ရန်အချက်များ ဆွေးနွေးမှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံတေးသီချင်း မူပိုင်ရှင်များအသင်းနှင့် မြန်မာနိုင်ငံတေးသီချင်း မူပိုင်ထုတ်လုပ်သူများအသင်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ ရုံးဝန်းအတွင်းရှိ CMO ဖြစ်မြောက်ရေးကော်မတီအတွက် ရုံးခန်းနေရာ လျာထားသည့် အဆောက်အဦကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

**သတင်းစဉ်**

# (၁၉)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ - UPDJC အစည်းအဝေးကျင်းပပြီးစီးမှုနှင့်စပ်လျဉ်း၍ မီဒီယာများအား ရှင်းလင်းပြောကြား

**နေပြည်တော် ဩဂုတ် ၁၇**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုကော်မတီဝင် နိုင်အောင်မငေးနှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(SNLD)မှ တွဲဖက်အထွေထွေအတွင်းရေးမှူး စိုင်းကျော်ညွှန့်တို့သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ (၁၉) ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ-UPDJC အစည်းအဝေးကျင်းပပြီးစီးမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ (ယာပုံ)




**UPDJC က အတည်ပြုပေး**

ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယနေ့ (၁၉) ကြိမ်မြောက် UPDJC အစည်းအဝေးတွင် သဘောတူဆုံးဖြတ်ချက် (၉) ချက်နှင့် မှတ်တမ်း (၁) ချက် ရရှိပါကြောင်း၊ အထူးသဖြင့် ညီလာခံကျင်းပမည့် ရက်များ၊ ညီလာခံတက်ရောက်မည့် ကိုယ်စားလှယ်များ၊ UPDJC ၏လုပ်ထုံးလုပ်နည်းများအရ အဖွဲ့ဝင်များအား အစအဆုံးတာဝန်ပေးမှုအပြင် (၉)ကြိမ်မြောက် JICM ဆုံးဖြတ်ချက်များကို UPDJC တွင် မှတ်တမ်းတင်ခဲ့ပါကြောင်း၊ ချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ၏ အပိုင်း(၁)၊ အပိုင်း (၂)၊ အပိုင်း (၃) တို့ကိုလည်း ညီလာခံသို့တင်သွင်းရေး ကိစ္စများကို ဆွေးနွေးခဲ့ပါကြောင်း၊ ပြည်ထောင်စုသဘောတူစာချုပ်၏ အပိုင်း (၃) အပိုင်း (၁)တွင်ပါဝင်သည့် UPDJC နှင့် သက်ဆိုင်သည့်အပိုင်းတွင် နိုင်ငံရေးပါတီများက ဆောင်ရွက်မည့် အခန်းကဏ္ဍနှင့် ပတ်သက်၍လည်း သဘောတူညီချက်ရခဲ့ပါကြောင်း၊ ညီလာခံတွင် UPDJC နှင့် JMC အစီရင်ခံစာတင်သွင်းမည့် ကိစ္စများကိုလည်း သဘောတူဆုံးဖြတ်ခဲ့ပါကြောင်း၊ ထို့ပြင် ညီလာခံတွင် တာဝန်ယူမည့် သဘာပတိအဖွဲ့ဝင်များကိုလည်း အတည်ပြုနိုင်ပါကြောင်း၊ ညီလာခံနှင့်ပတ်သက်၍ လုပ်ငန်းတာဝန်ခွဲဝေမှုများအပြင် ညီလာခံတွင် ညီလာခံကိုယ်စားလှယ်များ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကိုလည်း UPDJC က အတည်ပြုပေးခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

**လုပ်ငန်းတာဝန်များခွဲဝေ**

ထို့နောက် NMSP ဗဟိုကော်မတီဝင် နိုင်အောင်မငေးက ယနေ့ကျင်းပသည့် UPDJC အစည်းအဝေးတွင် လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၌ မည်သည့်အစီအစဉ်များချမှတ်မည်၊ ပြည်ထောင်စုသဘောတူစာချုပ်တွင် မည်သည့်အချက်များကို ထည့်သွင်းချုပ်ဆိုသွားမည်ဆိုသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပါကြောင်း၊ ထို့ပြင် UPDJC တွင် EAO အစုအဖွဲ့ကိုယ်စားလှယ်များ အစားထိုးပြောင်းလဲတာဝန်ပေးမှု၊ ညီလာခံတွင် မည်သည့်အစီအစဉ်များ လုပ်ဆောင်မည်၊ မည်သည့်ပုံစံများဖြင့် လုပ်ဆောင်မည်ဆိုသည်ကို လုပ်ငန်းတာဝန်များ ခွဲဝေခဲ့ကြပါကြောင်း၊ ယခုအစည်းအဝေးတွင် ဆုံးဖြတ်ချက် (၉)ချက်နှင့် မှတ်တမ်း (၁)ချက် ရရှိခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ SNLD တွဲဖက်အထွေထွေအတွင်းရေးမှူး စိုင်းကျော်ညွှန့်က ယနေ့အစည်းအဝေးတွင် နိုင်ငံရေးပါတီ အစုအဖွဲ့အနေဖြင့် ထူးထူးခြားခြား လုပ်ဆောင်ချက်တစ်ချက်ရှိပါကြောင်း၊ ယခုညီလာခံတွင် တင်သွင်းမည့် ပြည်ထောင်စုသဘောတူ စာချုပ်တွင်ပါဝင်မည့် သဘောတူညီချက်ကို NCA ရေးထိုးအရ နှစ်ဖက်ရေးသားရာတွင် နိုင်ငံရေးပါတီအစုအဖွဲ့ မပါသကဲ့သို့ ဖြစ်နေပါကြောင်း၊ ယင်းကိစ္စများအတွက် JICM ပြန်လည်ခေါ်ဆိုမည်ဆိုပါကလည်း အချိန်ကာလအရ အဆင်မပြေပါကြောင်း၊ ပြည်ထောင်စုသဘောတူစာချုပ်တွင်ပါမည့် နှစ်ဖက်စကားရပ်များသည် နောက်ပိုင်းတွင် ပုံစံတစ်မျိုးဖြစ်လာနိုင်ပါကြောင်း၊ လောလောဆယ် သဘောတူချက်များ အကောင်အထည်ဖော်ရာတွင် UPDJC နှင့်သက်ဆိုင်သည့်ကိစ္စရပ်ဆိုလျှင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့များ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဆိုသည့်ပုံစံကို ယခု UPDJC အစည်းအဝေးတွင် ချမှတ်ခဲ့ပါကြောင်း၊ ကျန်ရှိသည့်အကြောင်းအရာများမှာ ညီလာခံဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**ပြန်လည်ရှင်းလင်း**

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုကော်မတီဝင် နိုင်အောင်မငေးနှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (SNLD) တွဲဖက်အထွေထွေအတွင်းရေးမှူး စိုင်းကျော်ညွှန့်တို့သည် သတင်းမီဒီယာများ မေးမြန်းသည့် မေးခွန်းများအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

သတင်းစာရှင်းလင်းပွဲအပြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံ စတုတ္ထအကြိမ် အစည်းအဝေးသို့ တက်ရောက်ကြမည့် လွှတ်တော်အစုအဖွဲ့မှ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ညီလာခံကိုယ်စားလှယ်များကို နေပြည်တော် စည်ပင်ဧည့်ရိပ်သာအမှတ်(၂) စားရိပ်သာဆောင်၌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက စတုတ္ထအကြိမ်ညီလာခံတွင် ကျင်းပမည့် ညီလာခံအစီအစဉ်များ၊ ညီလာခံကိုယ်စားလှယ်များ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ပြည်ထောင်စုသဘောတူညီချက် အစိတ်အပိုင်း ဖြစ်ပေါ်လာပုံတို့ကို လည်းကောင်း၊ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ဦးလှမောင်ရွှေက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ စတုတ္ထအကြိမ်အစည်းအဝေး ရက်အလိုက်ကျင်းပမည့် အစီအစဉ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

**သတင်း- မျိုးဟန်စိုး၊ ဓာတ်ပုံ-ထိုက်ကြီး**

## မုတ်သုံလေ အားအသင့်အတင့်ရှိနေ

**နေပြည်တော် ဩဂုတ် ၁၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းများကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၀ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၇ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** သို့ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ပေါက်တော(အရှေ့)ကျေးရွာနေ ဇော်လင်းအောင် သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၈-၂၀၂၀ ရက်နေ့တွင် ကလေးမြို့နယ်၊ ပေါက်တော (အရှေ့) ကျေးရွာနေ ဇော်လင်းအောင်(၃၇)နှစ်၊ (ဘ) ဦးကင်းမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကလေး) မယ(ပ) ၁၁၃/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ လျှော်ဖြူကုန်းကျေးရွာနေ ဇော်မင်းနိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၈-၂၀၂၀ ရက်နေ့တွင် ကောလင်းမြို့နယ်၊ ခန်သာ-ဆင်ကုန်းကျေးရွာသွားလမ်းပေါ်၌ လျှော်ဖြူကုန်းကျေးရွာနေ ဇော်မင်းနိုင်(၄၁)နှစ်၊ (ဘ) ဦးမောင်ညွန့် မောင်းနှင်လာသည့် ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကောလင်း)မယ(ပ)၁၄၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ ဖဲကဇက်ရွာနေ ဦးမျိုးဆန်းကျော် သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၈-၂၀၂၀ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ ဖဲကဇက်ရွာနေ မျိုးဆန်းကျော်(၄၂)နှစ်၊ (ဘ)ဦးအောင်ဝင်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိ သဖြင့် မမစ(မော်လိုက်) မယ(ပ)၆၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ပျဉ်ထောင်လေးကျေးရွာတွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၈-၂၀၂၀ ရက်နေ့တွင် ကသာမြို့နယ်၊ ပျဉ်ထောင်လေးကျေးရွာနေ အောင်ဇော်ဦး (၄၁) နှစ်၊ (ဘ) ဦးဝင်း၏နေအိမ်အားဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(အင်းရွာ) မယ (ပ) ၁၈/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ အောက်လိပ်ကျေးရွာနေ ဇာနည်ထွန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၈-၂၀၂၀ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ အောက်လိပ်ကျေးရွာနေ ဇာနည်ထွန်း(၃၇)နှစ်၊ (ဘ)ဦးထွန်းရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဘုတ်ပြင်း)မယ(ပ) ၂၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်နေ မဖူးပွင့်သက်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၈-၂၀၂၀ ရက်နေ့တွင် အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်နေ မဖူးပွင့်သက်(၂၉)နှစ်၊ (ဘ) ဦးငယ်၏ နေအိမ်အားဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(၅-အောင်မြေသာစံ) မယ(ပ) ၂၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်နေ မောင်မောင်နှင့် ဒေါ်စိုးပပအောင်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၀-၈-၂၀၂၀ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ (၇)ရပ်ကွက်နေ မောင်မောင် (ခ) မောင်မောင်မြင့် (၄၈) နှစ်၊ (ဘ) ဦးတင်မောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူဇနီးဖြစ်သူ ဒေါ်စိုးပပအောင်(၄၃)နှစ်၊ (ဘ) ဦးအောင်မျိုးတို့ (၂) ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ-လှိုင်သာယာ(အရှေ့ပိုင်း)မယ(ပ)၈၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်နေ ဖိုးသန်းအေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၉-၈-၂၀၂၀ ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၀) ရပ်ကွက်၌ ဖိုးသန်းအေးအမည်အား စိစစ်စုံစမ်းရှာဖွေရာ (၁၄) ရပ်ကွက်တွင် နေထိုင်လျက်ရှိကြောင်း စုံစမ်းသိရှိရသဖြင့် ၎င်းရပ်ကွက်နေ ဖိုးသန်းအေး(ခ)သန်းအေး(၃၅)နှစ်၊ (ဘ)ဦးညွန့်ခင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (တောင်ဥက္ကလာပ)မယ(ပ)၃၄/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ရတနာသီရိရပ်ကွက်နေ မိုးဒီသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၁-၈-၂၀၂၀ ရက်နေ့တွင် တောင်ကြီးမြို့၊ ရတနာသီရိ ရပ်ကွက်နေ မိုးဒီ(၁၉)နှစ်၊ (ဘ)ဦးအောင်မြင့်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ခန့်ဝေထိုက်(ခ)ချာလီ(၃၉) နှစ်၊ (ဘ)ဦးမောင်မောင်တင် တို့(၂)ဦးအား WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တောင်ကြီး)မယ(ပ)၄၂/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၁၅-၈-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း(၁၂၈၈)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၆၅၃)ဦး၊ မ(၃၂၆)ဦး၊ ပေါင်း(၁၉၇၉)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၀၀၄၉.၉၆၉၄)ဂရမ်၊ ICE (၁၄၃၅.၄၂) ဂရမ်၊ ဘိန်း(၄၄၃၈၇.၂၂၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၃၆၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၃၆၃.၇၆) ဂရမ်၊ ဘိန်းစာရွက် (၁၉၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား (၆၆၅၀၆၃) ပြား၊ ဆေးခြောက် (၁၃၄၇၄.၃၆)ဂရမ်၊ ဘိန်းရည်(၀.၁) လီတာ၊ ဘိန်းဆီခဲ (၆၃၀.၂၈) ဂရမ်၊ ဘိန်းစေ့ (၆၀) ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၆၀.၁၅)ဂရမ်၊ Ecstasy အကြေ(၀.၀၀၁) ဂရမ်၊ လက်နက်မျိုးစုံ (၂၆) လက်၊ ကျည်မျိုးစုံ (၆၀၉) တောင့်၊ လက်ပစ်ဗုံး (၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့် ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါ ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

ဆက်သွယ်ရန်-
အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇-၅၉၀၂၀၀
ဖက်စ်ဖုန်းနံပါတ် - ၀၆၇-၅၉၀၂၃၃
အီးမေးလ်လိပ်စာ - antinarcotics@presidentoffice.gov.mm

# သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၁၇**

ပဉ္စမအကြိမ် သုတေသန နည်းနာနိသယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မက်စ် ဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယခုသင်တန်းတွင် ပို့ချမည့် သုတေသန နည်းနာနိသယများ (Research Methodology)၊ ပြည်သူ့ဆက်ဆံရေး (Public Relations) နှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာပညာ (Information Management) တို့သည် ရာထူးတာဝန်အသီးသီးတွင် နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအတွက် မဖြစ်မနေ တတ်ကျွမ်းသင့်သည့် ပညာရပ်များ ဖြစ်ကြပါကြောင်း၊ ခေတ်ကာလ ပြောင်းလဲလာသည့် အလျောက် ဤပညာရပ်များမှာလည်း ပြောင်းလဲတိုးတက်လာခဲ့သည့်အတွက် မိမိတို့အနေဖြင့် စဉ်ဆက်မပြတ် လေ့လာနေရန် လိုအပ်ပါကြောင်း။

အခြားတစ်ဖက်တွင် စတုတ္ထစက်မှုတော်လှန်ရေးဟု ခေါ်သည့် ဒစ်ဂျစ်တယ်နည်းပညာသည် အရှိန်အဟုန်ဖြင့် တိုးတက်လာပါကြောင်း၊ အကျိုးဆက်အနေဖြင့် လူအများက သတင်းအချက်အလက်နှင့် ဖျော်ဖြေရေး အစီအစဉ်များရယူရန်နှင့် အများနှင့် ဆက်သွယ်ပြောဆိုရန် အွန်လိုင်းပလက်ဖောင်းများကို အဓိကအသုံးပြုလာကြပါကြောင်း၊ မိမိတို့နိုင်ငံတွင် လူကြိုက်အများဆုံး အွန်လိုင်း ပလက်ဖောင်းဖြစ်သည့် Facebook ခေါ် ဆိုရှယ်မီဒီယာ အသုံးပြုသူသည် ယခုနှစ် ဇန်နဝါရီလကုန်တွင် ၂၂ သန်းကျော်ရှိခဲ့ရာမှ ဇူလိုင်လကုန်တွင် ၂၈ သန်းကျော်အထိ တစ်ဟုန်ထိုးတိုးတက်လာသည်ဟု သိရှိရပါကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းမှ ပို့ချလိုက်သည့် ပညာရပ်များကို ပြောင်းလဲတိုးတက်နေသည့် နည်းပညာရပ်နှင့် ပေါင်းစပ်အသုံးပြုနိုင်အောင် စဉ်ဆက်မပြတ်ကြိုးစားနေရန် လိုအပ်ပါကြောင်း။

သင်တန်းမှ ရရှိလာသည့် အသိပညာ၊ ဗဟုသုတများကို ဌာနအတွက်၊ နိုင်ငံအတွက် အကောင်းဆုံးဖြစ်အောင် အသုံးချစေလိုကြောင်းနှင့် သင်တန်းတက်ရောက်ခွင့် မရရှိသည့် လုပ်ဖော်ကိုင်ဖက်များကိုလည်း ပြန်လည်မျှဝေစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ Panna Institute မှ ပညာရပ်ဆိုင်ရာ အကြံပေး ဒေါက်တာ တင်မောင်မောင်သန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် Konrad Adenauer Stiftung (KAS) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Dr.Thomas Knirsch က KAS ၏ ဦးတည်ချက်များ၊ လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယခုဖွင့်လှစ်သည့် ပဉ္စမအကြိမ် သုတေသနနည်းနာနိသယ၊ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက် စီမံခန့်ခွဲမှုဆိုင်ရာသင်တန်းကို ဩဂုတ် ၂၁ ရက်အထိ ငါးရက်တာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းဦးရေ ၃၀ တက်ရောက်ကြသည်။ ယခု ၂၀၂၀ ပြည့်နှစ်အတွင်း ယခုသင်တန်းမျိုး နောက်ထပ် နှစ်ကြိမ် ဖွင့်လှစ်ရန် စီစဉ်လျာထားကြောင်း သိရသည်။

**သတင်းစဉ်**



# တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဆက်သွယ်သွားလာရေးလွယ်ကူစေပြီး ဒေသခံများ၏ လူမှုစီးပွားတိုးတက်ရန် များစွာအထောက်အကူဖြစ်စေသော တံတားတည်ဆောက်ရေးလုပ်ငန်းများ

## ရှင်မင်း၊ ဓာတ်ပုံ- မောင်ဖိုးဇော်(ကလေး)

**ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ ပထဝီအနေအထား / သဘာဝအနေအထားအရ ဖွံ့ဖြိုးတိုးတက်မှုကွာဟမှုကို လျှော့ချရန်၊ ကုန်စည်နှင့်ဝန်ဆောင်မှု လျင်မြန် သွက်လက်စေရန်အတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။**

ထို့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် "မြစ်ကိုမြင်လျှင် တံတားဆင် ပြည်ခွင်သာဖို့ လမ်းခင်းစို့" ဟူသည့် ဆောင်ပုဒ်နှင့်အညီ လမ်းများ၊ တံတားများ ကောင်းမွန်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် လမ်းများအဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လမ်းများနှင့်အတူ တံတားများ အားလုံးတစ်ပြေးညီ တိုးတက်ကောင်းမွန်ရေးကို တံတားဦးစီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသည်။

"တံတားဦးစီးဌာနက လမ်းတွေနဲ့အတူ တံတားတွေ အားလုံး ၂၄ ပေ အကျယ် ၂ လမ်း သွား RC တံတား ၊ PC တံတား၊ သံပေါင်တံတားအဆင့် အနည်းဆုံး ရောက်စေဖို့ ရည်မှန်းဆောင်ရွက်နေတယ်။ ဒီလို ဆောင်ရွက်ရာမှာ ၂၀၃၀ ပြည့်နှစ်ကို နောက်ဆုံး Target ထားပြီး ဆောင်ရွက်နေတယ်" ဟု တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်က ပြောသည်။

တံတားဦးစီးဌာနအနေဖြင့် ၂၀၁၁ – ၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅ – ၂၀၁၆ ဘဏ္ဍာနှစ် အတွင်း ကချင်ပြည်နယ်ရှိ ဧရာဝတီတံတား(စင်းခန်း)၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ရတနာသိင်္ခတံတား၊ မကွေးတိုင်းဒေသကြီးရှိ ဧရာဝတီတံတား(ပခုက္ကူ)နှင့် ဧရာဝတီတံတား (မလွန်)၊ ရခိုင်ပြည်နယ်ရှိ စွန်ရဲတံတား၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဘုရင့်နောင်တံတား အမှတ်(၂)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ လိန်းလီတံတား၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ မြန်မာ–လာအို ချစ်ကြည်ရေးတံတား၊ ဧရာဝတီတိုင်းဒေသကြီးရှိ ဧရာဝတီတံတား (ညောင်တုန်း)၊ ဘိုကလေးမြစ်ကူးတံတားအပါအဝင် ပေ ၁၈၀ နှင့်အထက် တံတား ၁၉၉ စင်း၊ ပေ ၁၈၀ အောက် တံတားနှင့် ရေပြွန် ၄၂၂ စင်း တည်ဆောက်ခဲ့ကြောင်း သိရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနအနေဖြင့် နှစ်အလိုက် တည်ဆောက်သော တံတားအရေအတွက် မကွာခြားသော်လည်း ယခုအစိုးရ လက်ထက်တွင် Quality Management System ဖြင့် အရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ်ကာ ထိုစံချိန်စံညွှန်းများနှင့်အညီ လုပ်ဆောင်နေကြောင်း သိရသည်။



ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်

"အခုက Quality Management System နဲ့ အရည်အသွေး စံချိန်စံညွှန်းတွေ ထားရှိပြီး လုပ်ငန်းအကောင်အထည်ဖော်ခဲ့ပါတယ်။ ဒါကြောင့် တံတားတွေရဲ့ အရည်အသွေးများ သိသိသာသာ ထူးထူးခြားခြား တိုးတက်ပြောင်းလဲလာခဲ့ပါတယ်။ QMS အသုံးပြုနိုင်တဲ့အတွက် တံတားခံနိုင်ရည်နဲ့သက်တမ်းဟာ သိသိသာသာတိုးတက်လာပြီး ရေရှည်မှာ Life Cycle Cost ဆိုတဲ့ ပြင်ဆင်ထိန်းသိမ်းမှုကုန်ကျစရိတ်ကိုလျှော့ချနိုင်မှာ ဖြစ်ပါတယ်"

" ပြီးတော့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတို့၏ အကြံဉာဏ်တွေနဲ့ တွန်းအားပေး တိုက်တွန်းမှုတွေကြောင့် တံတားပုံစံအမျိုးအစားသစ်တွေကို တီထွင်ဆန်းသစ်နိုင်ခဲ့ပါတယ်။ ပုံမှန် သံမဏိသံပေါင် Steel Truss တွေအစား Steel Arch တံတား ပုံစံတွေပြောင်းလဲခဲ့တဲ့အတွက် တံတားအင်ဂျင်နီယာပညာရပ်မှာ အရွေ့သစ်တစ်ခုအဖြစ် အသိအမှတ်ပြုခြင်း ခံရပါတယ်။ တံတားတည်ရှိရာနေရာက ဒေသခံပြည်သူလူထုတွေအနေနဲ့ အမြင်သစ် အလှရသခံစားရသလို သက်ဆိုင်ရာမြို့တွေအတွက် အထင်ကရ Landmark Structure ဖြစ်ခဲ့ပါ တယ်။ ဥပမာအနေနဲ့ ပြောရရင် ပုသိမ်တံတားအမှတ်(၂)၊ ပလက်ဝတံတား၊ စံပယ်ဂူတံတားတွေ ဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်က ပြောပြသည်။



အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးမောင်မောင်ညွှန့်

### ယခုအစိုးရလက်ထက် တည်ဆောက်ခဲ့သောတံတားများ

တံတားဦးစီးဌာနအနေဖြင့် ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်တွင် ပေ ၁၈၀ နှင့်အထက် တံတား ၃၇ စင်း၊ ပေ ၁၈၀ အောက်တံတား ၁၁၂ စင်း၊ ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်တွင် ပေ ၁၈၀ နှင့်အထက်တံတား ၃၅ စင်းနှင့် ပေ ၁၈၀ အောက်တံတား ၈၉ စင်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လဘတ်ဂျက်တွင် ပေ ၁၈၀ နှင့် အထက်တံတား ၁၃ စင်းနှင့် ပေ ၁၈၀ အောက်တံတား ၂၃ စင်း၊ ၂၀၁၈– ၂၀၁၉ ဘဏ္ဍာနှစ်တွင် ပေ ၁၈၀ နှင့် အထက်တံတား ၃၅ စင်းနှင့် ပေ ၁၈၀ အောက်တံတား ၇၇ စင်း တို့ကို တည်ဆောက်ခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

"၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်ကုန် မှာတော့ပေ ၁၈၀ နဲ့ အထက်တံတား ၄၃ စင်းနဲ့ ပေ ၁၈၀ အောက်တံတား ၅၇ စင်း စုစုပေါင်းတံတားအစင်း ၁၀၀ တည်ဆောက် ပြီးစီးမှာ ဖြစ်ပါတယ်။ တံတားတွေ တည်ဆောက်တဲ့အခါ ကျောက်၊ သဲ၊ ဘိလပ်မြေ၊ သံချောင်း အစရှိတဲ့ တည်ဆောက်ရေးသုံးပစ္စည်းတွေ အရည်အသွေးပြည့်မီမှု ရှိ မရှိ စနစ်တကျ စစ်ဆေးပြီး အသုံးပြုတည်ဆောက်လျက် ရှိပါတယ်။ လုပ်ငန်းဆောင်ရွက်မှု အပိုင်းမှာလည်း တံတားအောက်ခြေ အုတ်မြစ်လုပ်ငန်းကစပြီး အပေါ်ထည်ပိုင်းအထိ အဆင့်လိုက် အရည်အသွေး ထိန်းသိမ်းရေးလုပ်ငန်းတွေကို ကြီးကြပ်ဆောင်ရွက်လျက် ရှိပါတယ်" ဟု တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးမောင်မောင်ညွှန့်က ပြောသည်။

> **"၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်ကုန်မှာတော့ ပေ ၁၈၀နဲ့ အထက်တံတား ၄၃ စင်းနဲ့ ပေ ၁၈၀ အောက်တံတား ၅၇ စင်း စုစုပေါင်း တံတားအစင်း ၁၀၀ တည်ဆောက်ပြီးစီးမှာ ဖြစ်ပါတယ်။ တံတားတွေ တည်ဆောက်တဲ့အခါ ကျောက်၊ သဲ၊ ဘိလပ်မြေ၊ သံချောင်းအစရှိတဲ့ တည်ဆောက်ရေး သုံးပစ္စည်းတွေ အရည်အသွေးပြည့်မီမှု ရှိ မရှိ စနစ်တကျစစ်ဆေးပြီး အသုံးပြု တည်ဆောက်လျက် ရှိပါတယ်။ လုပ်ငန်း ဆောင်ရွက်မှုအပိုင်းမှာလည်း တံတား အောက်ခြေအုတ်မြစ် လုပ်ငန်းကစပြီး အပေါ်ထည်ပိုင်းအထိ အဆင့်လိုက် အရည်အသွေး ထိန်းသိမ်းရေးလုပ်ငန်းတွေကို ကြီးကြပ်ဆောင်ရွက်လျက် ရှိပါတယ် "**



ဦးစိုးရီ၊ တနသ်ာရီမြို့

တံတားများ တည်ဆောက်ရာတွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေနှင့် တိုင်းဒေသကြီး/ပြည်နယ် အပ်နှံရန်ပုံငွေတို့ကို အသုံးပြုကာ ဘဏ္ဍာနှစ်အလိုက် တံတားဦးစီးဌာနမှ တည်ဆောက်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

တံတားဦးစီးဌာနသည် ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်တွင် တည်ဆောက်ခဲ့သော တံတားများကို ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၉၇ ဒသမ ၅၇၁ ဘီလီယံ၊ တိုင်းဒေသကြီး/ ပြည်နယ်အပ်နှံ ရန်ပုံငွေကျပ် ၈၃ ဒသမ ၉၈၄ ဘီလီယံဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

*စာမျက်နှာ ၁၀ သို့*



မတူပီ – ပလက်ဝလမ်းပေါ်ရှိ ပလက်ဝတံတား။

> **"တံတားဦးစီးဌာနအနေဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ပေ ၁၈၀ နှင့် အထက်တံတား ၃၇ စင်း၊ ပေ ၁၈၀ အောက်တံတား ၁၁၂ စင်း၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ပေ ၁၈၀ နှင့် အထက်တံတား ၃၅ စင်းနှင့် ပေ ၁၈၀ အောက်တံတား ၈၉ စင်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လဘတ်ဂျက်တွင် ပေ ၁၈၀ နှင့် အထက်တံတား ၁၃ စင်းနှင့် ပေ ၁၈၀ အောက်တံတား ၂၃ စင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပေ ၁၈၀ နှင့် အထက် တံတား ၃၅ စင်းနှင့် ပေ ၁၈၀ အောက်တံတား ၇၇ စင်းတို့ကို တည်ဆောက်ခဲ့"**



ကော့သောင်း – ပုလုံးတုံးတုံးကျွန်းလမ်းပေါ်ရှိ ပုလုံးတုံးတုံးတံတား လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုကို တွေ့ရစဉ်။



ဘိုကလေး– မော်လမြိုင်ကျွန်း– ဝါးခယ်မ– ကျုံမငေး– မြောင်းမြလမ်းပေါ်ရှိ ကျွန်းပြသာဒ်တံတား လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ။

*စာမျက်နှာ ၉ မှ*

ထို့အတူ ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၈၃ ဒသမ ၉၃၉ ဘီလီယံ၊ တိုင်းဒေသကြီး/ ပြည်နယ်အပ်နှံရန် ပုံငွေကျပ် ၉၅ ဒသမ ၈၆၀ ဘီလီယံ၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လဘတ်ဂျက်တွင် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၃၅ ဒသမ ၇၈၇ ဘီလီယံ၊ တိုင်းဒေသကြီး/ ပြည်နယ်အပ်နှံရန်ပုံငွေကျပ် ၂၄ ဒသမ၇၅၇ ဘီလီယံ၊ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၂၀၅ ဒသမ ၃၆၄ ဘီလီယံ၊ တိုင်းဒေသကြီး/ ပြည်နယ်အပ်နှံရန်ပုံငွေကျပ် ၇၀ ဒသမ ၀၁၆ ဘီလီယံ၊ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၄၂၀ ဒသမ ၇၄၆ ဘီလီယံ၊ တိုင်းဒေသကြီး/ ပြည်နယ်အပ်နှံရန်ပုံငွေ ကျပ် ၅၅ ဒသမ ၃၈၆ ဘီလီယံ အသုံးပြု၍ တံတားများ တည်ဆောက်ခဲ့သည်။

"နှစ်အလိုက်တည်ဆောက်ခဲ့တဲ့ တံတားတွေအထဲမှာ ပြည်သူတွေ ထင်သာမြင်သာရှိတဲ့ တံတားကြီးတွေလည်းပါပါတယ်။ ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ်မှာ တည်ဆောက်ခဲ့တဲ့ တံတားတွေထဲမှာဆိုရင် တံတားကြီးတွေအနေနဲ့ ကချင်ပြည်နယ်ရှိ တဝမ်တံတား (ပေ ၁၂၆၀)၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ချင်းတွင်းတံတား (ကလေးဝ) (၂၈၀၅ ပေ)၊ မွန်ပြည်နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း) (၅၂၀၄ ပေ)၊ ရခိုင်ပြည်နယ်ရှိ တောဖျားချောင်းတံတား (ပေ ၁၂၀၀) နဲ့ ရန်ကုန်တိုင်းဒေသကြီးရှိ ကုက္ကိုဝတံတား (၂၂၇၉ ပေ ) တို့လည်း ပါဝင်ပါတယ်"ဟု တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မူးချောင်းတံတား (ပေ ၁၃၃၀)၊ မိုင်းချောင်းတံတား (ပေ ၁၀၀၀)ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ချီချောင်းတံတား(ပေ ၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း သက်ချောင်းတံတား(ပေ ၂၃၁၀)နှင့် စက်ဆန်းချောင်းတံတား (၁၇၈၂ ပေ)တို့သည် ၂၀၁၇ –၂၀၁၈ ဘဏ္ဍာနှစ်တွင် တံတားဦးစီးဌာနမှ တည်ဆောက်ခဲ့သော တံတားများအနက် တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးသည့် ပေ ၁၀၀၀ ကျော် တံတားကြီးများဖြစ်သည်။

ထို့အတူ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ချင်းတွင်းတံတား(ခန္တီး)(၂၆၅၁ ပေ)နှင့် ဂျပန်နိုင်ငံ (JICA) အကူအညီဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဒေါပုံတံတား (သာကေတ တံတား) (ပေ ၈၃၀) တို့ကို ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ (၆)လ ဘတ်ဂျက်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းတံတား (ဟုမ္မလင်း) (၂၇၆၃ ပေ )၊ မကွေးတိုင်းဒေသကြီးအတွင်း မုန်းချောင်းတံတား(ပွင့်ဖြူ)(ပေ ၁၃၀၀)၊ ယော (ကံတွင်း) တံတား (ပေ ၉၀၀)၊ မဲဇလီတံတား(ပေ ၉၄၀)၊ မန္တလေးတိုင်းဒေသကြီးအတွင်း ဆင်တဲဝတံတား (၉၃၅ပေ)၊ ရခိုင်ပြည်နယ်အတွင်း ကြပ်စင်တံတား(ပေ ၁၉၂၀)၊ ဆတ်ရိုးကျတံတား (၁၆၄၂ ပေ)၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ငဝန်မြစ်ကူးတံတား(လေးမျက်နှာ) (၁၉၆၉ ပေ)နှင့် မြောင်းမြတံတားအသစ်(၂၇၂၃ ပေ) တို့ကို ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်တွင် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည်။

**"နှစ်အလိုက်တည်ဆောက်ခဲ့တဲ့ တံတားတွေအထဲမှာ ပြည်သူတွေ ထင်သာမြင်သာရှိတဲ့ တံတားကြီးတွေလည်း ပါပါတယ်။ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှာ တည်ဆောက်ခဲ့တဲ့ တံတားတွေထဲမှာဆိုရင် တံတားကြီးတွေအနေနဲ့ ကချင်ပြည်နယ်ရှိ တဝမ်တံတား(ပေ ၁၂၆၀)၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ချင်းတွင်းတံတား(ကလေးဝ) (၂၈၀၅ ပေ)၊ မွန်ပြည်နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းတံတား (ဘီလူးကျွန်း)(၅၂၀၄ ပေ)၊ ရခိုင်ပြည်နယ်ရှိ တောဖျားချောင်းတံတား (ပေ ၁၂၀၀)နဲ့ ရန်ကုန်တိုင်းဒေသကြီးရှိ ကုက္ကိုဝတံတား (၂၂၇၉ ပေ )တို့လည်း ပါဝင်ပါတယ်" စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မူးချောင်းတံတား (ပေ ၁၃၃၀)၊ မိုင်းချောင်းတံတား (ပေ ၁၀၀၀)ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ချီချောင်းတံတား (ပေ ၁၀၀၀)၊ ဧရာဝတီတိုင်း ဒေသကြီးအတွင်း သက်ချောင်းတံတား(ပေ ၂၃၁၀) နှင့် စက်ဆန်းချောင်းတံတား (၁၇၈၂ ပေ)တို့သည် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် တံတားဦးစီးဌာနမှ တည်ဆောက်ခဲ့သောတံတားများအနက် တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးသည့် ပေ ၁၀၀၀ ကျော်တံတားကြီးများဖြစ်"**

"၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်မှာ ပေ ၁၈၀ နဲ့အထက်၊ ပေ ၁၈၀ အောက် တံတားစုစုပေါင်းအစင်း ၁၀၀ တည်ဆောက်ပြီးစီးသွားမှာဖြစ်ပြီးတော့ ဒီတံတားတွေအနက် ကယားပြည်နယ်ရှိ ကန္တာရဝတီတံတား (၃၀၅ ပေ)၊ ကရင်ပြည်နယ်ရှိ နောင်လုံတံတား (ပေ ၄၀၀ )၊ ချင်းပြည်နယ်ရှိ ပလက်ဝတံတား(၁၉၄၃ ပေ)၊ လည်မျိုတံတား (ပေ ၂၄၀)၊ ဒေါင်ဗားတံတား (ပေ ၂၅၀)၊ တနင်္သာရီတိုင်းဒေသကြီးရှိ သမုတ်လွှတ်လွှတ်တံတား (၁၂၈၇ ပေ)၊ ပုလုံးတုံးတုံးတံတား (ပေ ၂၄၀၀)၊ တနင်္သာရီတံတား (၁၄၄၄ ပေ) ၊ ပဲခူးတိုင်းဒေသကြီးရှိ စစ်တောင်းမြစ်ကူးတံတား(မြို့စိုး) (ပေ ၁၂၀၀)၊ ရွှေကျင်တံတား (၁၆၈၀ ပေ)က တည်ဆောက်ပြီးပါပြီ။ ဒီလိုပဲ မကွေးတိုင်းဒေသကြီးရှိ မုံချောင်းတံတား (ပေ ၁၈၀)၊ ဆည်ရိုးတံတား(ပေ ၁၈၀)၊ မန်းချောင်းတံတား (ပေ ၄၂၀)၊ ဩစတြီးယားနိုင်ငံချေးငွေဖြင့် ရခိုင်ပြည်နယ်ရှိ ကင်းချောင်းတံတား (၁၂၅၆ ပေ)၊ ဧရာဝတီတိုင်းဒေသကြီးရှိ လပွတ္တာတံတား (ပင်လယ်လေး) (ပေ ၁၃၄၀) တို့ တည်ဆောက်ပြီးစီးခဲ့ပြီ ဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်က ပြောသည်။

တံတားများ တည်ဆောက်အကောင်အထည်ဖော်မှုကြောင့် ဆက်သွယ်သွားလာရေးသည် မခက်ခဲတော့ဘဲ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံများ၏ လူမှုစီးပွားဘဝတိုးတက်ရန် များစွာအထောက်အကူပြုလျက်ရှိသည်။

"ကျွန်တော်တို့ ဒေသက တနင်္သာရီတံတားအဟောင်းက လွန်ခဲ့တဲ့ နှစ် ၂၀ လောက်က တည်ဆောက်ခဲ့ပြီး ဘေလီတံတား တစ်လမ်းသွားတံတား ဖြစ်ပါတယ်။ အဲဒီတံတားပေါ်မှာ ဖြတ်သန်းသွားလာတဲ့အခါ ၁၇ တန်၊ ၁၈ တန်လောက်ပဲ ဖြတ်သန်းသွားလာလို့ရတဲ့အတွက် ကုန်စည်ပို့ဆောင်ရေးမှာလည်း အခက်အခဲဖြစ်တာ၊ နှေးကွေးတာမျိုး ကြုံတွေ့ရတာ ရှိပါတယ်။ တစ်ဖက်က ဖြတ်နေရင် တစ်ဖက်က ရပ်ပေးထားတဲ့ ယာဉ်သွားလာမှုမှာ နှောင့်နှေးကြန့်ကြာမှု ရှိပါတယ်။"

"အခုတော့ တံတားသစ်ကြီး တည်ဆောက်ပြီးစီးလာပြီဖြစ်တဲ့အတွက် တံတားသစ်ကြီးရဲ့ အကျိုးကျေးဇူးကတော့ ကုန်စည်စီးဆင်းမှုတွေ မြန်ဆန်လာမှာဖြစ်သလို ဖြတ်သန်းသွားလာမယ့် Container / Transporter စတဲ့ ယာဉ်ကြီးတွေ သွားလာနိုင်သလို လုံခြုံမှု ဘေးကင်းမှု ပိုပြီးအားကောင်းလာမှာ ဖြစ်ပါတယ်" ဟု တနင်္သာရီမြို့ ချောင်းကြီးရပ်ကွက်မှ ဦးစိုးရီက ပြောသည်။

မွန်ပြည်နယ်ရှိ အတ္တရံမြစ်ကူး(စံပယ်ဂူ)တံတား (၂၁၁၃ ပေ) ၊ ချင်းပြည်နယ်ရှိ ဗားရ်အရန်တံတား (၅၅၈ ပေ)၊ ပဲခူးတိုင်းဒေသကြီးရှိ စစ်တောင်းမြစ်ကူးတံတား (ရေတာရှည်)(ပေ ၈၀၀)၊ မကွေးတိုင်းဒေသကြီးရှိ နွယ်တမယ်တံတား(ပေ ၁၄၂၀ )၊ ရန်ကုန်တိုင်းဒေသကြီးရှိ ပဲခူးမြစ်ကူးတံတား(ဒါးပိန်သပြေ)( ပေ ၁၀၅၀)၊ ရှမ်းပြည်နယ်တောင်ပိုင်းရှိ မိုင်းရှူးတံတား (၄၂၇ ပေ) ၊ ပွန်ချောင်း တံတား(ပေ ၁၉၀)၊ ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ ပုသိမ်တံတားအမှတ်(၂)(၂၃၁၈ ပေ)၊ ကျွန်းပြသာဒ်တံတား (၂၃၆၃ ပေ)၊ စော်ကဲတံတား (၂၄၆၁ ပေ) ၊ ဝါးခယ်မတံတား (ပေ ၁၉၀)၊ ရွှေလောင်းတံတား (ပေ ၃၀၂၀) တို့သည် မကြာမီ တည်ဆောက်ပြီးစီးတော့မည့် တံတားများ ဖြစ်သည်။

တံတားဦးစီးဌာနသည် ပဲခူးမြစ်ကူး တံတားအမှတ် (၃)၊ မြန်မာ– ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတား၊ ဂျိုင်း (ကော့ကရိတ်) တံတား၊ ဂျိုင်း(ဇာသပြင်)တံတား၊ အတ္တရံတံတားတို့ကို ODA ချေးငွေဖြင့် တည်ဆောက်ဆဲဖြစ်သည်။

ထို့အတူ နိုင်ငံတကာထောက်ပံ့ငွေဖြင့် ကွမ်းလုံ တံတားသစ်ကိုလည်း တည်ဆောက်သွားရန် စီစဉ်လျက်ရှိကြောင်း တံတားဦးစီးဌာနမှ သိရသည်။

တံတားဦးစီးဌာနအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ တည်ဆောက် ပြီးစီးခဲ့သည့် တံတားများ ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက် လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ၂၀၁၆ – ၂၀၁၇ဘဏ္ဍာနှစ်အတွင်းပေ ၅၀ နှင့်အထက် တံတား ၅၄၃ စင်း၊ ၂၀၁၇– ၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပေ ၅၀ နှင့်အထက်တံတား ၅၁၅ စင်း၊ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ပေ၅၀ နှင့် အထက်တံတား ၅၃၃ စင်း နှစ်စဉ်ထိန်းသိမ်းပြုပြင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"တံတားတွေက တည်ဆောက်ပြီးရင် ရေရှည်သုံးစွဲနိုင်ဖို့အတွက် ကျွန်တော်တို့ ဦးစီးဌာနနဲ့အတူ ပြည်သူတွေကိုပါ ပူးပေါင်းပါဝင်စေလိုပါတယ်။ တကယ်လို့ တံတားတွေမှာ အကြောင်းတစ်ခုခုကြောင့်၊ သဘာဝဘေးကြောင့် ပျက်စီးမှု ဖြစ်ပေါ်ခဲ့ရင် ကျွန်တော်တို့ ဦးစီးဌာနကို ပြည်သူတွေအနေနဲ့ အမြန်ဆုံး အကြောင်းကြားစေလိုပါတယ်။ သိလျှင်သိချင်း ကျွန်တော်တို့အနေနဲ့ ပြုပြင်သွားမှာပါ။ ဒါမှသာ ရေရှည်သုံးစွဲနိုင်တဲ့ တံတားတွေ ဖြစ်မှာပါ" ဟု ညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်က ပြောသည်။

တံတားများကို ပုံမှန်စစ်ဆေးခြင်း ၊ အခါအားလျော်စွာ စစ်ဆေးခြင်းနှင့် အရေးပေါ်စစ်ဆေးခြင်းတို့ကို သတ်မှတ်အချိန်ကာလနှင့်အညီ တံတားဦးစီးဌာန ထိန်းသိမ်းရေး အဖွဲ့များက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် တံတားဦးစီးဌာနအနေဖြင့် သဘာဝဘေးအန္တရာယ်များ ကျရောက်၍ တံတားများ ပျက်စီးမှုဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ လတ်တလောဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများကို သတ်မှတ်လုပ်ငန်းစဉ်များနှင့် အညီလိုက်နာကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် တံတားနှင့် လမ်းများ ပျက်စီးပြီး လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ပါက ဘေလီသံပေါင်ဖြင့် ယာယီတံတားများ ထိုးပေးရန် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ တံတားအထူးအဖွဲ့များတွင် ဘေလီများ ကြိုတင်စုဆောင်းထားရှိကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

# မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲဖိတ်ခေါ်ခြင်း

**နေပြည်တော် ဩဂုတ် ၁၇**

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁၃) ရက်နေ့တွင် ကျရောက်မည့် မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား ရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားမည်ဖြစ်ရာ ပြိုင်ပွဲအား ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် အောက်ဖော်ပြပါအတိုင်း ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရုပ်မြင်သံကြားဉာဏ်စမ်းပဟေဠိပြိုင်ပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံသား မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

(ခ) ပြိုင်ပွဲအား အဖွဲ့တစ်ဖွဲ့လျှင် အဖွဲ့ဝင် (၃) ဦးဖြင့်ဖွဲ့စည်း၍ စာရင်းပေးသွင်းရမည်။

(ဂ) ပါဝင်ယှဉ်ပြိုင်လိုသူများသည် ပူးတွဲဖော်ပြပါ လျှောက်လွှာပုံစံကို ပြည့်စုံစွာဖြည့်စွက်၍ National University of Arts and Culture-Yangon(NUAC-Ygn) Facebook Page နှင့် mmkeditor@gmail.com.email လိပ်စာများသို့ (၂၉-၈-၂၀၂၀)ရက်နေ့ ညနေ (၄) နာရီ နောက်ဆုံးထားပြီး ပေးပို့လျှောက်ထားရမည်။

(ဃ) ပြိုင်ပွဲဝင်လျှောက်ထားသူများစာရင်းကို (၃၀-၈-၂၀၂၀)ရက်နေ့တွင် -
- မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး MyanmarFilm100Years Facebook Page၊
- National University of Arts and Culture-Yangon(NUAC-Ygn)Facebook Page၊
- ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (Film Development Centre-FDC) Facebook Page တို့တွင် ကြေညာပေးထားမည်ဖြစ်သည်။

(င) လူတွေ့စစ်ဆေးရွေးချယ်ခြင်းကို (၁-၉-၂၀၂၀)ရက်နေ့နှင့် (၂-၉-၂၀၂၀)ရက်နေ့တို့တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ အမှတ်(၁၆)၊ ဝက်ပါလမ်း၊ ဗဟန်းမြို့နယ်တွင် ပြုလုပ်ပါမည်။

(စ) ပြိုင်ပွဲဝင်ခွင့်ရသည့်အဖွဲ့များကို (၃-၉-၂၀၂၀)ရက်နေ့တွင် MyanmarFilm100Years Facebook Page တွင် ကြေညာပေးထားပါမည်။

(ဆ) ပြိုင်ပွဲကို အဆင့်(၄)ဆင့် သတ်မှတ်ထားပြီး နောက်ဆုံးအဆင့်ဆုရသည့်အဖွဲ့များကို ပထမဆု၊ ဒုတိယဆု၊ တတိယဆုများ ချီးမြှင့်မည်။

(ဇ) ပြိုင်ပွဲဝင်များသည် မြန်မာ့ရုပ်ရှင်စတင်သည့် ၁၉၂၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ နှစ် ၁၀၀ အတွင်း မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းနှင့် မြန်မာရုပ်ရှင်ဇာတ်ကားများ၊ အကယ်ဒမီထူးချွန်ဆုနှင့်ပတ်သက်သော အကြောင်းအရာများ၊ မြန်မာ့ရုပ်ရှင်ငွေရတု၊ ရွှေရတု၊ စိန်ရတုအထိမ်းအမှတ် စာနယ်ဇင်းစာအုပ်စာတမ်းများကို ကြိုတင်လေ့လာဖတ်မှတ်ထားရန် လိုအပ်ပါသည်။

**မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနားကျင်းပရေး**
**ပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီ**

**မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနားကျင်းပရေးကော်မတီ**
**ဉာဏ်စမ်းပဟေဠိပြိုင်ပွဲလျှောက်လွှာ**

၁။ အဖွဲ့၏အမည် -

၂။ အဖွဲ့ဝင်(၁) အမည် -
အဘအမည် -
နိုင်ငံသားမှတ်ပုံတင်အမှတ် -
ပညာအရည်အချင်း -
ဆက်သွယ်ရမည့်လိပ်စာ -

**မှတ်ချက်။** အဖွဲ့ဝင်(၂)၊ (၃) အထက်ပါပုံစံအတိုင်း ဖြည့်စွက်ရမည်။

# မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရုပ်ရှင်ဇာတ်ကားတိုပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

**နေပြည်တော် ဩဂုတ် ၁၇**

၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁၃) ရက်နေ့တွင် ကျရောက်မည့် မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ဇာတ်လမ်းရုပ်ရှင်တို (Short Film)၊ မှတ်တမ်းရုပ်ရှင် (Documentary)နှင့် ကာတွန်းရုပ်ရှင်(Animation Film) ပြိုင်ပွဲများကို ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် အောက်ဖော်ပြပါ အချက်အလက်များနှင့်အညီ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည် -

(က) ဇာတ်လမ်းရုပ်ရှင်တို၊ မှတ်တမ်းရုပ်ရှင်နှင့် ကာတွန်းရုပ်ရှင်ပြိုင်ပွဲများအား အသက် (၃၅)နှစ်အောက် မြန်မာ့ရုပ်ရှင်ကို စိတ်ဝင်စားသူ ပြည်ထောင်စုမြန်မာနိုင်ငံသားတိုင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(ခ) ပြိုင်ပွဲဝင်အကြောင်းအရာမှာ "ရုပ်ရှင်ဖန်တီးမှုနှင့် နှီးနွှယ်သောအဖြစ်အပျက်များနှင့် စပ်လျဉ်းသည့် အပြုသဘောဆောင်သော တင်ပြမှုမျိုး" ဖြစ်ရမည်။

(ဂ) ဇာတ်လမ်းကြာမြင့်ချိန် (၁)မိနစ်မှ (၂၀)မိနစ်အတွင်း ဖြစ်ရပါမည်။ သတ်မှတ်ချက်နှင့် မကိုက်ညီပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(ဃ) ရုပ်သံအရည်အသွေး Full HD Quality အဆင့်မီရမည်ဖြစ်ပြီး ကင်မရာအမျိုးအစားသတ်မှတ်ထားခြင်း မရှိပါ။

(င) ယှဉ်ပြိုင်သောဇာတ်လမ်းသည် မိမိကိုယ်တိုင် ဖန်တီးထုတ်လုပ်ထားသည့် ဇာတ်လမ်းဖြစ်ကြောင်း ဝန်ခံချက် ပါရှိရပါမည်။ ဇာတ်လမ်းပါ အရုပ်များ၊ အသံများ၊ နောက်ခံတေးဂီတများနှင့် ပတ်သက်၍ ဖန်တီးသူမှ တာဝန်ယူရမည်။

(စ) အခြားရုပ်ရှင်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ဖူးသော (သို့မဟုတ်)ဆုရရှိဖူးသော ဇာတ်ကားများ ပါဝင်ယှဉ်ပြိုင်ခွင့် မရှိပါ။ ဆုချီးမြှင့်ပြီးနောက်ပိုင်း စိစစ်တွေ့ရှိပါက ဆုကိုပြန်လည်ရုပ်သိမ်းပါမည်။

(ဆ) ရုပ်ရှင်ဇာတ်ကားများပေးပို့ရာတွင် ပါဝင်ယှဉ်ပြိုင်သူ၏ အမည်၊ အဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်၊ ပညာအရည်အချင်း၊ ဆက်သွယ်ရမည့်လိပ်စာ၊ အနုပညာလှုပ်ရှားမှု (သို့) အနုပညာနှင့်ပတ်သက်သော ဝါသနာတို့ကိုဖော်ပြပြီး ရုပ်ရှင်ဇာတ်ကား၏ Full HD Format Video File အား ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (Film Development Centre-FDC) Facebook Page သို့ (၁၅-၉-၂၀၂၀) ရက်နေ့ ညနေ (၄) နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်။

(ဇ) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပရိသတ်အကြိုက်ဆုံးဆု ချီးမြှင့်သွားမည်။

(ဈ) ဆုရရှိသူများစာရင်းကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး MyanmarFilm100Years Facebook Page၊ National University of Arts and Culture-Yangon(NUAC-Ygn)Facebook Page ၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (Film Development Centre-FDC) Facebook Page တို့တွင် ကြေညာပေးထားမည်ဖြစ်သည်။

**မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနားကျင်းပရေး**
**ပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီ**

# ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ရက်တိုးမြှင့်ဖိတ်ခေါ်ခြင်း

**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **"ရာပြည့်တက္ကသိုလ်မြကျွန်းညို"**ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားပါမည်။ အဆိုပါ ပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ရန်ကုန်တက္ကသိုလ်၏ ခမ်းနားတင့်တယ်မှု၊ သမိုင်းအစဉ်အလာ ကြီးမြတ်မှုများ၊ ခေတ်အဆက်ဆက် ပြုပြင်ပြောင်းလဲခဲ့မှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ နိုင်ငံနှင့်လူမျိုးအတွက် အကျိုးပြုပုံရိပ်များ၊ အောင်မြင်ထူးချွန်ထင်ရှားသည့် လူပုဂ္ဂိုလ်များ၊ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် အဆောက်အဦများ၊ ရန်ကုန်တက္ကသိုလ် နှစ်ပေါင်း(၁၀၀)အတွင်း ဆောင်ရွက်ခဲ့သည့် လှုပ်ရှားမှုများနှင့် ပွဲတော်ပုံရိပ်များ စသည့် ရန်ကုန်တက္ကသိုလ်၏ အနှစ်သာရကို ဖော်ညွှန်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်ပါသည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပြိုင်ပွဲတွင် မြန်မာနိုင်ငံသားမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

(ခ) ဓာတ်ပုံမှာ မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံ ဖြစ်ရမည်။

(ဂ) ပြိုင်ပွဲဓာတ်ပုံအရွယ်အစားမှာ (၁၀ လက်မ x ၁၅ လက်မ)အရွယ်အစား တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်သည်။

(ဃ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။

(င) ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများအား ပြိုင်ပွဲသို့ ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Websiteများတွင် အသုံးပြုပြီးသော ဓာတ်ပုံများ မဖြစ်စေရ။

(ဆ) ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပေးပို့ရာတွင် ဓာတ်ပုံအရွယ်အစား၊ ၁၀ လက်မ x ၁၅ လက်မ ဓာတ်ပုံ Hard Copy နှင့် Soft Copy (CD)ကို ပူးတွဲပေးပို့ရမည်။

(ဇ) ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။

(ဈ) ပြိုင်ပွဲဝင်ဓာတ်ပုံတိုင်းတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသ တို့ကို ဓာတ်ပုံတိုင်း၏ နောက်ကျော၌ သီးခြားစက္ကူဖြင့်ကပ်ပြီး တစ်ပါတည်း ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲတွင်ဆုရရှိသူများအား **ပထမဆု** ငါးသိန်းကျပ်၊ **ဒုတိယဆု** သုံးသိန်းငါးသောင်းကျပ်၊ **တတိယဆု** နှစ်သိန်းကျပ်နှင့် **အထူးဆု** တစ်သိန်းကျပ်စီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့၊ ညနေ (၄) နာရီ နောက်ဆုံးထားယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားမှုအစား ရက်တိုးမြှင့်သတ်မှတ်၍ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့၊ ညနေ (၄) နာရီ နောက်ဆုံးထားပြီး ဦးကျော်ဇင်စိုး၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ၎င်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသောဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေး လုပ်ငန်းစီမံချက်(မူကြမ်း)နှင့် စပ်လျဉ်း၍ အကြံပြုချက်ပေးပို့နိုင်ကြောင်း အသိပေးကြေညာခြင်း**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၇ ရက်

၁။ အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီသည် အမျိုးသားမြေအသုံးချမှုမူဝါဒနှင့်အညီ အမျိုးသားမြေဥပဒေ ရေးဆွဲပြုစုရေးလုပ်ငန်းစီမံချက်(မူကြမ်း)ရရှိရန် လုပ်ငန်းကော်မတီဝင်များ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် အလုပ်ရုံဆွေးနွေးပွဲ နှစ်ကြိမ် ကျင်းပခဲ့ပြီး ရရှိလာသော လုပ်ငန်းစီမံချက်(မူကြမ်း)ကို ၁၇-၇-၂၀၂၀ ရက်နေ့တွင် ကျင်းပသည့် ဒုတိယအကြိမ် လုပ်ငန်းကော်မတီအစည်းအဝေးမှ အတည်ပြုခဲ့ပြီး ဖြစ်ပါသည်။

၂။ ယင်းလုပ်ငန်းစီမံချက် (မူကြမ်း) ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး Website - www.oag. gov.mm တွင် ဖော်ပြထားပါသည်။

၃။ လုပ်ငန်းစီမံချက် (မူကြမ်း) နှင့် စပ်လျဉ်း၍ အကြံပြုချက်များ ပေးပို့လိုပါက draftingnll@gmail.com သို့ဖြစ်စေ၊ ဖုန်းနံပါတ် ၀၉-၂၀၃၅၄၇၃၊ ၀၆၇-၄၀၄၃၉၇ သို့ဖြစ်စေ၊ ဒေါ်မိသန္တာမြင့် ညွှန်ကြားရေးမှူး ဥပဒေများစိစစ်အကြံပြုရေးဌာနခွဲ၊ ဥပဒေစိစစ်အကြံပြုရေးဦးစီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ရုံးအမှတ် (၂၅) သို့ဖြစ်စေ ၁၅-၉-၂၀၂၀ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့်**
**မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများသဟဇာတ**
**ဖြစ်ရေးလုပ်ငန်းကော်မတီ**

# တောင်ကိုရီးယား၌ ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၂၀၀ နီးပါး ထပ်မံတွေ့ရှိ

ဆိုးလ် ဩဂုတ် ၁၇

**တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်မှုနှုန်းမှာ မြင့်တက်လျက်ရှိသည့်အတွက် ကူးစက်မှု ရပ်တန့်နိုင်ရေးအတွက် အစိုးရက အပြင်းအထန် ကြိုးစားလျက်ရှိသည်။ အထူးသဖြင့် ဆိုလ်းမြို့ဧရိယာတွင် ကူးစက်မှုထိန်းချုပ်နိုင်ရေး ကြိုးပမ်းနေကြသည်။ ဩဂုတ် ၁၆ ရက်က တောင်ကိုရီးယားတွင်ကူးစက်မှု ၂၀၀ နီးပါးကို ထပ်မံတွေ့ရှိခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၁၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။**

နေ့စဉ်ကူးစက်မှုနှုန်း ၁၀၀ ကျော်နေသည်မှာ လေးရက်ဆက်တိုက်ရှိနေပြီဖြစ်သည်။ နောက်ထပ်အသစ် ကူးစက်မှု၏ ၈၀ ရာခိုင်နှုန်းမှာ ဆိုးလ်မြို့နှင့် ဂီယွန်ဂျီပြည်နယ်တို့မှဖြစ်ကြောင်း သိရသည်။

မြို့တော်အတွင်း ကူးစက်မှုအများအပြားမှာ ဆာရန်ဂျယ် ချာ့ချ်ကျောင်းနှင့် ဆက်စပ်မှုရှိကြောင်း၊ ကူးစက်ခံရသူ ၃၁၂ ဦးမှာ အဆိုပါ ချာ့ချ်ကျောင်းနှင့် ဆက်စပ်မှုရှိနေသည်ဟု အာဏာပိုင်များက ပြောသည်။

**စုဝေးပွဲပေါ်ပေါက်**

ဆိုးလ်မြို့တွင် ဩဂုတ် ၁၅ ရက်က အစိုးရဆန့်ကျင်ရေးစုဝေးပွဲပေါ်ပေါက်ခဲ့ပြီး အရာရှိများနှင့် သင်းအုပ်ဆရာများ ပါဝင်ခဲ့ကြသည်။

**ကူးစက်မှုများလာနိုင်**

ယင်းစုဝေးပွဲမှတစ်ဆင့် ကူးစက်မှုများလာနိုင်ကြောင်း ဝန်ကြီးချုပ် ချောင်ဆီကျွမ်းက အစိုးရလုပ်ငန်းအဖွဲ့ကို ပြောသည်။

ဗိုင်းရပ်စ် ရှိ မရှိ စစ်ဆေးမှုပြုလုပ်နိုင်ရန် လူစာရင်း အပြည့်အစုံမပေးဟုဆိုကာ သင်းအုပ်ဆရာ တစ်ဦးကို အစိုးရက အမှုဖွင့်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



တောင်ကိုရီးယားတွင် ကိုဗစ်-၁၉ ရှိ မရှိစစ်ဆေးပေးနေသည့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ရစဉ်။

# ဩစတြေးလျနိုင်ငံ၌ ကိုဗစ် -၁၉ ကြောင့် သေဆုံးသူ ၄၀၀ ကျော်ရှိလာ

**ကင်ဘာရာ ဩဂုတ် ၁၇**

ဩစတြေးလျနိုင်ငံ၌ ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူအရေအတွက်မှာ ဩဂုတ် ၁၇ ရက်တွင် ၄၀၀ ကျော်လွန်သွားပြီဟုသိရသည်။

ဗစ်တိုးရီးယား ပြည်နယ်တွင် ကိုဗစ်- ၁၉ကြောင့် သေဆုံးသူ ၂၅ ဦး တိုးလာသည့်အတွက် စုစုပေါင်း သေဆုံးသူအရေအတွက်မှာ ၄၂၁ ဦး အထိရှိကြောင်း အာဏာပိုင်များက အတည်ပြုခဲ့သည်။

သေဆုံးသူ ၂၅ ဦးတွင် ၂၂ ဦးမှာ သက်ကြီးရွယ်အို စောင့်ရှောက်ရေး ဂေဟာမှ ဖြစ်သည်ဟု ဗစ်တိုးရီးယား ပြည်နယ် ဝန်ဆောင်မှုနှင့် ကျန်းမာရေး ဌာနမှ သတင်းထုတ်ပြန်သည်။

သက်ကြီးရွယ်အို စောင့်ရှောက်ရေးဂေဟာများနှင့် ဆက်စပ်ကာ ကူးစက်ခံရသူပေါင်း ၁၉၉၉ ဦးရှိပြီး ပြည်နယ်အတွင်း ကျန်းမာရေးဝန်ထမ်း ၁၀၆၄ ဦးတွင်လည်း ကိုဗစ် - ၁၉ ကူးစက်ခံထားရကြောင်း ကျန်းမာရေး ဌာနကပြောသည်။

ဗစ်တိုးရီးယား ပြည်နယ်တွင် သေဆုံးမှုနှုန်း တိုးနေသော်လည်း ကူးစက်မှုနှုန်းမှာမူ လျော့ကျနေပြီဟု သိရသည်။ ဩစတြေးလျနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်မှု ၂၃၅၅၉ ဦးရှိပြီး ပြီးခဲ့သည့် ၂၄ နာရီအတွင်း ကူးစက်ခံရသူ ၂၉၀ ထပ်မံတွေ့ရှိခဲ့သည်ဟု ဩစတြေးလျနိုင်ငံဆေးဘက်ဆိုင်ရာ ဒုတိယအကြီးအကဲဖြစ်သူ နစ်ခ်ကိုဗ်ဝေါ့က ဩဂုတ် ၁၇ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

နောက်ထပ်ကူးစက်ခံရသူ ၂၉၀ တွင် ဗစ်တိုးရီးယားပြည်နယ်မှကူးစက်ခံရသူ ၂၈၂ ဦးရှိသည့်အတွက် ဇူလိုင် ၁၅ ရက်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် နေ့စဉ်ကူးစက်မှု ၃၀၀ အောက် ကျဆင်းလာခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

**ဆင်ဟွာ**




ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် လှုပ်ရှားနေကြသည့် ကျန်းမာရေးဝန်ထမ်းများကို တွေ့ရစဉ်။

# အာရပ်တိုင်းပြည်များနှင့် ဆက်ဆံရေးပြန်လည်ထူထောင်နိုင်ရေး အစ္စရေးနည်းလမ်းရှာဖွေ

ဂျေရုဆလင် ဩဂုတ် ၁၇

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် နောက်ထပ်အာရပ်နိုင်ငံများနှင့် ငြိမ်းချမ်းရေးသဘောတူညီမှု ပြုလုပ်နိုင်ရန် အလားအလာကောင်းသည်ဟု အရိပ်အမြွက်ပြောကြားခဲ့သည်။

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နှင့် ပုံမှန်ဆက်ဆံရေး ပြန်လည်ထူထောင်ရန် သဘောတူညီမှုရပြီးနောက် အစ္စရေးဝန်ကြီးချုပ်က ယခုလို အရိပ်အမြွက်ပြောကြားခဲ့ခြင်း ဖြစ်သည်။

နေတန်ယာဟုသည် အမေရိကန် ဖော့စ်သတင်းချန်နယ်နှင့် ဩဂုတ် ၁၆ ရက်က အင်တာဗျူးပြုလုပ်နေစဉ်အတွင်း ယခုလိုပြောကြားခဲ့ခြင်းဖြစ်သည်။



၂၀၁၉ ခုနှစ်က အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးညီလာခံသို့ တက်ရောက်လာသည့် အစ္စရေးဝန်ကြီးချုပ် (အလယ်) ကို တွေ့ရစဉ်။

ယူအေအီးနှင့် ပုံမှန်ဆက်ဆံရေး ပြန်လည်ထူထောင်ပြီးနောက် ပထမဆုံးအကြိမ် အင်တာဗျူးပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံကို တစ်ကြိမ်တစ်ခါက ရန်သူအဖြစ် ရှုမြင်ခဲ့ကြသည့် နိုင်ငံများသည် ယခုအခါ အစ္စရေးကို မရှိမဖြစ် မဟာမိတ်နိုင်ငံအဖြစ် ရှုမြင်လာကြမည်ဟုလည်း နေတန်ယာဟုက ပြောကြားခဲ့သည်။

ယခုအခါ အာရပ်ခေါင်းဆောင်များနှင့် ဆွေးနွေးမှုပြုလုပ်နေကြောင်း၊ ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်နိုင်ပါက အံ့အားသင့်ဖွယ်အရာများကို အောင်မြင်စွာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထောက်လှမ်းရေး အကြီးအကဲ အီလီကိုဟင်ကလည်း နောက်ထပ် ပင်လယ်ကွေ့နိုင်ငံများ၊ အာဖရိကရှိ မွတ်စလင်နိုင်ငံများနှင့် သဘောတူညီမှုများ ထပ်မံပြုလုပ်ဖွယ်ရှိသည်ဟု ရေဒီယို အစီအစဉ်ကတစ်ဆင့် ဩဂုတ် ၁၆ ရက်တွင် ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ကနေဒါအစိုးရအကောင့် ထောင်ပေါင်းများစွာ ဆိုက်ဘာတိုက်ခိုက်ခံရ

**အော့တဝါ ဩဂုတ် ၁၇**

ကနေဒါနိုင်ငံရှိ အစိုးရအွန်လိုင်းဝန်ဆောင်မှု အကောင့်ထောင်ပေါင်းများစွာတို့ မကြာသေးမီအချိန်က ဆိုက်ဘာတိုက်ခိုက်ခံရစဉ်အတွင်း အခြားကွန်ပျူတာမှ အချက်အလက်များ ရယူနှောင့်ယှက်မှုခံရကြောင်း အာဏာပိုင်များက ဩဂုတ် ၁၅ ရက်တွင် ပြောကြားခဲ့သည်။

ပြည်ထောင်စုအဆင့် ဌာန၃၀ နှင့် ကနေဒါအခွန်အေဂျင်စီအကောင့်များကို အသုံးပြုကာ ကနေဒါနိုင်ငံ၏ အဓိကအစိုးရအွန်လိုင်း ဝန်ဆောင်မှုဖြစ်သည့် ဂျီစီအီးဝန်ဆောင်မှုကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ကနေဒါ ဘဏ္ဍာရေးဘုတ်အဖွဲ့ အတွင်းရေးမှူးရုံးတို့က သတင်းစာရှင်းလင်းပွဲတွင် ဖြေရှင်းခဲ့သည်။

**အကောင့်များကို ပယ်ဖျက်**

ဂျီစီအီးအကောင့်အသုံးပြုသူ ၉၀၄၁ ဦးမှာ လှည့်ဖြားခံရပြီး အစိုးရဝန်ဆောင်မှုများကို ဝင်ရောက်ရန် ကြိုးပမ်းခဲ့သည်ဟု သိရသည်။ ယခုအခါ တိုက်ခိုက်ခံရသည့် အကောင့်များကို ပယ်ဖျက်လိုက်ပြီဖြစ်သည်။

ကနေဒါ အခွန်အေဂျင်စီမှ အကောင့်ပေါင်း ၅၅၀၀ ကျော်မှာလည်း တခြားသော ဆိုက်ဘာတိုက်ခိုက်မှုတွင် ပစ်မှတ်ထားကာ တိုက်ခိုက်ခြင်းခံရကြောင်း အာဏာပိုင်များက ပြောသည်။

**အသုံးပြုခြင်းကို ဆိုင်းငံ့ထား**

အခွန်ပေးဆောင်သူများ၏ အချက်အလက်များကို ကာကွယ်ရန်အတွက် တိုက်ခိုက်ခံရသည့် အကောင့်များဖြင့် အသုံးပြုခြင်းကို ဆိုင်းငံ့ထားသည်ဟု သိရသည်။

**စုံစမ်းမှုများဆက်လက်လုပ်ဆောင်**

ဆိုက်ဘာတိုက်ခိုက်မှုမှတစ်ဆင့် မည်သည့်သတင်းအချက်အလက်များ ပေါက်ကြားသွားသည်ကို အစိုးရနှင့် ရဲဌာနတို့ ပူးပေါင်းကာ စုံစမ်းမှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

**အေအက်ဖ်ပီ**

## ဂျာမနီနိုင်ငံ၌ မိုးပျံလေပူဖောင်း ပျက်ကျမှုကြောင့် မောင်းနှင်သူ သေဆုံး

ဘာလင် ဩဂုတ် ၁၇

ဂျာမနီနိုင်ငံ ရိုင်းမြစ် မြစ်ကမ်းပါးအနီးတွင် မိုးပျံလေပူဖောင်း ပျက်ကျမှုကြောင့် မောင်းနှင်သူသေဆုံးပြီး ခရီးသည်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဩဂုတ် ၁၇ ရက်တွင် ရဲများက ပြောသည်။

**ကနဦးစုံစမ်းစစ်ဆေးမှုများ ပြုလုပ်**

အဆိုပါ မိုးပျံလေပူဖောင်းမှာ လေပြင်းမိပြီး ဂျာမနီနိုင်ငံအနောက်ပိုင်း ကော့ဘ်လန့်တောင်ပိုင်း အာဘာခရိုင်အနီးတွင် ဩဂုတ် ၁၆ ရက် ည ၈ နာရီက မြေပြင်ပေါ်ထိုးဆင်းခဲ့ခြင်းဖြစ်ကြောင်း ဒေသခံရဲများ၏ ကနဦး စုံစမ်းစစ်ဆေးမှုများအရ သိရသည်။

အဆိုပါ မိုးပျံလေပူဖောင်းမှာ မြေပြင်နှင့် ရိုက်မိပြီး ခရီးသည်လေးဦးမှာ လွင့်စဉ်သွားခဲ့သည်။ ထို့နောက် တောင်စောင်း ပေါ် တရွတ်တိုက်ပါသွားပြီးနောက် သစ်ပင်နှင့် တိုက်မိခဲ့သည်။

**ကယ်ဆယ်ရေးလုပ်ဆောင်**

မိုးပျံလေပူဖောင်းကို မောင်းနှင်သူမှာ ရရှိသည့် ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး ဒဏ်ရာရရှိသူနှစ်ဦးမှာလည်း ဒဏ်ရာပြင်းထန်ကြောင်း၊ ခရီးသည်အားလုံးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီးဖြစ်ကြောင်း ရဲများက ပြောသည်။ ကယ်ဆယ်ရေးလုပ်ငန်း လုပ်ဆောင်ရန် လူပေါင်း ၁၀၀ ကျော် ပါဝင်ကြကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ကမ္ဘာတစ်ဝန်းရှိ လေကြောင်းသွားလာမှုများ ၂၀၂၄ မတိုင်မီအထိ ယခင်အခြေအနေ ပြန်ရောက်နိုင်ဦးမည်မဟုတ်

တိုကျို ဩဂုတ် ၁၇

**ကမ္ဘာတစ်ဝန်းရှိ လေကြောင်းသွားလာမှုများသည် ၂၀၂၄ မတိုင်မီအထိ ကိုဗစ်-၁၉ ရောဂါ မကျရောက်မီက ရှိခဲ့သည့် အခြေအနေသို့ ပြန်ရောက်နိုင်လိမ့်မည်မဟုတ်ကြောင်း၊ ယခုနှစ်တွင် စီးပွားရေး ပြန်လည်နာလန်ထူရန် နှေးကွေးနေသည့်အတွက် ခန့်မှန်းထားသည်ထက် တစ်နှစ်နောက်ကျနိုင်ကြောင်း နိုင်ငံတကာ လေကြောင်းသယ်ယူပို့ဆောင်ရေး အဖွဲ့အစည်းက ပြောကြားသည်။**



ဂျပန်နိုင်ငံ ဟာနီဒါလေဆိပ်၌ ခရီးသည်တင်လေယာဉ်အချို့ ရပ်နားထားမှုကိုတွေ့ရစဉ်။

၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်းရှိ ခရီးသွားလာသူ အရေအတွက် ၅၅ ရာခိုင်နှုန်းအထိ လျော့ကျမည်ဟု ခန့်မှန်းထားသည်။ လေကြောင်းလိုင်းများ အခြေအနေ ပြန်ကောင်းလာရန်မှာ ယခင်ခန့်မှန်းထားသည်ထက် တစ်နှစ်ပိုကြာနိုင်ကြောင်း နိုင်ငံတကာလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ အထွေထွေအတွင်းရေးမှူး အလက်ဇန်း ဒရီဒီ ဂျူနီယက်က ပြီးခဲ့သည့်လ နှောင်းပိုင်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ငွေကြေးဆိုင်ရာ ဖိအားကျရောက်မှုများကြောင့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းအရ ခရီးသွားလာမှုများကို လျှော့ချလာလျက်ရှိရာ အမေရိကန်ပြည်ထောင်စုနှင့် စီးပွားရေး ဖွံ့ဖြိုးဆဲနိုင်ငံအချို့တွင် နှေးကွေးသည့် ဗိုင်းရပ်စ်ထိန်းချုပ်မှုနှင့်အတူ အနာဂတ်အလုပ်အကိုင်အခွင့်အလမ်းအတွက် ယုံကြည်မှု နည်းပါးလာလျက်ရှိကြောင်း သိရသည်။

ဗိုင်းရပ်စ်ထိန်းချုပ်နိုင်ရေး ကြိုးပမ်းမှု သို့မဟုတ် ကာကွယ်ဆေးရရှိရေးကြိုးပမ်းမှု မအောင်မြင်ခဲ့လျှင် လေကြောင်းလိုင်းများအနေဖြင့် ကပ်ရောဂါ မကျရောက်မီက အခြေအနေသို့ပြန်လည်ရောက်ရှိရန် မျှော်မှန်းထားမှုများ ပျက်ပြယ်သွားနိုင်ကြောင်း နိုင်ငံတကာလေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ အကြီးအကဲက ပြောကြားခဲ့သည်။

လေကြောင်းခရီးစဉ်သွားလာမှုများသည် ပြီးခဲ့သည့် ဇွန်လအတွင်း ၈၆ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး မေလတွင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအများအပြားက ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များချမှတ်ခဲ့ရာ ၉၁ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်။

သို့ဖြစ်ရာ လေကြောင်းကုမ္ပဏီများအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၈၄ ဒသမ ၃ ဘီလီယံဆုံးရှုံးဖွယ်ရှိပြီး ဝင်ငွေရရှိမှု ၅၀ ရာခိုင်နှုန်း ကျဆင်းဖွယ်ရှိကြောင်း အဖွဲ့က ပြောကြားသည်။

ကျိုဒို

# ဆိုမာလီနိုင်ငံ၌ ဟိုတယ်တစ်လုံးကို စစ်သွေးကြွများ ဝင်ရောက်စီးနင်းမှုဖြစ်ပွား

**မိုဂါဒစ်ရှူး ဩဂုတ် ၁၇**

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့ ကမ်းခြေနံဘေးရှိ ဟိုတယ်တစ်လုံးကို ဩဂုတ် ၁၆ ရက်ညပိုင်းတွင် အယ်လ်ရှာဘတ် စစ်သွေးကြွများက စီးနင်းခဲ့ရာမှ ဆိုမာလီလုံခြုံရေး တပ်ဖွဲ့များနှင့် အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့အရာရှိတစ်ဦး အပါအဝင် လူ ၁၆ ဦး သေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

စစ်သွေးကြွများက လီဒိုကမ်းခြေရှိ အီလိုက်ဟိုတယ်ကို ဝင်ရောက်စီးနင်းခဲ့ပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာခဲ့သည်။ နှစ်ဖက်ပစ်ခတ်မှုများအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် အယ်လ်ရှာဘတ်စစ်သွေးကြွငါးဦး သေဆုံးခဲ့ကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ အစ္စမေးလ် မူခတာအိုမာက ပြောသည်။

အီလိုက်ဟိုတယ် တိုက်ခိုက်မှုတွင် ထိခိုက်ဒဏ်ရာရရှိသူ ၂၈ ဦး ရှိကြောင်း၊ ၎င်းတို့ကို ဆေးရုံသို့ မြန်မြန်ဆန်ဆန် ပို့ဆောင်ခဲ့ကြောင်း သိရသည်။



ဆိုမာလီဟိုတယ်တွင် စစ်သွေးကြွများ ဗုံးဖောက်ခွဲခဲ့သည့် နေရာ၌ ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

ဆိုမာလီအထူးတပ်ဖွဲ့များသည် ဟိုတယ်ပိုင်ရှင်အပါအဝင် ဟိုတယ်အဆောက်အအုံအတွင်းရှိ လူ ၂၀၅ ဦးထက်မနည်းကို ကယ်ဆယ်ခဲ့ကြောင်း အစိုးရအာဏာပိုင်များက ပြောကြားခဲ့သည်။

စစ်သွေးကြွများသည် ဩဂုတ် ၁၆ ရက် ညနေပိုင်းတွင် ဟိုတယ်ဂိတ်ဝပေါက်၌ ကားဗုံးဖောက်ခွဲမှုလုပ်ဆောင်ခဲ့ပြီးနောက် အဆောက်အအုံအတွင်းသို့ ဝင်ရောက်စီးနင်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ အထူးတပ်ဖွဲ့များ ချက်ချင်းရောက်ရှိလာပြီး ကယ်ဆယ်ရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ အယ်လ်ခိုင်ဒါအဖွဲ့နှင့် မဟာမိတ်ပြုထားသည့် အယ်လ်ရှာဘတ် စစ်သွေးကြွအဖွဲ့က ဟိုတယ်ကို ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ကိုဗစ် - ၁၉ ကို အိန္ဒိယနိုင်ငံက အနိုင်တိုက်မည်ဟု ဝန်ကြီးချုပ် မိုဒီပြော

**နယူးဒေလီ ဩဂုတ် ၁၇**

အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေးနေ့ ပြည်သူများသို့ မိန့်ခွန်းပြောကြားရာတွင် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ကိုဗစ်- ၁၉ ကို အနိုင်ရအောင် တိုက်ထုတ်မည်ဖြစ်ကြောင်း ပြောကြားသည်။



အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ

အိန္ဒိယနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားမှု အရှိန်မြင့်လျက်ရှိပြီး သေဆုံးသူ အရေအတွက်မှာလည်း ပိုမိုများပြား လာလျက်ရှိသည်။ မြို့တော်နယူးဒေလီ၌ ကျင်းပခဲ့သည့် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြားခဲ့စဉ် အတွင်း ဝန်ကြီးချုပ်မိုဒီက အိန္ဒိယနိုင်ငံတွင် ကာကွယ်ဆေးသုံးမျိုးကို တီထွင်ဖော်စပ်လျက်ရှိပြီး စမ်းသပ်မှုအဆင့် လုပ်ဆောင်လျက်ရှိကြောင်း ပြောကြားသည်။

ကျွမ်းကျင်သူ ပညာရှင်များက မီးစိမ်းပြလိုက်သည်နှင့် ကာကွယ်ဆေး အမြောက်အမြားကို စတင်ထုတ်လုပ်မည်ဖြစ်ကြောင်း၊ လူတိုင်းကာကွယ်ဆေး ရရှိနိုင်ရန်အတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။

လွတ်လပ်ရေးနေ့မိန့်ခွန်းအတွင်း ဝန်ကြီးချုပ်မိုဒီသည် အိန္ဒိယနိုင်ငံ မြောက်ပိုင်းရှိ အငြင်းပွားမှုဖြစ်နေသည့် လာဒါနယ်စပ်၌ ဇွန်လအတွင်းက ဖြစ်ပွားခဲ့သော အိန္ဒိယနှင့် တရုတ်တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုနှင့်ပတ်သက်၍လည်း ရည်ညွှန်းပြောဆိုခဲ့သည်။ အဆိုပါ တိုက်ခိုက်မှုအတွင်း အိန္ဒိယတပ်ဖွဲ့ဝင် ၂၀ သေဆုံးခဲ့သည်။

အင်န်အိတ်ချ်ကေ

# အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၈၂၁ ဦး ထပ်တိုး

**ဂျကာတာ ဩဂုတ် ၁၇**

အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ အရေအတွက်၁၈၂၁ဦး ထပ်မံတွေ့ရှိရာ စုစုပေါင်း ရောဂါကူးစက်ခံရသူ အရေအတွက် ၁၄၁၃၇၀ ဖြစ်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ရောဂါကူးစက်မှုကြောင့် သေဆုံးသူ ၅၇ ဦး ထပ်မံထွက်ပေါ်လာပြီးနောက် နိုင်ငံအတွင်း သေဆုံးသူအရေအတွက်စုစုပေါင်း ၆၂၀၇ ဦးအထိ ဖြစ်လာခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ ရောဂါကူးစက်မှုမှ ပြန်ကောင်းလာသူ ၁၃၅၅ ဦးရှိရာ ရောဂါပျောက်ကင်းသူအရေအတွက် စုစုပေါင်း ၉၄၄၅၈ ဦးဖြစ်ကြောင်း သိရသည်။

## ပြည်နယ်ပေါင်း ၃၄ ခုတို့တွင် ပျံ့နှံ့လျက်ရှိ

ကိုဗစ် –၁၉ ဗိုင်းရပ်စ်သည် အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းရှိ ပြည်နယ်ပေါင်း ၃၄ ခုတို့တွင် ပျံ့နှံ့လျက်ရှိပြီး ပြီးခဲ့သည့် တစ်ရက်အတွင်း ဂျကာတာ၌ ရောဂါထပ်မံကူးစက်ခံရသူ ၅၅၂ ဦး၊ အရှေ့ဂျာဗား၌ ၃၃၆ ဦး၊ အာချေး၌ ၁၆၈ ဦး၊ အရှေ့ကာလီမန်တန်၌ ၁၁၆ ဦးနှင့် စူလာဝေဆီတောင်ပိုင်းတွင် ၉၇ ဦးအထိ ကူးစက်ခံခဲ့ရကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

## ထပ်မံကူးစက်ခံရသူ မရှိသေး

လက်ရှိတွင် ပြည်နယ်သုံးခုဖြစ်သည့် ဘန်ကူလူ၊ ကာလီမန်တန်အနောက်ပိုင်းနှင့် အရှေ့နူဆာတန်ဂါရာတို့တွင် ရောဂါထပ်မံကူးစက်ခံရသူ မရှိသေးကြောင်း သိရသည်။

ဆင်ဟွာ

# ဘေရွတ်ပေါက်ကွဲမှုတွင် နစ်နာခဲ့သည့် လက်ဘနွန်ပြည်သူများက လျော်ကြေးရရန် ကြိုးပမ်း

**ဘေရွတ် ဩဂုတ် ၁၇**

လက်ဘနွန်နိုင်ငံ ဘေရွတ်ဆိပ်ကမ်း၌ အကြီးစားပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက်တွင် လက်ဘနွန်ပြည်သူ ၂၅၀၀ တို့က ပေါက်ကွဲမှုများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် လျော်ကြေးငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၂၅ သန်းကို ရရှိရန် အာမခံကုမ္ပဏီများသို့ တောင်းခံထားကြောင်း လက်ဘနွန်စီးပွားရေးဝန်ကြီးက ဩဂုတ် ၁၇ ရက်တွင် ကြေညာသည်။

အာမခံလျော်ကြေးငွေတောင်းခံရန် လျှောက်လွှာတင်ထားသူ အရေအတွက်မှာ ၁၀၀၀၀ အထိ ရှိမည်ဟု ခန့်မှန်းရကြောင်း လက်ဘနွန်စီးပွားရေးဝန်ကြီး ရိုနက်မီက နေရှင်နယ်သတင်းအေဂျင်စီသို့ ပြောကြားခဲ့သည်။ ပေါက်ကွဲမှုအတွင်း ထိခိုက်ဆုံးရှုံးနစ်နာခဲ့မှုများအတွက် လျော်ကြေးငွေပေးရန် အာမခံကုမ္ပဏီများကို တိုက်တွန်းခဲ့သည့် လက်ဘနွန်သမ္မတ မစ်ချယ်အွန်က လျော်ကြေးငွေရရှိရေးကြိုးပမ်းရာတွင် အခက်အခဲရှိသူများကို စီးပွားရေးဝန်ကြီးဌာနက အကူအညီပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြို့တော်ဘေရွတ်၌ ဩဂုတ် ၄ ရက်က ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှုကြောင့် တစ်မြို့လုံးရှိ အဆောက်အအုံများ တုန်ခါခဲ့ပြီး သေဆုံးသူ ၁၇၇ ဦးထက်မနည်းရှိခဲ့ကာ ထိခိုက်ဒဏ်ရာရသူ ၆၀၀၀ ရှိသည်။ ယင်းပေါက်ကွဲမှုကြောင့် လက်ဘနွန်နိုင်ငံအနေဖြင့် ဒေါ်လာဘီလီယံချီ ထိခိုက်ဆုံးရှုံးခဲ့ရသည်။

အေအက်ဖ်ပီ

# ကိုဗစ် - ၁၉ တစ်ကျော့ပြန်လာတဲ့အတွက် နယူးဇီလန်ရွေးကောက်ပွဲကို ရွှေ့ဆိုင်း

## ထွန်းသစ်စ

**ကိုဗစ်–၁၉ ဒုတိယဝဲဂယက်ပြန်လည်ရိုက်ခတ်လာတဲ့အတွက် ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်ဟာ မျှော်လင့်စောင့်စားနေတဲ့ နယူးဇီလန်နိုင်ငံရဲ့ ရွေးကောက်ပွဲကို အောက်တိုဘာ ၁၇ ရက်အထိ ရွှေ့ဆိုင်းလိုက်ရပါတယ်။ လွန်ခဲ့တဲ့သီတင်းပတ်က အောက်ကလန်မှာ ကိုဗစ်–၁၉ ကို တစ်ကျော့ပြန်တွေ့ရှိခဲ့ပြီးနောက် မူလသတ်မှတ်ထားတဲ့ စက်တင်ဘာ ၁၉ ရက် ဆန္ဒမဲပေးမှုကို ရွှေ့ဆိုင်းလိုက်တဲ့အတွက် အာဒန်ဟာ နိုင်ငံရေးပြိုင်ဘက်တွေနဲ့ သူ့ရဲ့ညွန့်ပေါင်းမိတ်ဖက်တွေရဲ့ ဖိအားတွေနဲ့လည်း ရင်ဆိုင်နေရပါတယ်။ အဲဒီလို ကိုဗစ်–၁၉ ရောဂါကူးစက်မှုကို တွေ့ရှိခဲ့တဲ့အတွက် နိုင်ငံရဲ့ အကြီးဆုံးမြို့ကို အသွားအလာကန့်သတ်ပိတ်ဆို့မှုတွေ ပြုလုပ်ခဲ့ပါတယ်။**

### အားခဲထားသူတွေ အားလျော့

ရက်ပေါင်း ၁၀၂ ရက်ကြာပြီးနောက် ကိုဗစ်–၁၉ ရောဂါကူးစက်မှုကို ပြန်လည်တွေ့ရှိလိုက်ခြင်းက နယူးဇီလန်နိုင်ငံသားတွေအတွက် စိတ်လှုပ်ရှားစရာ ဖြစ်စေခဲ့သလို စက်တင်ဘာရွေးကောက်ပွဲမှာ မဲပေးဖို့ အားခဲထားသူတွေအတွက်လည်း အားလျော့မှုတွေ ဖြစ်စေခဲ့ပါတယ်။

အများဆန္ဒသဘောထားကောက်ယူမှုမှာ အမြင့်ဆုံးနေရာမှာရှိနေတဲ့ ဗဟိုလက်ဝဲယိမ်းခေါင်းဆောင်က မဲဆွယ်စည်းရုံးမှုတွေကို ထိန်းချုပ်ဟန့်တားလိုက်ခြင်းက ရွေးကောက်ပွဲအပေါ် မညီမျှစေဘဲ လက်ရှိအစိုးရကို ဦးစားပေးသလိုဖြစ်စေမယ်ဆိုတဲ့ ပြိုင်ဘက်တွေရဲ့ စိုးရိမ်မှုတွေနဲ့ ငြီးငြင်မှုတွေကိုလည်း နားလည်ထားပါတယ်လို့ ပြောကြားလိုက်ပါတယ်။

### အောက်တိုဘာ ၁၇ ရက်မှာ ကျင်းပမယ်

သီတင်းပတ်အဆုံးမှာ ပါတီခေါင်းဆောင်တွေနဲ့ ရွေးကောက်ပွဲကော်မရှင်နဲ့ ဆွေးနွေးညှိနှိုင်းပြီးနောက်မှာ သူက ရွေးကောက်ပွဲကို အောက်တိုဘာ ၁၇ ရက်မှာ ပြန်လည်ကျင်းပဖို့ စီစဉ်ခဲ့ပါတယ်။

အာဒန်က အခုလိုအပြောင်းအလဲက ပါတီတွေ အားလုံး တူညီတဲ့အခြေအနေအောက်မှာ မဲဆွယ်စည်း ရုံးမှုတွေလုပ်နိုင်တယ်လို့ ဆိုလိုက်ပြီး နောက်တစ်ခါ ဘယ်လိုအခြေအနေမျိုးပဲရှိရှိ ရွေးကောက်ပွဲ သတ်မှတ်ရက်ကို ပြောင်းသွားမှာမဟုတ်ဘူးလို့ ပြောကြားလိုက်ပါတယ်။ မိမိအနေနဲ့ ဒီပေးထားတဲ့အချိန်ကနေပြီး ထပ်ပြောင်းတော့မှာမဟုတ်ဘူးလို့ သူကပြောလိုက်ပါတယ်။

### မဲဆွယ်စည်းရုံးမှုတွေကို ခဏတာရွှေ့ဆိုင်း

အခုလိုဆုံးဖြတ်ချက်က ပါတီတွေအားလုံးကို မဲဆွယ်စည်းရုံးမှုတွေလုပ်ဖို့ နောက်ထပ်အချိန် သီတင်းပတ် ကိုးပတ်ပေးလိုက်တာဖြစ်ပြီး ရွေးကောက်ပွဲကော်မရှင်အနေနဲ့လည်း ရွေးကောက်ပွဲကို ဆက်လက်ကျင်းပဖို့ အချိန်လုံလုံလောက်လောက် ရရှိမှာဖြစ်ပါတယ်လို့ ဝန်ကြီးချုပ်က ပြောလိုက်ပါတယ်။

လွန်ခဲ့တဲ့သီတင်းပတ်က ကိုဗစ်– ၁၉ ရောဂါ ပြန်လည်ဖြစ်ပွားလာတဲ့အတွက် ပါတီတွေအားလုံး ရွေးကောက်ပွဲဆိုင်ရာ မဲဆွယ်စည်းရုံးမှုတွေကိုတော့ ခဏတာ ရွှေ့ဆိုင်းထားရပါတယ်။

### ဗိုင်းရပ်စ်တွေ့ရှိခဲ့

လွန်ခဲ့တဲ့သီတင်းပတ်အစောပိုင်းက အောက်ကလန်မှာ နေထိုင်တဲ့ မိသားစုဝင်လေးဦးမှာ ကိုဗစ်– ၁၉ ရောဂါကူးစက်မှုကို စမ်းသပ်တွေ့ရှိခဲ့ပြီး တနင်္လာနေ့မှာတော့ ကိုဗစ်–၁၉ ကူးစက်ပျံ့နှံ့မှုဟာ ၅၈ ဦး အထိ ရောက်ရှိလာခဲ့ပါတယ်။ သူတို့ထဲက ငါးယောက်ကတော့ ဆေးရုံတင်ထားလိုက်ရပါပြီ။ ကိုဗစ် –၁၉ ဟာ လွန်ခဲ့တဲ့နှစ် နှောင်းပိုင်းက တရုတ်နိုင်ငံ ဝူဟန်ကနေ စတင်ဖြစ်ပေါ်လာပြီးတော့ ကမ္ဘာအနှံ့ အကြားအလပ်မရှိအောင် ကူးစက်ပျံ့နှံ့ခဲ့ပါတယ်။ အခုဆိုရင် ကိုဗစ် – ၁၉ ကူးစက်ခံရသူပေါင်းဟာ ကမ္ဘာပေါ်မှာ ၂၁ သန်းနီးနီး ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။



နယူးဇီလန်ဝန်ကြီးချုပ် ဂျက်ဆင်ဒါအာဒန်။

> "အာဒန်က အခုလိုအပြောင်းအလဲက ပါတီတွေအားလုံး တူညီတဲ့ အခြေအနေအောက်မှာ မဲဆွယ်စည်းရုံးမှုတွေလုပ်နိုင်တယ်လို့ ဆိုလိုက်ပြီး နောက်တစ်ခါ ဘယ်လိုအခြေအနေမျိုးပဲရှိရှိ ရွေးကောက်ပွဲ သတ်မှတ်ရက်ကို ပြောင်းသွားမှာမဟုတ်ဘူးလို့ ပြောကြားလိုက်ပါတယ်"

တောင်ပစိဖိတ်နိုင်ငံဖြစ်တဲ့ နယူးဇီလန်ဟာ ဗိုင်းရပ်စ် မပျံ့နှံ့အောင် တားဆီးထိန်းချုပ်တဲ့နေရာမှာ တခြားကမ္ဘာ့နိုင်ငံတွေလိုပဲ တူညီတဲ့မဟာဗျူဟာကို လိုက်နာကျင့်သုံးခဲ့ပါတယ်။ ကိုဗစ် – ၁၉ တွေ့ရှိတဲ့သူတွေကို သီးသန့်ခွဲထားပြီး အခြေအနေကို စောင့်ကြည့်အကဲခတ်ခြင်း၊ ကူးစက်မှုဖြစ်ပွားရာလမ်းကြောင်းတွေကို ခြေရာခံခြင်းနှင့် ကိုဗစ် – ၁၉ စစ်ဆေးမှုတွေကို အကြီးအကျယ်လုပ်ဆောင်ခဲ့ပါတယ်။

### ဝန်ကြီးချုပ်ရဲ့ ကျော်ကြားမှုကို မြင့်တက်စေ

အစောပိုင်း အောင်မြင်မှုတွေဟာ ဝန်ကြီးချုပ်အာဒန်ရဲ့ ပုဂ္ဂိုလ်ရေး ကျော်ကြားမှုနှုန်းတွေကို ရာခိုင်နှုန်း ၆၀ လောက်အထိ မြှင့်တင်ပေးသလိုဖြစ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်အတွင်း ဘာသာရေးအဆောက်အအုံတိုက်ခိုက်မှုခံခဲ့ရတာနဲ့ ကျွန်းဖြူမီးတောင်ပေါက်ကွဲမှုကို ထိန်းချုပ်ကိုင်တွယ်ခဲ့တာနဲ့ပတ်သက်ပြီး သူ့ရဲ့ဦးဆောင်မှုတွေဟာ လူသိများလာခဲ့ပါတယ်။

အာဒန်ရဲ့ အလုပ်သမားပါတီဟာ သူ့ရဲ့ သေးငယ်တဲ့ ပါတီမိတ်ဖက်တွေဖြစ်တဲ့ ဂရင်းနဲ့နယူးဇီလန်ဖတ်စ် (အင်န်ဇက်အက်ဖ်)မပါဘဲ အောင်မြင်မှုရရှိဖို့ လမ်းကြောင်းမှန်ပေါ် လျှောက်လှမ်းနေပါတယ်။

### ပိုလို့တောင်သဘောကျမယ်

သူ့ရဲ့အင်အားကြီး အတိုက်အခံပါတီဖြစ်တဲ့ အမျိုးသားပါတီဟာ လွန်ခဲ့တဲ့သီတင်းပတ်က ရွေးကောက်ပွဲကို နိုဝင်ဘာ နှောင်းပိုင်းအထိ ရွှေ့ဆိုင်းပေးဖို့ တောင်းဆိုခဲ့ပါတယ်။ ဒါမှမဟုတ် နောက်နှစ်အထိ ရွှေ့ဆိုင်းပေးမယ်ဆိုရင် ပိုလို့တောင် သဘောကျသေးတယ်လို့ ပြောကြားလိုက်ပါတယ်။ စက်တင်ဘာ ၁၉ ရက်ဟာ ဘယ်လိုမှ အဆင်မပြေဘူးလို့ ပြောကြားထားပါတယ်။

ကိုဗစ် – ၁၉ ကြောင့် အကြိတ်အနယ်ဆွေးနွေးနေရတဲ့ စက်တင်ဘာ ရွေးကောက်ပွဲကို အာဒန်ရဲ့ မိတ်ဖက်ပါတီဖြစ်တဲ့ အင်န်ဇက်အက်ဖ်က ရွှေ့ဆိုင်းဖို့ ထောက်ခံခဲ့ပါတယ်။

### အများသဘောတူဆန္ဒက အောင်မြင်မယ်

အများသဘောတူဆန္ဒက အောင်မြင်မှုရမှာပဲလို့ အင်န်ဇက်အက်ဖ်ပါတီရဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးချုပ် ဝင်စတန်ပီတာက ပြောကြားလိုက်ပါတယ်။ လက်ရှိသဘောထားစစ်တမ်းမှာ သူ့ရဲ့ပါတီဟာ အခြေအနေ သိပ်မကောင်းတာကို တွေ့ရပါတယ်။

အလုပ်သမားပါတီရဲ့ တခြားမိတ်ဖက်ပါတီတစ်ခုဖြစ်တဲ့ ဂရင်းစ်ပါတီက နောက်ထပ်သီတင်းပတ် လေးပတ်လောက် ရွှေ့ဆိုင်းပေးလိုက်တာက ကျန်းမာရေးအာဏာပိုင်တွေကို အောက်ကလန်မှာဖြစ်တဲ့ ကိုဗစ် – ၁၉ အစုလိုက်ပျံ့နှံ့ကူးစက်မှုကို ထိန်းချုပ်ဖို့အတွက် အချိန်အတိုင်းအတာတစ်ခုပေးလိုက်သလိုပါပဲလို့ ပြောကြားလိုက်ပါတယ်။

### နိုင်ငံရေးအမြတ်ထုတ်မယ်

သို့သော်လည်း တွဲဖက်ခေါင်းဆောင် ဂျိမ်းရှောကတော့ တချို့ပါတီတွေအနေနဲ့ ဒီအခြေအနေပေါ်မှာ နိုင်ငံရေးအမြတ်ထုတ်မယ်လို့ စွပ်စွဲပြောကြားလိုက်ပါတယ်။ ကိုဗစ် – ၁၉ ကြောင့် စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုဖြစ်ပေါ်တာက အစိုးရရဲ့ လူကြိုက်များမှုကို ထိခိုက်မှုတွေဖြစ်စေနိုင်တယ်လို့ ပြောလိုက်ပါတယ်။

အမျိုးသားပါတီနဲ့ တခြားပါတီလေးတွေက ဒီအခြေအနေအပေါ် နိုင်ငံရေးအကျိုးအမြတ်အတွက် ကွက်တိဖြစ်အောင်လို့ ကြိုးစားဆောင်ရွက်နေတာကို တွေ့ရတာ စိတ်ပျက်စရာကောင်းတယ်လို့ တွဲဖက်ခေါင်းဆောင် ဂျိမ်းရှောက ပြောကြားလိုက်ပါတယ်။

### အစားအစာတွေကမကူးစက်နိုင်

ဒီဗိုင်းရပ်စ်ဟာ အရင်က နယူးဇီလန်နိုင်ငံမှာ မဖြစ်ပွားခဲ့တာကြောင့် နိုင်ငံခြားကပါလာသလားဆိုတာကို အသေအချာစစ်ဆေးနေတယ်လို့ နယူးဇီလန်ကျန်းမာရေး ညွှန်ကြားရေးမှူးချုပ် အက်ရှ်စလေဘလွန်းဖီးလ်က ပြောကြားလိုက်ပါတယ်။ သို့သော်လည်း သူက ပြည်သူလူထုကို ဈေးဝယ်ကုန်တိုက်တွေက အအေးခံစားသောက်ကုန်တွေဟာ အန္တရာယ်မရှိကြောင်း၊ စိတ်ချလက်ချစားသုံးနိုင်ကြောင်း ပြောကြားလိုက်ပါတယ်။ ဒီနေ့အထိ အစားအသောက်က ကိုဗစ် – ၁၉ ကူးစက်တယ်ဆိုတဲ့ သက်သေအထောက်အထား မရှိသေးကြောင်းလည်း သူက ဆက်လက်ပြောကြားခဲ့ပါတယ်။ အကယ်၍ ဗိုင်းရပ်စ်က ပါလာခဲ့တယ်ဆိုရင်တောင် အသေအချာ ချက်ပြုတ်စားသောက်ရင် သေသွားနိုင်ပါတယ်။ သို့သော်လည်း လူကနေလူကို ကူးစက်နိုင်တယ်ဆိုတဲ့ ယူဆချက်ကတော့ အသေချာဆုံးပါပဲလို့ သူက ပြောကြားလိုက်ပါတယ်။ ။

ကိုးကား – အေအက်ဖ်ပီ

---

## နိုင်ငံတကာသတင်းတိုထွာ

### ရုဘီပရင့်ဆက် အပျော်စီးသင်္ဘောပေါ်၌ ကိုဗစ် - ၁၉ အကြီးအကျယ်ကူးစက်ပျံ့နှံ့ခဲ့မှုအတွက် ဩစတြေးလျအာဏာပိုင်များ တောင်းပန်

**နယူးဆောက်ဝေးလ် ဩဂုတ် ၁၇**

ဩစတြေးလျနိုင်ငံတွင် အပျော်စီးသင်္ဘောတစ်စင်းဖြစ်သည့် ရူဘီပရင့်ဆက် သင်္ဘောပေါ်၌ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှု အပြင်းအထန်ဖြစ်ပွားရာ ရောဂါကူးစက်မှုကို မထိန်းချုပ်နိုင်ခဲ့သည့်အတွက် ပြည်နယ်အာဏာပိုင်များက တောင်းပန်ကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က ပြုလုပ်ခဲ့သည့် စုံစမ်းစစ်ဆေးမှုတွင် နယူးဆောက်ဝေးလ်အာဏာပိုင်များသည် မတ်လအတွင်းက ဆစ်ဒနီ၌ ရူဘီပရင့်ဆက်သင်္ဘော ကျောက်ချရပ်နားစဉ် သင်္ဘောပေါ်လိုက်ပါလာသည့် ခရီးသည် ၂၆၅၀ ကို ဗိုင်းရပ်စ် စစ်ဆေးခြင်းမပြုဘဲ သင်္ဘောပေါ်မှ ထွက်ခွာခွင့် ပြုခဲ့ကြောင်းသိရသည်။ သင်္ဘောပေါ်၌ ကိုဗစ် – ၁၉ သံသယရှိ လူနာများ လိုက်ပါလာသော်လည်း ဗိုင်းရပ်စ်စစ်ဆေးခြင်းဆောင်ရွက်ရန် ပျက်ကွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုဗစ်–၁၉ ကူးစက်ခံရသူ အယောက် ၉၀၀ ထက်မနည်းနှင့် သေဆုံးသူ ၂၈ ဦးထက်မနည်းသည် အဆိုပါ သင်္ဘောနှင့် ဆက်နွှယ်နေကြောင်း သိရသည်။

အေအက်ဖ်ပီ

### ဘရူနိုင်းနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ မတွေ့ရှိရသည်မှာ ၁၀၀ ရက် ဆက်တိုက်ရှိလာပြီဖြစ်

**ဘန်ဒါဆီရီဘီဂါဝန် ဩဂုတ် ၁၇**

ဘရူနိုင်းနိုင်ငံတွင် ဩဂုတ် ၁၇ ရက် ၌ ကိုဗစ် –၁၉ ကူးစက်ခံရသူ မတွေ့ရှိခဲ့ပေ။ ထို့ကြောင့် စုစုပေါင်းကူးစက်ခံရသူမှာ ၁၄၂ ဦးတွင်ရပ်တန့်နေသည်။

ဩဂုတ် ၇ ရက်က စတင်ကာ ကိုဗစ် –၁၉ ကူးစက်ခံရသူမတွေ့ရှိရသည့်အတွက် ကူးစက်မှုမတွေ့ရသည်မှာ ၁၀၀ ရက် ဆက်တိုက်ရှိလာပြီဖြစ်သည်။ နောက်ထပ်ကျန်းမာလာသည့်သူ မရှိသေးသည့်အတွက် ပြန်လည်ကျန်းမာလာသူ အရေအတွက်ကလည်း ၁၃၈ ဦးတွင် ရပ်တန့်နေသည်ဟု ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ဩဂုတ် ၇ ရက်တွင် အမျိုးသားသီးခြားစောင့်ကြည့်ရေးစင်တာ၌ ကုသမှုခံယူရမည့်သူတစ်ဦး တွေ့ရှိခဲ့သည့်အတွက် မေ ၇ ရက်ကစတင်ကာ ၉၁ ရက်တိုင်တိုင် ကူးစက်မှုမရှိဖြစ်ခဲ့သည်။ နိုင်ငံရပ်ခြားမှပြန်လာပြီး အစိုးရက ထောက်ပံ့ပေးထားသော စောင့်ကြည့်ရေးစင်တာများတွင် ရောက်ရှိနေသူ ၆၉၇ ဦးရှိကြောင်း သိရသည်။

ဆင်ဟွာ

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၈၂**

**ရက်သာ**

**လိုတော့သည်။**

## မဲပေးကြမယ်

◆ ကိုယ်ကြိုက်ရာရွေး
ဆန္ဒပေးဖို့
အလေးအနက်ထား
မဝေဝါးဘဲ
သင့်သား၊ သင့်မြေး
အနာဂတ်ရေးအတွက်
သည်တစ်ရက်တော့
မပျက်မကွက်
ဆက်ဆက်တာဝန်
သင်ကျေပွန်ဖို့
ကိုယ့်နိုင်ငံအရေး
ကိုယ့်အရေးပဲ
မျက်နှာလွှဲခဲပစ်
မထားရစ်နဲ့....,
သင့်ရဲ့အခွင့်အရေး
ပေါ့ပေါ့မတွေးနဲ့....,
မဲပေးဖြစ်အောင် ပေးကြမယ်။

ဟသ်ာတမြင့်ငွေ

## ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် သြဂုတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးခန်းမ (၃)တွင် ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်က တိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်စာရင်းများပြည့်စုံမှန်ကန် ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မဲဆန္ဒရှင်စာရင်းများအား ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ပြည့်စုံမှန်ကန်စေရေးနှင့်သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းများအား ထုတ်ပြန်ထားသော မဲဆန္ဒရှင်စာရင်းများ ထုတ်ပေးနိုင်ရေး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့တင်ပြရန်၊ ကိုင်ဆောင်လက်မှတ်မပြနိုင်သော မဲဆန္ဒ ရှင်များအတွက် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးမှူးရုံးမှ ထုတ်ပေးသော ယာယီအိမ်ထောင်စုစာရင်းအား သက်သေခံ လက်မှတ် အဖြစ် သတ်မှတ်ပေးနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်၊ မဲဆန္ဒရှင်များအနေဖြင့် ပုံစံ – ၃ ၊ ပုံစံ – ၃ (က) နှင့်ပုံစံ (၄)တို့အား သက်ဆိုင်ရာ Website စာမျက်နှာမှရယူပြီး သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ၏ထောက်ခံချက်ဖြင့် အမည်စာရင်းအချက်အလက်များ ပြင်ဆင်လျှောက်ထား နိုင်ရေး မြို့နယ် ၊ ရပ်ကွက်၊ ကျေးရွာများသို့ အသိပေးညွှန်ကြားရန် ၊ မဲစာရင်းတွင် မပါဝင်သူများအတွက် ပုံစံ – ၃ အား ကိုယ်စားလျှောက်ထားနိုင်ကြောင်းအသိပေး ကြေညာရန်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေး အတွက် ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် ပံ့ပိုးကူညီရေးအဖွဲ့များဖွဲ့စည်းသွားရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

**ဆန်းကျော်ဦး( ပြန်/ဆက်)**

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံ သွားရန်၊
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆–၈–၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇–၁၀–၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈–၁၀–၂၀၂၀ ရက်မှ ၂၁–၁၀–၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈–၁၁–၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## ရွေးကောက်ပွဲများသည်–

➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။

➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။

➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .**

# နိုင်ငံအတွင်းမှ လုပ်သားများ၏ အရည်အချင်းသည်လည်း အရေးပါ



နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ လာရောက်ရန်အတွက်ဆိုလျှင် မိမိတို့နိုင်ငံသည် အဘက်ဘက်မှ တိုးတက်နိုင်သည့် အလားအလာရှိကြောင်းကို ပြသရန် အင်မတန်အရေးကြီးပါကြောင်း၊ နိုင်ငံအတွင်းမှ လုပ်သားများ၏ အရည်အချင်းသည်လည်း အရေးပါပါကြောင်း၊ ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကြသည့် မိမိတို့နိုင်ငံသားအများစုသည် ရေလုပ်ငန်းများနှင့် ဆက်စပ်သည့် လုပ်ငန်းများတွင် လုပ်ဆောင်နေကြပါကြောင်း၊ ကိုဗစ်ကာလတွင် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ အလုပ်သမားပေါင်းများစွာ သိန်းနှင့်ချီ ပြန်လာကြပါကြောင်း၊ ယနေ့အထိ နေ့စဉ်ထောင်ကျော် ပြန်လာနေကြပါကြောင်း၊ ထိုင်းတွင် အလုပ်လုပ်သည့် မြန်မာနိုင်ငံမှ အလုပ်သမားများသည် ထိုင်းသို့ပြန်သွားပြီး အလုပ်လုပ်ရန် အခက်အခဲများ ရှိနိုင်ပါကြောင်း၊ ၎င်းတို့တွင် ကျွမ်းကျင်မှုများ ရှိပါကြောင်း၊ မိမိလိုအပ်ချက်နှင့် နိုင်ငံတော်၏ လိုအပ်ချက်နှစ်ခုကို ဆက်စပ်ပြီး လုပ်နိုင်မည်ဆိုပါက အားလုံးအတွက် များစွာအကျိုးရှိပါကြောင်း။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၇-၇-၂၀၂၀ ရက်နေ့တွင် COVID-19 နှင့် သားငါးမွေးမြူထုတ်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)**

# လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်မည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကို ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးခြင်း၊ ဓာတ်ခွဲနမူနာများရယူခြင်းများ ဆောင်ရွက်



နေပြည်တော် ဩဂုတ် ၁၇

ဩဂုတ် ၁၉ ရက်တွင် ဆက်လက်ကျင်းပပြုလုပ်မည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးများသို့ တက်ရောက်မည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအား ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးခြင်း၊ ဓာတ်ခွဲနမူနာများ ရယူခြင်းများကို ယနေ့တွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ပြုလုပ်ခဲ့ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ (ဓါတ်ပုံ)

ထိုသို့ ဆောင်ရွက်ရာတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၆၆ ဦးတို့၏ ဓာတ်ခွဲနမူနာများကို ရယူ၍ နေပြည်တော်တပ်မတော် ဆေးရုံကြီးရှိ Cobas 6800 ရောဂါရှာဖွေစက်ဖြင့် စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❊ *ကျောဖုံးမှ*

လွှဲပြောင်းပေးအပ်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူက လက်ခံယူသည်။

လွှတ်တော်ကိုယ်စားလှယ်နှင့်အဖွဲ့သည် ကျောက်မြောင်း၊ ကျောက္ကူပြင်၊ ရွာမရပ်ကွက်နှင့် လက်ပံပင်ကျေးရွာတို့ရှိ အိမ်ထောင်စုများအား တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ ကို လက်ဝယ်အရောက် ပေးအပ်ထောက်ပံ့ကြောင်း သိရသည်။

ရှာင်မြို့နယ်တွင် နိုင်ငံတော်အစိုးရက ထောက်ပံ့သည့် ထောက်ပံ့ပစ္စည်းငါးမျိုးဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ပဲများကို အိမ်ထောင်စုပေါင်း ၂၅၆၁ စုကိုလည်းကောင်း၊ ပထမအကြိမ် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ ဖြင့် အိမ်ထောင်စုပေါင်း ၂၈၃၀ အတွက် ငွေကျပ် ၅၆၆ သိန်းကိုလည်းကောင်း၊ ဒုတိယအကြိမ် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ ဖြင့် အိမ်ထောင်စုပေါင်း ၂၈၃၀ အတွက် ငွေကျပ် ၅၆၆ သိန်းကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

● *ကျောဖုံးမှ*

ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ကယ်ဆယ်ရေးလေယာဉ်များ၊ အထူးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်အထိ ထိုင်းနိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် (၇) ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၀၄ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဩဂုတ် ၁၇

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၀၄ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဩဂုတ် ၁၇ ရက်တွင် ဆက်လက် ဝင်ရောက်လာကြောင်း သိရသည်။ **(ယာပုံ)**

ပြန်လည်ဝင်ရောက်လာသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၁၇ ရက်အထိ ၁၀၀၂၄ ဦး စုစုပေါင်း ၆၅၆၃၇ ဦးတို့ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၃၆၃ ဦး၊ အမျိုးသမီး ၂၄၁ ဦး စုစုပေါင်း ၆၀၄ ဦးဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ် စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ထိန်လင်းအောင်(ပြန်/ဆက်)**

# ယနေ့တွင် ကိုဗစ် -၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၇၆ ဦး ရှိသွားပြီ

**နေပြည်တော်  ဩဂုတ် ၁၇**

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ တစ်ဦးထပ်မံတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၃၇၆ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ပိုးတွေ့ရှိသူတစ်ဦးမှာ စင်ကာပူနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၃၇၆ ဦးအနက် သေဆုံး သူ ၆ ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၃၃၁ ဦးရှိပြီး ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၃၂၀ ဦးရှိကြောင်းနှင့် ဩဂုတ် ၁၆ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၁၇ ရက်မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၁၆ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၃၆၁၅၃ | ၃၇၆ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၃၁ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၀၆၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၂၀ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၈၇ | ၅ |
| ၂ | ချင်း | ၁၇ | |
| ၃ | ရခိုင် | ၁၇ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| စုစုပေါင်း | | ၃၇၆ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန  ၁၇–၈–၂၀၂၀ ရက်၊ ည (၈) နာရီ

## ၁၇-၈-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၅၇၀၀၂၃ | ၂၉၂၂၉၃၆ | ၁၇၃၁၄၇ |
| ၂။ | ဘရာဇီး | ၃၃၄၀၁၉၇ | ၂၄၃၂၄၅၆ | ၁၀၇၈၇၉ |
| ၃။ | အိန္ဒိယ | ၂၆၆၇၉၇၃ | ၁၉၃၉၄၅၄ | ၅၁၂၈၀ |
| ၄။ | ရုရှား | ၉၂၇၇၄၅ | ၇၃၆၁၀၁ | ၁၅၇၄၀ |
| ၅။ | တောင်အာဖရိက | ၅၈၇၃၄၅ | ၄၇၂၃၇၇ | ၁၁၈၃၉ |
| ၆။ | ပီရူး | ၅၃၅၉၄၆ | ၃၆၅၃၆၇ | ၂၆၂၈၁ |
| ၇။ | မက္ကဆီကို | ၅၂၂၁၆၂ | ၃၅၅၁၀၁ | ၅၆၇၅၇ |
| ၈။ | ကိုလံဘီယာ | ၄၆၈၃၃၂ | ၂၈၇၄၃၆ | ၁၅၀၉၇ |
| ၉။ | ချီလီ | ၃၈၅၉၄၆ | ၃၅၈၈၂၈ | ၁၀၄၅၂ |
| ၁၀။ | စပိန် | ၃၅၈၈၄၃ | စိစစ်ဆဲ | ၂၈၆၁၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၇– ၈ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဖိလစ်ပိုင် | ၁၆၄၄၇၄ | ၁၁၂၇၅၉ | ၂၆၈၁ |
| အင်ဒိုနီးရှား | ၁၄၁၃၇၀ | ၉၄၄၅၈ | ၆၂၀၇ |
| စင်ကာပူ | ၅၅၈၃၈ | ၅၁၉၅၃ | ၂၇ |
| မလေးရှား | ၉၂၁၂ | ၈၈၇၆ | ၁၂၅ |
| ထိုင်း | ၃၃၇၈ | ၃၁၉၄ | ၅၈ |
| ဗီယက်နမ် | ၉၇၆ | ၄၆၇ | ၂၄ |
| မြန်မာ | ၃၇၆ | ၃၃၁ | ၆ |
| ကမ္ဘောဒီးယား | ၂၇၃ | ၂၃၈ | ၀ |
| ဘရူနိုင်း | ၁၄၂ | ၁၃၈ | ၃ |
| လာအို | ၂၂ | ၁၉ | ၀ |

# နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန် ၆၆ ဦးအား သက်ဆိုင်ရာဒေသသို့ ပို့ဆောင်

**လားရှိုး  ဩဂုတ် ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် မူဆယ်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် ရထားခရီးစဉ်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မေ ၆ ရက်မှစတင်ပြီး စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာတွင် နှစ်နိုင်ငံနယ်စပ်ဂိတ်များမှ တစ်ဆင့်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို စနစ်တကျစိစစ်၍ လားရှိုးမြို့အထိ မော်တော်ယာဉ်များဖြင့် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိပြီး လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာ့မီးရထားခရီးစဉ်ဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ဩဂုတ် ၁၇ ရက်တွင် နေရပ်ပြန် ပြည်သူ အမျိုးသား ၃၉ ဦး၊ အမျိုးသမီး ၂၇ ဦး စုစုပေါင်း ၆၆ ဦးတို့အား စနစ်တကျထပ်မံလွှဲပြောင်း ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၆၆ ဦးတို့တွင် ချင်းပြည်နယ်မှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ငါးဦး၊ ပဲခူးတိုင်းဒေသကြီးမှ သုံးဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၇ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၂၄ ဦး၊ ရခိုင်ပြည်နယ်မှ ခြောက်ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ သုံးဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ခြောက်ဦးတို့ ဖြစ်ကြသည်။ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ လွှဲပြောင်းပို့ဆောင်ပေးရာတွင် မေ ၆ ရက်မှ ဩဂုတ် ၁၇ ရက်အထိ အမျိုးသား ၉၂၅၄ ဦး၊ အမျိုးသမီး ၅၇၁၈ ဦး စုစုပေါင်း ၁၄၉၇၂ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးနိုင်ခဲ့သည်။

**နန်းသန္တာဦး(ပြန်/ဆက်)**



## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။

# COVID – 19 Call Center အချိန်ပြောင်းလဲဖွင့်လှစ်

**နေပြည်တော်  ဩဂုတ် ၁၇**

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID–19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှုအချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၇-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

၁။ (၁၆-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ (ဒုတိယအသုတ်) စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ (၁၈၇)ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၅၂) ခု
- စုစုပေါင်း (၃၃၉) ခုစစ်ဆေးခဲ့ရာ
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၁၆-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့်-
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၅၆၁) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၁၁၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)(PHL-MDY)မှ ဓာတ်ခွဲနမူနာ (၁၄၅) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၅၂) ခု၊
- စုစုပေါင်း (၉၇၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာတွင် -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦးတွေ့ရှိရပါသည်။ အဆိုပါ လူနာသစ်(၁)ဦးအား (၁၆-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီသတင်းတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

၃။ (၁၇-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၇၅)ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

**(၁၇-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၆-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) ထပ်မံ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၇) ခု |
| (၁၆-၈-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၇-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၁၇-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၇၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၀၂) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၇၈) ခု၊
- စုစုပေါင်း (၆၅၆)ခုအား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရပါသည်။

၂။ (၁၇-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၇၆) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၂)ဦး (Case-337, 356) ရှိသဖြင့် စုစုပေါင်း (၃၃၁) ဦးရှိပါသည်။ ၎င်းတို့အနက် (၃၂၁) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၆-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၇-၈-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၆) ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

**(၁၇-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၇-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၆) ခု |
| (၁၇-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀၂) ခု |
| (၁၇-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၇၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁) ဦး |

### COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

**(၁၇-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁) ဦး | (၃၇၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၃၃၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

(၁၇-၈-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု ည (၈:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှုခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 376 | ၃၇ နှစ် | ကျား | ရေစကြိုမြို့နယ် မကွေးတိုင်းဒေသကြီး | မရှိ | ရှိ (စင်ကာပူနိုင်ငံ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မင်္ဂလာဒုံမြို့နယ်) |

# နမ့်ခမ်းမြို့ ကမ္ဘောဇဘဏ်ခွဲ ခေတ္တရပ်ဆိုင်းထား

**နမ့်ခမ်း ဩဂုတ် ၁၇**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ရှိ ပုဂ္ဂလိကဘဏ်ဖြစ်သော (ကမ္ဘောဇဘဏ်ခွဲအမှတ် -၁၁၇ )၏ ဝန်ဆောင်မှုကို ဩဂုတ် ၁၇ ရက်မှစ၍ ခေတ္တယာယီရပ်ဆိုင်းထားကြောင်း သိရသည်။ **(ယာပုံ)**

ဘဏ်ဝန်ထမ်းများ၊ မိတ်ဖက်များနှင့် ဘဏ်နှင့်ဆက်သွယ်လုပ်ကိုင်နေကြသည့် အများပြည်သူများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အစီအမံများ ဆောင်ရွက်ရန်နှင့် ပုံမှန်ဆောင်ရွက်ရမည့် ဘဏ်လုံခြုံရေးဆိုင်ရာ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းများ ဆောင်ရွက်ရန်အတွက် ခေတ္တယာယီ ရပ်ဆိုင်းထားခြင်းဖြစ်ပြီး ဝန်ဆောင်မှု ရပ်ဆိုင်းထားသည့်ကာလအတွင်း ဘဏ်ခွဲပရဝဏ်အတွင်း ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် ဘဏ်လုံခြုံရေး CCTV ကင်မရာ တပ်ဆင်မှုလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဘဏ်ခွဲဝန်ဆောင်မှုကို ရပ်ဆိုင်းထားသော်လည်း KBZPay၊ ATM များ၊ KBZ iBanking၊ mBanking စသည့် ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုများ အသုံးပြုပြီး ဘဏ်ဝန်ဆောင်မှုများကို ရယူနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုသည်များရှိပါက ၂၄ နာရီ ဝန်ဆောင်မှုပေးနေသော ကမ္ဘောဇဘဏ် call center သို့ ဆက်သွယ်မေးမြန်းနိုင်ရန် ဖုန်းနံပါတ်များလည်း ကမ္ဘောဇဘဏ်က အများပြည်သူများသို့ အသိပေးကြေညာထားသည်။ **ဝေမွန်(ရွှေရည်မြေ)**



# ရွှေဘိုမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ၁၀ ကျောင်းသို့ ကျောင်းသုံး ဗလာစာအုပ်များနှင့် စက်ဘီးအစီး ၃၀၀ ပေးအပ်

**ရွှေဘို ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း ၁၀ ကျောင်းသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် Less Walk Organization တို့မှ ကျောင်းသုံး ဗလာစာအုပ်များနှင့် စက်ဘီးအစီး ၃၀၀ ထောက်ပံ့လှူဒါန်း ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့တော်ခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ဆင်းရဲနွမ်းပါးပြီး ကျောင်းသွားရန် သွားလာရေး ခက်ခဲသော ကျောင်းသား ကျောင်းသူများကို အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရန် လှူဒါန်းရခြင်းဖြစ်ကြောင်းနှင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အလေးထား ဆောင်ရွက်နေကြောင်း ပြောကြားခဲ့ပြီး Less Walk Organization ၏နာယက ထာဝရမန္တလေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်ကိုက စက်ဘီးအစီး ၃၀၀ လှူဒါန်းရခြင်းအပေါ် ဝမ်းသာပီတိစကား ပြောကြားခဲ့သည်။ ထို့နောက် Less Walk Organization တည်ထောင်သူ ကိုမိုက်သန်းထွန်းဝင်းက စက်ဘီးအစီး ၃၀၀ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမိုးကျော်သူနှင့် တာဝန်ရှိသူများက ကျောင်းသုံးဗလာ စာအုပ်များနှင့် စက်ဘီးများကို ကျောင်းသား ကျောင်းသူများထံ ပေးအပ်လှူဒါန်းပြီး ရွှေဘိုမြို့ အထက(၂) ကျောင်းအုပ်ကြီး ဦးကျော်ကျော်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ရွှေဘိုမြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်း ၁၀ ကျောင်းရှိပြီး ၂၀၂၀-၂၀၂၁ပညာသင်နှစ်၌ သင်ရိုးသစ် နဝမတန်းကျောင်းသား ကျောင်းသူဦးရေ ၂၃၅၂ ဦးနှင့် သင်ရိုးဟောင်း ဒသမတန်း ကျောင်းသား ကျောင်းသူ ဦးရေ ၂၂၁၆ ဦး ရှိကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းဝင်းမြင့်ထံမှ သိရသည်။

**ထွန်းမြင့်အောင်(ရွှေဘို)**







# သာယာဝတီမြို့နယ်တွင် မြစ်မခရေတိုက်စားပြီး ရွှေ့ပြောင်းခဲ့ရသောအိမ်ထောင်စုများအား ထောက်ပံ့

**သာယာဝတီ ဩဂုတ် ၁၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းမာနှင့် တာဝန်ရှိသူများသည် သာယာဝတီမြို့နယ်အတွင်း မြစ်မခရေတိုက်စားပြီး ကမ်းပြိုကျမှုကြောင့် ရွှေ့ပြောင်းခဲ့ရသော အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ခြင်းကို တိုင်းဒေသကြီး မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ထောက်ပံ့ပေးအပ်ရာတွင် ဩဂုတ် ၁၄ ရက်က ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ကြိုတင်ရွှေ့ပြောင်းခဲ့ရသော မြစ်ကျိုးကျေးရွာအုပ်စု၊ ဘုရားကုန်းကျေးရွာမှနေအိမ် သုံးလုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် သုံးသိန်း၊ လူဦးရေ ၁၂ ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၂၅၂၀၀ နှင့် နေအိမ်သုံးလုံးအတွက် ပစ္စည်း ၁၁ မျိုးပါ ပလတ်စတစ်ပုံးသုံးပုံးတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထိန်လင်းထွန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်အတူ ဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့ပေးကြောင်း သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၈ - ၂၀၂၀

### ရွှေ

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၁၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၉၀ | ကျပ် | ၅၇၅/၆၀၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၆၀၀ | ကျပ် | ၅၉၀/၆၁၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၉၀/၅၂၅ | ကျပ် | ၅၅၅/၅၈၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၂၀/၆၅၀ | ကျပ် | ၆၈၀/၇၁၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၄ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၆ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၆ . ၅၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၈၇ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၂ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၈၀ . ၄၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၆ . ၆၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၃၁ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၀၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၅ . ၄၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၇၄၄ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၁၆၃၉ | ၁၆၃၉၀၀၀၀ |
| MTSH | ၃၇၅၀ | ၃၇၅၀ | ၁၉၉၁ | ၇၄၆၆၂၅၀ |
| MCB | ၈၀၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၀၀၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၈၀၀ | ၁၄၁၄ | ၃၈၁၈၁၀၀ |
| EFR | ၃၀၀၀ | ၃၀၅၀ | ၁၇ | ၅၁၆၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကျောက်ဖြူမြို့နယ် ကပ်သပြေကျေးရွာတွင် AA အကြမ်းဖက် သောင်းကျန်းသူ အမာခံ ၃ ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၇**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကပ်သပြေကျေးရွာတွင် AA အကြမ်းဖက်သောင်းကျန်းသူ အမာခံ ၃ ဦး ဖမ်းဆီးရမိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ကျောက်ဖြူမြို့နယ် ကပ်သပြေကျေးရွာ သိုင်းချောင်း - သစ်ပုတ်တောင်ကားလမ်းဘေးရှိ ကွမ်းယာဆိုင်၌ မသင်္ကာဖွယ် လူတစ်စုအား တွေ့ရှိရ၍ စစ်ဆေးရာမှ AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ပတ်သက်ဆက်နွှယ်အားပေးကူညီခဲ့သူ အမာခံ ၈ ဦးအား ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် တရားစွဲဆိုခဲ့သည်ကို ဇူလိုင် ၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပါကြောင်း။

ယင်းဖမ်းဆီးရမိ အမာခံ ၈ ဦးအား စစ်ကြောမေးမြန်းချက်များအရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် ကပ်သပြေကျေးရွာ ဝင်၊ ထွက်လမ်းများအား ပိတ်ဆို့၍ စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ထပ်မံ၍ AA အကြမ်းဖက်သောင်းကျန်းသူ အမာခံ ဘသိန်းရွှေ (ခ)မနီကျာ (၄၈ နှစ်)၊ ဝေသိန်းအောင် (၄၆နှစ်)နှင့် သန်းမြင့်အောင်(ခ)သန်းမြင့်ရွှေ (၄၀ နှစ်)တို့ ၃ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း၊ ယခုထပ်မံ ဖမ်းဆီးရမိ AA အကြမ်းဖက်သောင်းကျန်းသူ အမာခံ ၃ ဦးအား သက်ဆိုင်ရာသို့ လွှဲပြောင်း၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

# မန်ယူတို့ ဆီဗီလာကို ရှုံးနိမ့်ပြီး ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲအဆင့်မှ ထွက်ရ

ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲစဉ်ဖြစ်သည့် ဆီဗီလာနှင့် မန်ယူတို့ ယှဉ်ပြိုင်မှုကို ဩဂုတ် ၁၇ ရက် နံနက်က ကစားရာ ဆီဗီလာက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ပွဲစသည်နှင့် နှစ်သင်းစလုံး အနိုင်ရရေး လျင်လျင်မြန်မြန် ထိုးဖောက်ကစားပြီး ၉ မိနစ်တွင် မန်ယူတို့ ပယ်နယ်တီကန်ခွင့်ရရှိရာ ဘရူနိုဖာနန်ဒက်က သွင်းယူပေးခဲ့သည်။ ပွဲချိန် ၂၆ မိနစ်တွင် ဆူဆိုက ဆီဗီလာအတွက် ချေပဂိုးသွင်းယူပေးပြီး ပထမပိုင်းတွင် တစ်ဂိုးစီ သရေဖြစ်နေသည်။

ဒုတိယပိုင်းပွဲအစတွင် မန်ယူတို့ ဂိုးသွင်းခွင့်များစွာ ရရှိသော်လည်း ဂိုးသွင်းမသေချာမှု၊ ဆန္ဒစောနေမှုများကြောင့် ဂိုးရခွင့်ဆုံးရှုံးခဲ့သည်။ မန်ယူ နောက်တန်းလူကပ်ကစားမှု အားနည်းခြင်းကြောင့် ၇၈ မိနစ်တွင် ဆီဗီလာမှ ဒီဂျောင်က ဒုတိယဂိုးသွင်းယူခဲ့သည်။ မန်ယူတို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ပွဲအပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် ဆီဗီလာကို ရှုံးနိမ့်ကာ အကြိုဗိုလ်လုပွဲအဆင့်မှ ထွက်လိုက်ရပြီဖြစ်သည်။ ယူရိုပါလိဂ်ဗိုလ်လုပွဲကို ဩဂုတ် ၂၁ ရက်တွင် ဂျာမနီနိုင်ငံ ကိုလုံးမြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သီဟ**

# ရွှေကူ၊ မူဆယ်၊ နောင်ချိုနှင့် ပင်လောင်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၆ ရက် ည ၈ နာရီက ရွှေကူမြို့နယ် တော်လန်ကျေးရွာအနီး ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် အောင်မိုး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၂၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီခွဲက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့နယ် နမ့်စန့်ဂိုဒေါင်ကျေးရွာနေ မလရှမ်းမာရွယ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့် ဘိန်းဖြူ သုည ဒသမ ၁ ကီလိုတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ နံနက်ပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စု မကျီးရေကျေးရွာ နောင်ချို-ရပ်စောက်သွားကားလမ်းတွင် စိုးမိုးအောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ထိုနေ့ညနေပိုင်းက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များသည် ပင်လောင်းမြို့နယ် ဇန်းမောက်ကျေးရွာနေ တီးခွန်(ခ)အောင်ခမ်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ❖ ကျောဖုံးမှ

၎င်း၏ပြိုင်ဘက် ပီအက်စ်ဂျီအသင်းကလည်း ကွာတားဖိုင်နယ်တွင် အီတလီကလပ် အတ္တလန္တာအသင်းနှင့် တွေ့ဆုံခဲ့ကာ မာကွင်ဟိုစ်၊ ချူပိုမိုတင်းတို့၏ နောက်ကျသွင်းဂိုးများနှင့်အတူ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။

၂၀၁၇-၁၈ ခုနှစ် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သော လိုက်ပ်ဇစ်အသင်းသည် ယခုနှစ်တွင် အသင်းသမိုင်းတစ်လျှောက် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်သို့ ပထမဆုံးအကြိမ် တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ပီအက်စ်ဂျီ အသင်းသည် ယခုနှစ်တွင် လီဂူးဝမ်းအမှတ်ပေးဖလား၊ ပြင်သစ်ဖလားနှင့် ပြင်သစ်လိဂ်ဖလားတို့ကို ဆွတ်ခူးရရှိထားသည့်အပြင် ချန်ပီယံလိဂ်ဖလား ဆွတ်ခူးရန်လည်း လက်တစ်ကမ်းအလိုသို့ ရောက်ရှိလာသည့်အသင်း ဖြစ်သည်။

ထို့အပြင် ယခုနှစ်ရာသီ ပီအက်စ်ဂျီအသင်း၏ တိုက်စစ်ပိုင်းတွင် နေမာ၊ အမ်ဘတ်ပီ၊ ဆာရာဘီယာနှင့် အီကာဒီတို့ ခြေစွမ်းပြသထားနိုင်ပြီး နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ငါးပွဲတွင် ငါးပွဲစလုံးအနိုင်ရရှိထားသည်။ လိုက်ပ်ဇစ်အသင်းသည် ချန်ပီယံလိဂ်နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ခုနစ်ပွဲတွင် ရှုံးနိမ့်ထားခြင်းမရှိကြောင်း သိရသည်။ လိုက်ပ်ဇစ်အသင်းသည် အသင်းမှအားထားရသည့် တိုက်စစ်ကစားသမား တစ်ဦးဖြစ်သူ တီမိုဝါနာကို ချယ်လ်ဆီးအသင်းသို့ ရောင်းချလိုက်ခြင်းကြောင့် တိုက်စစ်ပိုင်းအားနည်းမှုရှိနိုင်ကြောင်း ထင်ကြေးပေးပြောဆိုနေမှုများ ရှိနေသော်လည်း အသင်းလိုက်စုဖွဲ့မှုအား ကောင်းမွန်မှု၊ အပေးအယူအချိတ်အဆက်မိမိကစားထားနိုင်မှု၊ လျင်လျင်မြန်မြန်ကစားနိုင်မှုတို့ကြောင့် ပြီးခဲ့သည့် ကွာတားဖိုင်နယ်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းထက် တိုက်စစ်ပိုင်း ထက်မြက်နေသည်ကို သတိပြုရပေမည်။

ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ လိုက်ပ်ဇစ်အသင်း တက်ရောက်သွားမလား၊ ပီအက်စ်ဂျီအသင်း တက်ရောက်သွားမလား စောင့်ကြည့်ရမည်ဖြစ်သည်။ ချန်ပီယံလိဂ်ဗိုလ်လုပွဲကို ဩဂုတ် ၂၃ ရက်တွင် ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တွင် အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နှင့် (အနောက်ပိုင်း)မြို့နယ်တို့တွင် ဆိုင်ကယ်ရှစ်စီး ခိုးမှုကျူးလွန်သူ နှစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၁ ရက်က လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက် သတင်းများ စုံစမ်းဆောင်ရွက်နေစဉ် ဆိုင်ကယ်ခိုးမှုများ ကျူးလွန်ထားကြောင်း ကြိုတင်သတင်းရရှိထားသူ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် (၁၉)ရပ်ကွက် သံသုမာ(၂)လမ်းနေ သိန်းထိုက်အောင်(ခ)ကိုထက်နှင့် သီဟအောင်(ခ)အေကိုက် တို့နှစ်ဦးကို (၉)ရပ်ကွက် အောင်ဇေယျလမ်းမပေါ်၌ ကန်ဒါအမျိုးအစား ဆိုင်ကယ် တစ်စီးနှင့်အတူ တွေ့ရှိစစ်ဆေးရာ အဆိုပါ ဆိုင်ကယ်နှင့် ပတ်သက်၍ ၎င်းတို့ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြောဆိုပြသနိုင်မှုမရှိသဖြင့် ဖမ်းဆီးခဲ့သည်။

၎င်းတို့နှစ်ဦးအား အခြားပြစ်မှုများ ကျူးလွန်ထားခြင်း ရှိ/မရှိ စစ်ဆေးခဲ့ရာ ၎င်းတို့နှစ်ဦးသည် ၂၀၂၀ ပြည့်နှစ် ဇွန်လမှ ဩဂုတ်လအထိ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်နှင့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်တို့အတွင်း လှည့်လည်သွားလာ၍ လမ်းဘေး၌ ရပ်ထားသော ဆိုင်ကယ်အမျိုးမျိုး ရှစ်စီးကို ခိုးယူခဲ့ကြကြောင်း ထပ်မံစစ်ဆေး ပေါ်ပေါက်သည်။

စစ်ဆေး ပေါ်ပေါက်ချက်အရ အမှုမှ သက်သေခံပစ္စည်း ဆိုင်ကယ်အမျိုးမျိုးရှစ်စီး ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ခိုးမှုကျူးလွန်သူ သိန်းထိုက်အောင် (ခ) ကိုထက်နှင့် သီဟအောင်(ခ)အေကိုက်တို့နှစ်ဦးကို ဥပဒေနှင့်အညီ အမြန်တရားစွဲတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# စမ်းချောင်းမြို့နယ်အတွင်း လျှပ်စစ်မီးခုံအပူလွန်ကဲရာမှ မီးလောင်

**ရန်ကုန် ဩဂုတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်းတောင်ရပ်ကွက် ဘာဝနာလမ်းအတွင်း၌ ယနေ့မွန်းတည့် ၁၂ နာရီခန့်က လျှပ်စစ်မီးခုံ အပူလွန်ကဲရာမှ မီးလောင်မှု ဖြစ်ပွားသည်။



မီးလောင်မှုသတင်းကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် ရရှိခဲ့ရာ ဌာနချုပ်မှ မီးငြိမ်းသတ်ရေးယာဉ်များအပါအဝင် မြို့နယ်များမှ မီးငြိမ်းသတ်ရေးယာဉ် စုစုပေါင်း ၂၄ စီးတို့က သွားရောက်ငြိမ်းသတ်ခဲ့ကြရာ မွန်းလွဲ ၁၂ နာရီ ၂၄ မိနစ်တွင် ငြိမ်းသတ်ပေးနိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ပေ (၂၀/၅၀) အုတ်ညှပ် နှစ်ထပ်တိုက်တစ်လုံး၊ ပေ (၂၀/ ၅၀) ပျဉ်ခင်းပျဉ်ကာ နှစ်ထပ်အိမ်အပေါ်တစ်ထပ်၊ ၁၆/၃၀ ပေ RC သုံးထပ်တိုက်၏ အပေါ်ဆုံးတစ်ထပ်တို့ မီးလောင်ဆုံးရှုံးမှုဖြစ်ကြောင်း သိရသည်။

မီးလောင်ရာသို့ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး (စီမံ) ဦးသိန်းထွန်းဦးနှင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးမျိုးဝင်းတို့ ဦးဆောင်သော သန္တေအရန်မီးသတ်တပ်ဖွဲ့ဝင် အင်အား ၂၅၀ ကျော်တို့က သွားရောက်ငြိမ်းသတ်ပေးခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် အိမ်ရှင်ဖြစ်သူ ဒေါ်စန်းစန်းမြင့် အား စမ်းချောင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုကြီးတင်**

# မြစ်ကြီးနားမြို့နယ်၌ တရားမဝင်ရွှေတူးဖော်သူများနှင့် စက်လှေလေးစင်း သိမ်းဆည်းရမိ

**မြစ်ကြီးနား ဩဂုတ် ၁၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာ၌ ယမန်နေ့က တရားမဝင်ရွှေတူးဖော်သူသုံးဦးနှင့်အတူ စက်လှေလေးစင်း သိမ်းဆည်းရမိခဲ့ကြောင်း တာလောကြီးနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၅ ရက် မွန်းလွဲ ၃ နာရီခန့်က ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးမြင့်အောင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ဝိုင်းမော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ် သတ္တုတွင်းလုပ်ငန်းဦးစီး ဌာနတို့မှ တာဝန်ရှိသူများသည် နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ တာလောကြီးကျေးရွာ၏ အနောက်ဘက် ငါးမိုင်ခန့်အကွာရှိ ခေါင်ဖူးရွာဟောင်း အင်းအတွင်း ရှောင်တခင် ဝင်ရောက်ရှာဖွေစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါနေရာတွင် တရားမဝင် ရွှေတူးဖော်နေသည့် ကျော်ငွေ (၃၆ နှစ်)၊ ဝေစိုးအောင်(၁၉ နှစ်)၊ နိုင်ဝင်း(၄၀နှစ်)တို့ကို စက်လှေလေးစင်း၊ တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဆန်းဝင်းအောင်(၂၅ နှစ်)မှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ တရားမဝင် ရွှေတူးဖော်သူ ကျော်ငွေ အပါအဝင်လေးဦးကို တာလောကြီးနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# တပ်ကုန်းမြို့နယ်တွင် အထောက်အထားမပါရှိဘဲ ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများကို အမှုဖွင့်

**တပ်ကုန်း ဩဂုတ် ၁၇**

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ရန်ကုန်-မန္တလေး အမြန်လမ်းနှင့် တပ်ကုန်းမြို့ ဆက်သွယ်ထားသည့်လမ်းအတိုင်း တပ်ကုန်းမြို့ဘက်သို့ ယာဉ်မောင်း(အမည်၊ နေရပ်လိပ်စာ-စိစစ်ဆဲ) မောင်းနှင်လာသော လင်ခရုဇာအမျိုးအစားယာဉ်သည် ဩဂုတ် ၁၆ ရက် နံနက် ၀၀: ၅၀ မိနစ်ခန့်က အိုင့်ကျယ်ကျေးရွာအနီးတွင် အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိမ်းမှောက်မှု ဖြစ်ပေါ်ခဲ့ရာ ယာဉ်ပေါ်လိုက်ပါလာသူများမှာ တရုတ်နိုင်ငံသား ၁၁ ဦးဖြစ်ပြီး မည်သည့်အထောက်အထားမျှမပါရှိဘဲ ဝင်ရောက်လာခြင်း ပဏာမစိစစ်တွေ့ရှိခဲ့ရသဖြင့် တပ်ကုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်သန်းက တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ တပ်ကုန်းမြို့မရဲစခန်းက ဩဂုတ် ၁၆ ရက် ညနေပိုင်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဒဏ်ရာရရှိခဲ့သော တရုတ်နိုင်ငံသား လေးဦးကို နေပြည်တော် ခုတင် (၁၀၀၀)ဆေးရုံ အထူးကြပ်မတ်ကုသဆောင်၌ ဆေးကုသခံယူ၍ လည်းကောင်း၊ ခြောက်ဦးကို နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ခုတင်(၅၀)ဆေးရုံရှိ အသွားအလာကန့်သတ်ထားသည့်နေရာ၌ ဆေးကုသခံယူနေလျက်ရှိပြီး တရုတ်နိုင်ငံသားတစ်ဦးနှင့် ယာဉ်မောင်း(အမည်၊ နေရပ် လိပ်စာ-စိစစ်ဆဲ)တို့မှာထွက်ပြေးတိမ်းရှောင်နေကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်ရုံး)**

# တနင်္သာရီမြို့ဟောင်းသို့

## မောင်သာ(ရှေးဟောင်းသုတေသန)

တနင်္သာရီဟူသည့်အမည်ကို မြန်မာနိုင်ငံတောင်ဘက်စွန်းရှိ တိုင်းဒေသကြီး၏ အမည်ဟုသာ သိရှိသူများ၍ တနင်္သာရီမြို့ကိုမူ သိရှိသူ အလွန်မများလှပါချေ။ တနင်္သာရီမြို့သည် ရှေးဟောင်းသုတေသနနှင့် သမိုင်းသုတေသီများစိတ်ဝင်စားသည့် မြို့ဟောင်းတစ်ခုဖြစ်၍ ထင်ရှားသော ရှေးမြို့ဟောင်းများဖြစ်ကြသည့် သာဂရနှင့်မုတ္တီးတို့ကဲ့သို့ပင် တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ တည်ရှိသည်။ မြိတ်မြို့မှ တနင်္သာရီမြို့သို့ တနင်္သာရီမြစ်ကူးတံတားကို ကျော်ဖြတ်၍ မော်တော်ကားဖြင့် အလွယ်တကူ သွားရောက်နိုင်ကာ မောင်းနှင်ချိန် တစ်နာရီခွဲ ဝန်းကျင်သာကြာမြင့်သည်။

ကောင်းကင်ဓာတ်ပုံများမှတစ်ဆင့် မြန်မာ့ရှေးဟောင်းမြို့များကို ရှာဖွေခဲ့သူ သစ်တောဦးစီးဌာနမှ ဦးအောင်မြင့်သည် တနင်္သာရီမြစ်ရိုးတစ်လျှောက်၌ တနင်္သာရီမြို့ဟောင်း၊ တုံးဗျောမြို့ဟောင်းနှင့် ဇလွန်မြို့ဟောင်းတို့ကို တွေ့ရှိခဲ့ကြောင်း စာတမ်းတစ်စောင် ရေးသားခဲ့သည်။



တနင်္သာရီတိုင်းဒေသကြီးမှ တနင်္သာရီမြို့

### တနင်္သာရီမြို့နယ်

တနင်္သာရီမြို့သည် တနင်္သာရီကမ်းရိုးတန်း၌ ကုန်သွယ်မှုအချက်အချာကျသည့်နေရာတွင် တည်ရှိသည်။ ဗြိတိသျှတို့သည် ၁၈၂၆ ခုနှစ်တွင် မြန်မာနိုင်ငံအောက်ပိုင်းကို သိမ်းယူခဲ့ပြီးနောက် တနင်္သာရီမြို့အမည်ကို အစွဲပြုလျက် တနင်္သာရီတိုင်းကိုဖွဲ့စည်းခဲ့ရာ တနင်္သာရီတိုင်းမြို့တော်သည် ကျိုက္ခမီမြို့ဖြစ်၍ တနင်္သာရီမြို့သည် တနင်္သာရီတိုင်းအတွင်း၌ ထားဝယ်ပြီးလျှင် ရှေးအကျဆုံးမြို့ ဖြစ်ခဲ့သည်။

တနင်္သာရီမြို့သည် မြိတ်မြို့မှ အရှေ့တောင်ဘက်သို့ ၇၆ ကီလိုမီတာကွာဝေး၍ တနင်္သာရီမြစ်နှင့်ချောင်းငယ်မြစ်ကမ်းပေါ်တွင် မြင်းခွာပုံသဏ္ဍာန် တည်ရှိနေသည်။ တနင်္သာရီမြို့၏ တည်နေရာမြေပုံအညွှန်းသည် မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ဝ၅ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၁၂ မိနစ် အကြားဖြစ်သည်။ အရှေ့အနောက် ၅၈ မိုင်နှင့် တောင်မြောက် ၁၄၃ မိုင်ရှည်လျား၍ ၄၃၈ဝ ဒသမ ဝ၅ စတုရန်းမိုင် ကျယ်ဝန်းသည့် တနင်္သာရီမြို့နယ်ကို လက်ရှိအချိန်တွင် မြို့နှစ်ခု(တနင်္သာရီနှင့် မောတောင်) ရပ်ကွက် ငါးခု၊ ကျေးရွာအုပ်စု ၁၉ အုပ်စု ၊ ကျေးရွာ ၁၇၆ ရွာဖြင့် ဖွဲ့စည်းထားသည်။

တနင်္သာရီမြို့နယ်သည် အရှေ့ဘက်တွင် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် မြိတ်မြို့နယ်၊ ပုလောမြို့နယ်နှင့် ကျွန်းစုမြို့နယ်၊ တောင်ဘက်တွင် ဘုတ်ပြင်းမြို့နယ်နှင့် မြောက်ဘက်တွင် ထားဝယ်မြို့နယ်နှင့် ထိစပ်နေသည်။ မိုင် ၂၇ဝ ရှည်လျားသည့် တနင်္သာရီမြစ်သည် တနင်္သာရီမြို့နယ်အတွင်း၌ ၁၃၈ မိုင် ဖြတ်သန်းစီးဆင်းနေပြီး တနင်္သာရီမြို့၏ အရှေ့၊အနောက်နှင့် မြောက်ဘက်ကို ရေများက ဝန်းရံနေကာ တောင်ဘက်၌ တောင်ကုန်းတောင်တန်းများ တည်ရှိနေသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅ဝ မြင့်ပြီး သမမျှတသော ရာသီဥတုရှိသည့် တနင်္သာရီမြို့နယ်တွင် ၂ဝ၁၈ ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်သည့် စာရင်းများအရ လူဦးရေ ၁ဝ၁၈၄၂ ဦး နေထိုင်လျက်ရှိရာ ဗမာလူမျိုးနှင့် ကရင်လူမျိုးများက အများဆုံးဖြစ်သည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်တမ်းတွင် တနင်္သာရီမြို့ဟောင်း၊ မြို့ရိုးနှင့် ကျုံး၊ ရှင်မအောင်သာကျောက်တိုင်နှင့် နန်းတော်ရာကုန်းတို့ကို ရှေးဟောင်းနေရာတည်ရှိရာ ဇုန်ဟုလည်းကောင်း၊ တနင်္သာရီမြို့ဟောင်းအတွင်းအပြင် နှစ်ခုလုံးကို ကာကွယ်ထိန်းသိမ်းထားသောဇုန်ဟုလည်းကောင်း ဖော်ပြထားသည်။ တနင်္သာရီမြို့ရှိ မြဝတ်ဆင်နှင့် ရန်အောင်မြင်တို့သည် မြို့နယ်၏ ထင်ရှားသော စေတီများဖြစ်ကြသည်။

### မြို့ဟောင်းဝင်ပေါက်များ

တနင်္သာရီမြို့ဟောင်းသည် တနင်္သာရီမြို့ပင်ဖြစ်၍ မြို့ဟောင်းအတွင်း၌ ချောင်းကြီးရပ်ကွက်နှင့် ချောင်းငယ်ရပ်ကွက် တည်ရှိသည်။ ယင်းရပ်ကွက်နှစ်ခုတွင် ၂ဝ၁၄ ခုနှစ် လူဦးရေစာရင်းအရ အိမ်ခြေ ၁၈၆၅ အိမ်၊ အိမ်ထောင်စု ၁၁၂၆ စုရှိ၍ လူဦးရေ ၅၅၁၄ ဦး နေထိုင်သည်။

အုတ်မြို့ရိုးများ ကျန်ရှိနေသည့် တနင်္သာရီမြို့ဟောင်းကို အရှေ့ဘက်တွင် မြဝတ်ဆင်တောင်တန်း၊ အနောက်ဘက်နှင့် မြောက်ဘက်တွင် မရင်းကြီးတောင်တန်းများက တနင်္သာရီမြစ်နှင့် ချောင်းငယ်မြစ်ခြားကာ ဝန်းရံနေပြီး တောင်ဘက်တွင် လုံးခရမ်းတောင်၊ ကြယ်ခြေတောင်နှင့် တနင်္သာရီတောင်တန်းများရှိသည်။ မြို့တည်နေရာသည် လွင်ပြင်ကျယ်ဖြစ်၍ ဦးကြီးစိန်ပြုစုသည့် မြိတ်ရာဇဝင်တော်တွင် မြို့ပတ်လည်အလျားသည် ကိုက် ၅၆၇ဝ၊ မြို့ရိုးသည်မြေအဝင် သုံးတောင်၊ မြေပေါ်အရပ်ရှစ်တောင်ဟု ဖော်ပြထားသည်။ မြို့ဟောင်း၌ ဝင်ပေါက် ရှစ်ပေါက်၊ မလွယ်တံခါး နှစ်ပေါက်ရှိပြီး လက်ရှိ တနင်္သာရီမြို့ဟောင်း၏ အကျယ်အဝန်းသည် ၁ ဒသမ ဝ၈၉ စတုရန်းမိုင်ဖြစ်သည်။

မြို့ဝင်ပေါက် ရှစ်ပေါက်အနက် မြို့ဟောင်း၏ အရှေ့ဘက်မြို့ရိုး၊ အနောက်ဘက်မြို့ရိုးနှင့် မြောက်ဘက်မြို့ရိုးတို့တွင် မြို့ဝင်ပေါက်နေရာများသည် ထင်ရှားစွာကျန်ရှိနေပြီး မြောက်ဘက်မြို့ရိုးရှိ ဝင်ပေါက်နှစ်ခုသည် အခြားဝင်ပေါက်များထက် ပိုမိုကျယ်ဝန်းသည်။

တနင်္သာရီမြို့ဟောင်း၏ အရှေ့ဘက်မြို့ရိုးသည် ပေ ၁၄၅ဝ၊ အနောက်ဘက်မြို့ရိုးသည် ပေ ၁၈ဝဝ၊ တောင်ဘက်နှင့် မြောက်ဘက်မြို့ရိုးသည် ပေ ၂၂၅ဝ စီ ရှည်လျားသည်။ အရှေ့ဘက်မြို့ရိုးကို မြို့ဦးစေတီတောင်ကျောင်းဝင်းအတွင်း၌ တွေ့ရသည်။ အရှေ့တောင်ထောင့်မြို့ရိုးသည် အမြင့်ပေ ၆ဝ ကျန်ရှိနေကာ မြို့ရိုးတည်ဆောက်ရာတွင် အသုံးပြုခဲ့သည့် အုတ်များ၏ အရွယ်အစားသည် အလျားတစ်ပေ၊ အနံခြောက်လက်မခွဲနှင့် အထူ နှစ်လက်မခွဲဖြစ်သည်။

ရွှေလိပ်ပြာရေဆိပ်ဟု ခေါ်ဆိုကြသည့် မြို့ဟောင်းအနောက်ဘက်မြို့ရိုးဝင်ပေါက်သည် ၁၉ ပေ ၆ လက်မကျယ်၍ ၈ ပေ ၇ လက်မမြင့်ကာ မြို့ရိုးအထူသည် ၉ ပေ ၆ လက်မဖြစ်သည်။ မြို့ရိုး၏တောင့်များကို ဂဝံကျောက်များဖြင့် ထောင့်ချုပ်များ ပြုလုပ်ထားသည်။ အနောက်ဘက်မြို့ရိုး၌ပင် ရွှေလိပ်ပြာရေဆိပ်၏ မြောက်ဘက် ပေ ၃ဝဝ တွင် မြို့ဝင်ပေါက်တစ်ခုရှိပြီး ယင်းနေရာမှ အလျား ၁၆ လက်မ၊ အနံ ၈ လက်မနှင့် အထူ ၃ လက်မရှိ အုတ်များကို တွေ့ရှိခဲ့သည်။

မြောက်ဘက်မြို့ရိုးရှိ မာန်လည်ရေဆိပ်နေရာတွင် ၃၃ ပေကျယ်၍ ၈ ပေမြင့်သည့် မြို့ဝင်ပေါက်တစ်ခုရှိကာ ယင်းမြို့ ရိုးရှိ အခြားဝင်ပေါက်တစ်ခုသည် ပေ ၃ဝ ကျယ်၍ ၆ ပေမြင့်သည်။

### မြို့ဟောင်းလေ့လာမှုများ

တနင်္သာရီမြို့၏ အနောက်ဘက်မြစ်ကမ်းတစ်လျှောက်နှင့် မြို့ဝင်မုခ်ဦးမှစ၍ လက်ဝဲဘက်တစ်လျှောက်တွင် ထုထည်ကြီးမားသော မြို့ရိုးဟောင်းကုန်းတန်းကြီးများ ကျန်ရှိနေကာ တနင်္သာရီမြို့ဟောင်းကို တနင်္သာရီမြစ်နှင့် ချောင်းငယ်မြစ်တို့က သဘာဝရေကျုံးများသဖွယ် ကာရံထားသည်။

တနင်္သာရီမြို့ဟောင်း၏ တောင်ဘက်နှင့်မြောက်ဘက်မြို့ရိုးတို့သည် အလျားတူညီပြီး မြို့ပုံသဏ္ဍာန်သည် ထောင့်မှန်စတုဂံပုံ မကျတကျဖြစ်သည်။ မြို့ဟောင်းသည် ဂငယ်ပုံ ကွေ့ဝိုက်စီးဆင်းနေကြသည့် တနင်္သာရီမြစ်နှင့် ချောင်းငယ်မြစ်အကြားတွင် တည်ရှိနေသဖြင့် မြင်းခွာပုံနှင့် တူနေပေသည်။

၁၉၉၈ ခုနှစ်တွင် ဆရာတော်ဦးပညာဒီပ၏ ချောင်းကြီးကျောင်းဝင်းအတွင်းရှိ စေတီပျက်မှ ခဲဘုရား ၁ဝ ဆူ၊ မြေမီးဖုတ် အုတ်ခွက်ဘုရား ငါးဆူ၊ ဆင်းတုငယ်ပုံပါရှိသည့် ရွှေပြားတစ်ပြား၊ ဘုရာဦးခေါင်းတော်ငါးခု၊ ကြေးရုပ်ပွားတော်လေးဆူနှင့် စဥ့်သုတ်မြေအိုးခြောက်လုံးကို တွေ့ရှိခဲ့သဖြင့် ယင်းပစ္စည်းများကို ရှေးဟောင်းသုတေသနဦးစီးဌာနက သွားရောက်စစ်ဆေးခဲ့သည်။ ထို့နောက် ရှေးဟောင်းသုတေသနဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ငွေငွေစိုး ဦးဆောင်သည့် အဖွဲ့သည် ၁၉၉၉ ခုနှစ်တွင် တနင်္သာရီမြို့ဟောင်းကို ပမာဏကွင်းဆင်းတိုင်းတာခြင်းနှင့်စမ်းသပ်တူးဖော်မှုများ ပြုလုပ်ခဲ့ကာ မြောက်ဘက်မြို့ရိုးရှိ မာန်လည်ရေဆိပ်ဝင်ပေါက်နေရာရှိ ကုန်းအမှတ် (၁) (TNRI–1) နှင့် တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံမှ အနောက်ဘက်သို့ ပေ ၂၅ဝ အကွာတွင်ရှိသည့် ကုန်းအမှတ် (၂) (TNRI–2) ကို စမ်းသပ်တူးဖော်ခဲ့သည်။

ကုန်းအမှတ်(၁)၏ လုပ်ငန်းခွင်ဧရိယာသည် အရှေ့အနောက် ၄၅ ပေနှင့် တောင်မြောက် ပေ ၃ဝ ရှည်လျားကာ ရှစ်ပေမြင့်သောကုန်းဖြစ်ပြီး မြို့ဟောင်းအလယ်ရှိ ရှင်မအောင်သာနတ်နန်းနှင့် ပေ ၁၂ဝဝ ကွာဝေး၍ တူးဖော်မှုကုန်းနှင့် နတ်နန်းတို့သည် မျဉ်းတစ်ဖြောင့်တည်း တည်ရှိနေကြသည်။ ရှင်မအောင်သာကို တနင်္သာရီမြို့ တည်စဉ်က စတေးခဲ့သည်ဟု ဒေသခံများက ယုံကြည်ကြကာ ရုပ်တုပြုလုပ်၍ နတ်နန်းကို တည်ဆောက်ခဲ့ကြသည်။

စာမျက်နှာ ၂၂ သို့



တနင်္သာရီမြို့ဟောင်း အပိုင်းအစများကို တွေ့ရစဉ်။

❒ ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်တမ်းတွင် တနင်္သာရီမြို့ဟောင်း၊ မြို့ရိုးနှင့် ကျုံး၊ ရှင်မအောင်သာကျောက်တိုင်နှင့် နန်းတော်ရာကုန်းတို့ကို ရှေးဟောင်းနေရာတည်ရှိရာ ဇုန်ဟုလည်းကောင်း၊ တနင်္သာရီမြို့ဟောင်းအတွင်းအပြင် နှစ်ခုလုံးကို ကာကွယ်ထိန်းသိမ်းထားသောဇုန်ဟု လည်းကောင်း ဖော်ပြထားသည်။ တနင်္သာရီမြို့ရှိ မြဝတ်ဆင်နှင့် ရန်အောင်မြင်တို့သည် မြို့နယ်၏ ထင်ရှားသော စေတီများဖြစ်ကြသည်။

# စင်ကာပူသို့ မြန်မာ့သရက်သီး တန် ၁၀၀ နီးပါး တင်ပို့နိုင်ခဲ့ပြီး လာမည့်ရာသီတွင်လည်း နိုင်ငံတကာသို့တင်ပို့မှု အလားအလာကောင်းမည်

**မန္တလေး ဩဂုတ် ၁၇**

မြန်မာ့သရက်သီးကို နိုင်ငံတကာဈေးကွက် ရှာဖွေတင်ပို့လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဧပြီလကုန်မှ ဇူလိုင်လအတွင်း စင်ကာပူနိုင်ငံသို့ သရက်သီး တန်ချိန် ၁၀၀ နီးပါး တင်ပို့နိုင်ခဲ့ပြီး အလားအလာကောင်းများရှိသဖြင့် လာမည့်နှစ်တွင် အခြားနိုင်ငံများသို့ ဈေးကွက်တိုးချဲ့ရန်လည်း စီစဉ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံသရက်အသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ(သဇင်နွယ်)က ပြောသည်။

သရက်သီးရာသီသည် ဧပြီလကုန်မှ ဇူလိုင်နှင့် ဩဂုတ်လအထိဖြစ်ရာ ယခင်နှစ်က ထိုကာလအတွင်း စင်ကာပူနိုင်ငံဈေးကွက်သို့ တန်ချိန် ၂၀ ခန့်သာ တင်ပို့နိုင်ခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၁၀၀ နီးပါး တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာ စားသုံးမှုဈေးကွက်တွင်လည်း နေရာတစ်ခု ရရှိနေပြီဖြစ်သည်။

"အခုတော့ သရက်ရာသီ ကုန်သွားပြီ။ နောက်ဆုံးထွက်တဲ့ ရှမ်းပြည်နယ်က သရက်တောင် မရှိတော့ဘူး။ ဒီနှစ် သရက် ရာသီမှာ စင်ကာပူကို NT Star နဲ့ သဇင်နွယ် နှစ်ခုပေါင်း အုပ်စုက သဘော်နဲ့ တင်ပို့ခဲ့တော့ တင်ပို့မှုပိုင်းမှာ အဆင်ပြေလို့ ပင်လယ်ရေကြောင်းနဲ့ ဂျပန်ပို့မလား၊ အလားအလာကောင်းတွေ ရှိနေပြီ။ အခြားနိုင်ငံတွေဆီ တင်ပို့ဖို့လည်း စီစဉ်နေကြပြီ"ဟု ၎င်းက ပြောသည်။

ကိုဗစ်-၁၉ ရောဂါနှင့် တရုတ်သို့ သစ်သီးများ တင်ပို့မှု အများဆုံးကာလ တိုက်ဆိုင်ခဲ့သည့်အတွက် တရုတ်နိုင်ငံ ဈေးကွက်တွင် ဆုံးရှုံးမှုနှင့် ဈေးကွက်မတည်ငြိမ်မှုများကို ကြုံတွေ့ခဲ့ရကာ ပြည်တွင်းမှ ကုန်သည်နှင့် စိုက်ပျိုးသည့် တောင်သူများ နစ်နာဆုံးရှုံးမှုများ ရှိခဲ့သော်လည်း စင်ကာပူ နိုင်ငံသို့ တင်ပို့နိုင်မှုသည် အမြင့်ဆုံးဖြစ်ကြောင်း၊ တရုတ်နိုင်ငံ ဈေးကွက်တွင်မူ ဝယ်လိုအား နည်းသည့်အပြင် ဈေးနှုန်းလည်း ယခင်နှစ်ထက် လျော့နည်းခဲ့ကြောင်း သိရသည်။

"စင်ကာပူကို တင်ပို့တဲ့သူက အရင်ထက် များလာတယ်။ သရက်သီးက ဒီနှစ်မှာ ပြည်တွင်းမှာလည်း ပိုလျှံခဲ့တယ်။ တရုတ်ဈေးကွက်ကလည်း အဆွဲနည်းခဲ့တယ်။ ဒီလိုအချိန်မှာ စင်ကာပူဘက် တင်ပို့နိုင်မှုများလာတာက အလားအလာကောင်းပေါ့။ တရုတ်ဈေးကွက်မှာ ၁၆ ကီလို တစ်ခြင်းမှ အများဆုံး ယွမ် ၁၃၀ ပဲရပြီး မနှစ်က ၁၆၀ အထိ ရခဲ့တယ်"ဟု မြန်မာ သရက်ဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုး တိုးတက်ရေးအသင်းမှ အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောသည်။



ပြည်ပသို့တင်ပို့ရောင်းချမည့် သရက်သီးများကို အရည်အသွေးစစ်ဆေးမှုများ ပြုလုပ်နေစဉ်။

မြန်မာနိုင်ငံမှ ပြည်ပသို့ သရက်သီးတင်ပို့မှု စာရင်းများ အရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၄၇၇၄၇ ဒသမ ၉၅ တန် (အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၀၇သန်း)၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ၂၉၄၄၄ တန်(အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၀၆ သန်း)၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ၃၀၉၄၄ ဒသမ ၁ တန် (အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆၂ သန်း)၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ၄၇၁၀၀ ဒသမ ၀၄ တန် (အမေရိကန် ဒေါ်လာ ၁၉ ဒသမ ၀၈ သန်း)၊ ၂၀၁၉-၂၀၂၀ (၂၀၁၉ အောက်တိုဘာ ၁ ရက်မှ ၂၀၂၀ ဧပြီ ၁၇ အထိ)တွင် ၂၃၁၅ ဒသမ ၂၅ တန် (အမေရိကန်ဒေါ်လာ ၀ ဒသမ ၉၇ သန်း) တင်ပို့နိုင်ကြောင်း သိရသည်။

မြန်မာတစ်နိုင်ငံလုံးတွင် သရက်စိုက်ဧက ၂၅၀၀၀၀ ခန့်ရှိပြီး သရက်သီး အထွက်နှုန်းမှာ တန်ချိန် ၆ ဒသမ ၆ သိန်းကျော်ရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည် တော်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင် ပိုင်း)တို့တွင် အများဆုံးစိုက်ပျိုး၍ စင်ကာပူသို့တင်ပို့ရာတွင် အအေးခန်းများဖြင့် တင်ပို့ခြင်းဖြစ်ပြီး တောင်သူများထံမှ ဝယ်ယူရာတွင်လည်း စံချိန်မီ သရက်သီးများဖြစ်ရန်နှင့် အရွယ်အစားအလိုက် ဈေးနှုန်းသတ်မှတ်၍ ဝယ်ယူခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ပင်လည်ဘူးမြို့နယ်မှ Cash for Work စီမံကိန်းလုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ပြီးစီး

**ပင်လည်ဘူး ဩဂုတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုကို ပြန်လည်ကုစားသည့်အစီအစဉ်(CERP)ဖြင့် Cash for Work စီမံကိန်းလုပ်ငန်းများကို ကျေးရွာ ခြောက်ရွာ၌ တစ်ရွာလျှင် ငွေကျပ် သိန်း ၁၀၀ ဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသက်ထွန်းဇော်ထံမှ သိရသည်။

ပင်လည်ဘူးမြို့နယ်အတွင်း Cash for Work စီမံကိန်း ဆောင်ရွက်နေသည့် ကျေးရွာများမှာ တံတားကိုင်းကျေးရွာ၊ အလယ်စုကျေးရွာ၊ ဟန်ဖဲကျေးရွာ၊ သာစည်ကျေးရွာ၊ ဝါးရုံသာကျေးရွာနှင့် ဥသျှစ်ကုန်းကျေးရွာတို့ဖြစ်ပြီး တံတားကိုင်းကျေးရွာနှင့် အလယ်စုကျေးရွာတွင် ရွာတွင်းလမ်းများ ဂျင်းမြေခင်းခြင်း၊ ဟန်ဖဲကျေးရွာတွင် ရွာတွင်းလမ်းဘေးရေနုတ်မြောင်း တူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်းနှင့် ပိုက်လိုင်းသွယ်တန်းခြင်း၊ သာစည်ကျေးရွာတွင် ရွာတွင်းလမ်း ဂျင်းမြေခင်းခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်း၊ ဝါးရုံသာကျေးရွာတွင် ကျေးရွာဘောလုံးကွင်းတည်ဆောက်ခြင်း၊ ဥသျှစ်ကုန်းကျေးရွာတွင် ရွာတွင်းလမ်း ဂျင်းမြေခင်းခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ လက်ရှိအချိန်တွင် ကျေးရွာအသီးသီး၌ လုပ်ငန်း များ ဆောင်ရွက်နေမှုသည် ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ဩဂုတ်လကုန်တွင် အပြီးသတ်ဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်း ကြီးကြပ်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျောင်းကုန်းမြို့တွင် မဲဆန္ဒရှင်စာရင်း အချက်အလက်များ ပြည့်စုံမှန်ကန်စေရေး သုံးသပ်ဆွေးနွေး

**ကျောင်းကုန်း ဩဂုတ် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အေးချမ်းသာယာခန်းမ၌ မဲဆန္ဒရှင်စာရင်းအချက်အလက်များ ပြည့်စုံမှန်ကန်စေရေး သုံးသပ်ဆွေးနွေးခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းက မဲဆန္ဒရှင်စာရင်းတွင် မှတ်ပုံတင်မရှိသောမဲဆန္ဒရှင်များစာရင်းကို သေချာစွာ စာရင်းပြုစု တင်ပြကြရန် ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအုန်းကြိုင်က ထွေ/အုပ်၊ လ.ဝ.ကနှင့်ကော်မရှင်တို့ စာရင်းကိုက်ညီမှုရှိရေး ပြောကြားသည်။

ထို့နောက် မြို့နယ်လ.ဝ.က ဒုတိယဦးစီးမှူး ဒေါ်စိုးစိုးလှိုင်က အထောက်အထားပြည့်စုံသူသာ နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးရမည်ဖြစ်ကြောင်း၊ ကျေးရွာများမှ အခက်အခဲများမေးမြန်းမှုကို ပြန်လည်ရှင်းလင်းပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မဲစာရင်းစောင့်ကြည့် စရိတ်(နေ့တွက်စရိတ်)နှင့် ဥပဒေ၊ နည်းဥပဒေစာအုပ်များ ထုတ်ပေးမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အရာရှိ ဒေါ်စုမြတ်ထိုက်က ပြောသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ပထမအကြိမ်အဖြစ် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးကို အခမဲ့ထိုးနှံပေးနိုင်ရေး ကြိုတင်စာရင်းပေးသွင်းနိုင်ရန် နှိုးဆော်

**ဒေါပုံ ဩဂုတ် ၁၇**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ်အတွင်း ရပ်ကွက်များ၌ ပထမအကြိမ်အဖြစ် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (HPV)ကို အခမဲ့ထိုးနှံပေးနိုင်ရေးအတွက် ကြိုတင်စာရင်းပေးသွင်းနိုင်ရန် နှိုးဆော်ခြင်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လိုက်လံနှိုးဆော်ထားသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်းသည် ဒေါပုံမြို့နယ်တွင် ပထမအကြိမ်အဖြစ် စတင်ထိုးနှံပေးမည်ဖြစ်ပြီး ပုံမှန်ကာကွယ်ဆေးထိုးခြင်း အစီအစဉ်များတွင် ၁၃ မျိုးမြောက် ကာကွယ်ဆေးဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် သတ်မှတ်ချက်များနှင့်အကျုံးဝင်သည့် ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၁ ခုနှစ် ဩဂုတ်လအတွင်း မွေးဖွားသူ (သို့မဟုတ်)အသက် ကိုးနှစ်ပြည့်မှ အသက် ၁၀ နှစ်အထိ မိန်းကလေးများသာ ထိုးနှံရမည်ဖြစ်ပြီး ယင်းကာကွယ်ဆေးထိုးနှံခြင်းကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း ထိုးနှံပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**သဲစုစုလွင်(ပြန်/ဆက်)**

*စာမျက်နှာ ၂၁ မှ*

တူးဖော်မှု ကုန်းအမှတ်(၁) မာန်လည်ရေဆိပ်ကို ယခုတိုင် အသုံးပြုနေဆဲဖြစ်ပြီး ဗြိတိသျှတို့ အုပ်စိုးစဉ်က ယင်းနေရာတွင် ပင်လယ်ကူးသင်္ဘောများ ဆိုက်ကပ်ခဲ့ကာ မြို့ဝင်ပေါက်၏ မြောက်ဘက်တည့်တည့် ၅၆ ပေအကွာတွင် ဂဝံကျောက်တုံးများကို ဆက်၍ ခိုင်မာစွာပြုလုပ်ထားသည့် ဂဝံကျောက်ဖျာဆိပ်ခံဇောတံတားတစ်ခုကို မြင်တွေ့နိုင်ကြသည်။ ရှေးဟောင်းသုတေသနဦးစီးဌာန၏ တိုင်းထွာချက်များအရ ယင်းကျောက်ဖျာသည် နှစ်ပေနှင့် ခုနစ်လက်မထူ၍ အရှေ့အနောက် ၃၆ ပေနှင့် တောင်မြောက် ၃၂ ပေ ၆ လက်မ ရှည်လျားသည်။ ယခုအချိန်တွင် မြစ်ရေတိုက်စားမှုကြောင့် ဂဝံကျောက်ဖျာ၏ မြောက်ဘက်ခြမ်းသည် ပေ ၂၀ ခန့် ပြိုကျပျက်စီးနေပြီဖြစ်သည်။

ကုန်းအမှတ်(၁) တူးဖော်မှုမှ မြေအိုးကွဲ အပိုင်းအစများ၊ စဥ့်ရည်သုတ်အိုးကွဲများ၊ ကြွေအိုးအပိုင်းများကို တွေ့ရှိခဲ့၍ ကုန်းအမှတ်(၁)၏ ဝင်ပေါက်လမ်းသည် ၃၃ ပေကျယ်သည်။ အုတ်မြို့ရိုးတန်းပေါ်တွင် အပင်များပေါက်နေကာ အချို့နေရာများတွင် မြို့ရိုးပြိုကျ၍ အုတ်ကျိုးခဲများ စုပုံနေကြသည်။ အုတ်မြို့ရိုးသည် ယခင်က ၁၅ ပေ ဝန်းကျင်မြင့်ကြောင်း ဒေသခံများက ပြောကြားခဲ့သည်။

ကုန်းအမှတ်(၂)သည် အရှေ့အနောက် ၁၀၅ ပေ နှင့် တောင်မြောက် ပေ ၆၀ ရှည်လျားကာ ၁၁ ပေမြင့်သော ကုန်းဖြစ်ပြီး ကုန်းတစ်ခုလုံးကို ရှင်း၍ အရှေ့အနောက်တန်းလျက် ၁၅ ပေ ပတ်လည်ကျယ်သည့် ကျင်းသုံးခုကို တူးဖော်ခဲ့ရာ မြေထည်၊ စဥ့်ထည်၊ ကြွေထည် အပိုင်းအစ ၃၀၀ ကျော်နှင့် ဦးခေါင်း၊ လက်မောင်းနှင့် ပေါင်နေရာတွင် ကျိုးနေပြီး ခါးတောင်းကျိုက်ထားသည့် လူရုပ်တစ်ခုနှင့် တိရစ္ဆာန်ရုပ်တစ်ခုကို တွေ့ရှိခဲ့သည်။ ယင်းကုန်းကို တူးဖော်ခဲ့သူ ဒေါ်ငွေငွေစိုးက ယင်းနေရာတွင် ကြီးမားသော အဆောက်အအုံပန္နက်ရာတစ်ခုကို တွေ့ရှိခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ယင်းအဆောက်အအုံကို မတူးဖော်ခဲ့ရကြောင်း ရှင်းပြခဲ့သည်။

တစ်ဆက်တည်းမှာပင် တူးဖော်မှုကုန်းအမှတ်(၂)၏ မြောက်ဘက် ပေ ၉၀ အကွာတွင်ရှိသော မြို့ဝင်ပေါက်နေရာဖြစ်သည့် ကုန်းအမှတ်(၃) ကို စမ်းသပ်တူးဖော်ခဲ့သည်။

တနင်္သာရီမြို့ဟောင်း၏ နန်းတော်ရာဟု ယူဆရသည့် နေရာပေါ်တွင် ချောင်းငယ် ဘုန်းကြီးကျောင်းတည်ရှိနေသဖြင့်တူးဖော်သုတေသနပြုခြင်းကို မဆောင်ရွက်နိုင်ခဲ့ချေ။ သို့သော် နန်းတော်ရာအနီးတွင် နန်းတော်နှင့်အတူ တည်ဆောက်ခဲ့သည်ဟု ယူဆရသည့် မင်္ဂလာရေကန်တော်ကို ၁၉၉၃-၁၉၉၄ ခုနှစ်တွင် ဒေသခံများက ပြန်လည် ဖော်ထုတ်ထိန်းသိမ်းခဲ့သည်။ ယင်းရေကန်သည် အနားတစ်ဖက်လျှင် ပေ ၅၀ ရှည်လျားသည့် အနားရှစ်ခုပါရှိသော အဋ္ဌဂံပုံကန်ဖြစ်၍ ရေကန်၏ အကျယ်(အချင်း)သည် ၁၂၄ ပေဖြစ်သည်။

**ဇလွန်နှင့် တုံးဗျောမြို့ဟောင်း**

တနင်္သာရီမြို့ဟောင်းဝန်းကျင်၌ မြို့ဟောင်းနှစ်ခုရှိသေးသည့်အနက် ဇလွန်မြို့ဟောင်းရာသည် ဦးအောင်မြင့်၏ စာတမ်းအရ တနင်္သာရီမြစ်၏ အနောက်မြောက်ဘက် ငါးမိုင်အကွာတွင် တည်ရှိသည်။ ဇလွန်ရွာသည် တနင်္သာရီမြစ်အတွင်းသို့ စီးဝင်နေသည့် ဇာဝီချောင်း၏ မြေပြန့်လွင်ပြင်တွင်တည်ရှိသော တောင်ငယ်တစ်ခု၏ မြောက်ဘက်အခြေ၌ တည်ရှိကာ မော်တုန်းရွာမှ နှစ်မိုင်ကွာဝေးသည်။ မြို့ဟောင်းသည် ဇလွန်ရွာနှင့် အနီးဆုံးတည်ရှိနေသဖြင့် ယင်းနေရာကို တွေ့ရှိခဲ့သော ဦးအောင်မြင့်က ဇလွန်မြို့ဟောင်းဟု အမည်ပေးခဲ့သည်။ ဇလွန်မြို့ဟောင်းသို့ တနင်္သာရီမြို့မှ တနင်္သာရီမြစ်အတိုင်း ငါးမိုင်စုန်ဆင်းကာ မော်တုန်းရွာမှတစ်ဆင့် သွားရောက်နိုင်သည်။

စတုဂံပုံ ဇလွန်မြို့ဟောင်း၏ အရှေ့ဘက်တွင် တောင်ကုန်းတောင်တန်းများ၊ အနောက်ဘက်နှင့် မြောက်ဘက်တွင် ဇာဝီချောင်း၊ တောင်ဘက်တွင် တနင်္သာရီမြစ် တည်ရှိသည်။ မြို့ဟောင်းသည် တောင်ကုန်းတောင်တန်းများအကြားမှ လွင်ပြင်တွင် တည်ရှိကာ သေးငယ်သော်လည်း စစ်ရေးအကာအကွယ်ကောင်းသည့် နေရာဖြစ်ကြောင်း ခန့်မှန်းခဲ့သည်။ မြို့ဟောင်း၏ ထောင့်များသည် ဝိုင်းနေကြကာ မြို့ရိုးနှစ်ထပ်ပါရှိပြီး ၆၅ ဧကကျယ်ဝန်းသည်ဟု ဆိုသည်။

မြိတ်မြို့မှ တနင်္သာရီမြစ်ကြောင်းအတိုင်း ၁၆ မိုင်ခန့် ဆန်တက်လျှင် တနင်္သာရီမြစ်နှင့် ပေါင်းဆုံနေသည့် ကျောက်ဖျာချောင်းကို တွေ့ရှိရမည်ဖြစ်သည်။ ကျောက်ဖျာချောင်းအတိုင်း သုံးမိုင်ဆန်တက်လျှင် တုံးဗျောကြီးကျေးရွာသို့ ရောက်ရှိကာ ရွာ၏မြောက်ဘက် တစ်မိုင်အကွာတွင် တုံးဗျောမြို့ဟောင်းရာရှိကြောင်း ဦးအောင်မြင့်က ဖော်ထုတ်ခဲ့သည်။ မြို့ဟောင်းသည် စတုဂံပုံရှိ၍ အရှေ့၊ အနောက်နှင့်မြောက်ဘက်ကို တောင်ကုန်းများက ဝန်းရံနေကာ မြို့ရိုးများသည်ထင်ရှားမှုမရှိတော့ဘဲမြို့ရိုးထောင့်များသည် အဝိုင်းပုံတည်ရှိနေကြသည်။ မြို့ဟောင်း၏ အကျယ်အဝန်းသည် ခန့်မှန်းဧက ၁၀၀ ရှိကာ ခံတပ်မြို့ သို့မဟုတ် တပ်စခန်းမြို့ဖြစ်နိုင်ကြောင်း ဦးအောင်မြင့်က သုံးသပ်ခဲ့သည်။

မြို့ရိုးမြို့ရာများ အခိုင်အမာတည်ရှိခဲ့သည့် တနင်္သာရီမြို့ဟောင်းအပါအဝင် တနင်္သာရီမြို့နယ်အတွင်းမှ မြို့ဟောင်းရာများသည် ယခုတိုင် ကျန်ရှိနေဆဲဖြစ်သဖြင့် ယင်းတို့ကို စနစ်တကျ တူးဖော်သုတေသနပြုလုပ်နိုင်မည်ဆိုပါက တနင်္သာရီကမ်းမြောင်ဒေသ၏ ခိုင်မာသော သမိုင်းအထောက်အထားများကို ယခုထက် ပိုမိုထုတ်ဖော်နိုင်မည်ဖြစ်ပေသည်။

**ကိုးကား**
တနင်္သာရီမြို့ဟောင်း စမ်းသပ်တူးဖော်မှု အစီရင်ခံစာ(၁၉၉၈-၁၉၉၉)
မြန်မာ့မြို့ဟောင်းများကို ကောင်းကင်ဓာတ်ပုံမှ ဘတ်ရှုလေ့လာခြင်း(အောင်မြင့်)
တနင်္သာရီမြို့နယ် ဒေသဆိုင်ရာ အချက်အလက်များ(ပြည်ထဲရေး ဝန်ကြီးဌာန)
ဒေါ်ငွေငွေစိုးနှင့် တွေ့ဆုံမေးမြန်းချက်များ




## တည်းခိုခန်းအတွက် ငှားမည်

လှိုင်မြို့နယ်အတွင်းရှိ ရေချိုးခန်း အိမ်သာတွဲလျက် အခန်း(၈)ခန်းပါ အဆောက်အအုံ ငှားမည်။

ကားပါကင် ပါသည်။

**ဈေးနှုန်း(ညှိနှိုင်း)**
**ဖုန်း-၀၉၂၆၂၈၀၆၆၈၈၊ ၀၉၇၈၅၄၄၀၇၈၅**

## ဖောင်းကြွပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/6432 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ကျောက်ဆည်)**

## ဒါရိုက်တာအဖွဲ့ဝင်ပြောင်းလဲခြင်းအား အများပြည်သူများသိရှိစေရန် ကြေညာခြင်း

တူတူဖိုင်းနန့်(စ်) ဒက်ဗလျူစီအိုင်မြန်မာကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ MR.LEE JEONG HYUK အစား ဒါရိုက်တာ MR.HAN CHEOL HEE အား ခန့်အပ်ကြောင်း အများပြည်သူများသိရှိစေရန် ကြေညာအပ်ပါသည်။

**တူတူဖိုင်းနန့်(စ်) ဒက်ဗလျူစီအိုင်**
**မြန်မာကုမ္ပဏီလီမိတက်**

## SEVEN ၀ံ

မြေကွက်များရောင်း/ဝယ်ရေး
**ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊**
7 (ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
"ပွဲခလုံး၀မယူပါ"။
**09 - 33 333 511**
**09 - 33 333 514**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7J/8188 Mini Cooper Hatch Back (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးခိုင်ကျော်ဇော ၇/ညလပ(နိုင်)၁၀၉၂၁၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက် ပိုင်း)၊ မန္တလေးမြို့**

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## နိုင်ငံခြားဖြစ်အရက်အမျိုးမျိုးတို့နှင့်စပ်လျဉ်း၍ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန်
## အသိပေးကြေညာချက်

၁။ နိုင်ငံခြားဖြစ် အရက်အမျိုးမျိုးကို ပြည်တွင်းသို့ တရားဝင်တင်သွင်းရောင်းချနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၅-၅-၂၀၂၀ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၂၀)ဖြင့် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပြည်တွင်းသို့ နိုင်ငံခြားဖြစ်အရက်အမျိုးမျိုး တရားဝင်တင်သွင်းခွင့် ရရှိလာမည့် လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်အတွင်း နိုင်ငံခြားဖြစ်အရက်များ တရားမဝင် တင်သွင်းရောင်းချနေသော လုပ်ငန်းရှင်များနှင့်ယှဉ်ပြိုင်ရောင်းချရာတွင် နစ်နာမှုမရှိစေရန် ပြည်တွင်းသို့ တရားမဝင် နည်းလမ်းအမျိုးမျိုးဖြင့် ရောက်ရှိနေသော နိုင်ငံခြားဖြစ်အရက်အမျိုးမျိုးတို့ကို ကျသင့်အခွန်အကောက်များ ပေးဆောင်စေပြီး A1 အမှတ်အသား(ခြသေ့်) အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ပေးမည်ဖြစ်ပါသည်။ အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ လုပ်ငန်းစီမံချက်အား One Stop Service (OSS) စနစ်ဖြင့် ၁-၉-၂၀၂၀ ရက်မှ ၃၀-၉-၂၀၂၀ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ဤစီမံချက်သည် မိမိလက်ဝယ်တွင်ရှိနေသော တရားမဝင်အရက်အမျိုးမျိုးကို တရားဝင်ဖြစ်စေရန် ဆောင်ရွက်ပေးမည်ဖြစ်သည့်အတွက် ကြေညာလွှာတင်သွင်းရမည့်ကာလကို ၂၁-၈-၂၀၂၀ ရက်မှ ၂၈-၈-၂၀၂၀ ရက်အတွင်း သတ်မှတ်ပါသည်။ အဆိုပါ ကာလအတွင်း လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ အချိန်မီကြေညာလွှာ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ စီမံချက်ကာလအတွင်း ထပ်မံရောက်ရှိလာနိုင်သည့် တရားမဝင်အရက်အမျိုးမျိုးကို ကာကွယ်တားဆီးနိုင်ရန် ကြေညာလွှာနောက်ဆုံးတင်သွင်းရမည့် ၂၈-၈-၂၀၂၀ ရက်နောက်ပိုင်း တင်ပြလာသည့် ကြေညာလွှာများကို လက်ခံဆောင်ရွက်ပေးမည်မဟုတ်သည့်အပြင် ကြေညာလွှာတင်သွင်းခြင်းမပြုဘဲ စီမံချက်ကာလအတွင်းတရားမဝင်အရက်များ ရောင်းချနေကြောင်း တွေ့ရှိပါကလည်း တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါသည်။

၅။ စီမံချက်ကာလကုန်ဆုံးပြီးနောက် ၁-၁၀-၂၀၂၀ ရက်မှစ၍ တရားဝင် အခွန်အမှတ် တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော နိုင်ငံခြားအရက်အမျိုးမျိုးကို လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် လက်လီလက်ကား ရောင်းချခြင်းများအပေါ် အထူးကုန်စည်ခွန်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ပျူမေတိုတစ်ဖွေ

အသားအရေ ဝါဝါဝင်း နုဂိုရည်ထက်
စိုပြည်ကာ သွေးသားသန့်ရှင်းရောဂါကင်းစေဖို့
**ကျော်မှ နနွင်းလုံး ကို အစဉ်သုံးပါ**
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - 1010YR001475
မီးနေသည်များပါ သုံးနိုင်ပါသည်၊
ကျော်မြန်မာ့ဆေးထုတ်လုပ်ဖြန့်ချိရေး၊ ရန်ကုန်မြို့
ဗိုလ်ချုပ်ဈေး (အပေါ်ထပ်)၊ အမှတ် (၂၈)၊ မြောက်ဘက်တန်း။
ဖုန်း - ၅၄၉၁၁၆

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
**ကန့်ဘလူခရိုင်တရားရုံးတော်၌**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် – ၆**

| | | |
|---|---|---|
| ဒေါ်ခင်စန်း နှင့် | ၁။ | ဦးကျော်ဇင်အောင်စိုး |
| (၎င်း၏အထွေထွေကိုယ်စားလှယ် | ၂။ | ဦးကြည်ဝင်း |
| စာရသူ သားဦးဇော်မင်းထွန်း) | ၃။ | ဦးဝင်းတင့် |
| | ၄။ | ဦးအောင်ဇော်မိုး |
| | ၅။ | ဦးဝင်းကျော် |
| | ၆။ | ဦးဌေးဝင်း |
| | ၇။ | ဦးရှိန်းထက် |
| | ၈။ | ဦးထွန်းညွန့်တင် |
| | ၉။ | ဦးချိုတူး |
| | ၁၀။ | ဦးညီညီထွန်း |
| | ၁၁။ | ဦးအောင်ကိုမင်း |
| | ၁၂။ | ဦးတင်ထွန်း |
| **တရားလို** | | **တရားပြိုင်များ** |

အထက်ပါအမှုမှ (၈)တရားပြိုင် ဦးထွန်းညွန့်တင် (ဘ)ဦးတင်မောင်၊ မြို့နယ်ဦးစီးမှူး၊ မြို့နယ်သစ်တောဦးစီးဌာနနှင့် (၉)တရားပြိုင် ဦးချိုတူး၊ တောအုပ်၊ မြို့နယ်သစ်တောဦးစီးဌာန၊ ကန့်ဘလူမြို့(ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ခွင့်ပြုချက်လိုင်စင်ဖြင့် လုပ်ကိုင်နေသော သစ်စက်အား ဆက်လက်လုပ်ဆောင်၍ မရစေရန် ယင်းသစ်စက်အတွင်းသို့ ခွင့်ပြုချက်မရဘဲ ကျူးကျော်ဝင်ရောက်ကာ သစ်ခွဲသားများနှင့်စက်တို့အား ခွင့်ပြုချက် မရဘဲ သယ်ဆောင်ပြီး တရားစွဲဆိုခံရခြင်းကြောင့် နစ်နာခဲ့ရသည့်အတွက် နစ်နာကြေးငွေကျပ်သိန်း ၅၀၀၀တိတိကို လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁၄ရက် (၁၃၈၂ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်စေရမည်။ ၎င်းအပြင် သင်သိစေရမည် မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။ **(မိမိခိုင်)**

**ခရိုင်တရားသူကြီး**
**ကန့်ဘလူခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1P/6032 SKAT LFJ 30486/ Dump (4X2) L ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၅/ရဘန(နိုင်)၀၅၈၃၇၀က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈၊ မြေကွက်အမှတ် ၇၂၄၊ မြေကွက်တည်နေရာအမှတ် ၃၃၊ အောင်သီရိ ၆ လမ်း၊ ၂၈ ရပ်ကွက်၊ ဒဂုံမြောက်ပိုင်းမြို့နယ်၊ ဒေါ်သီသီတင် ၁၂/ကမရ(နိုင်)၀၅၅၇၇၈ အမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်သီသီတင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၅၅၂/၂၀၀၄(၂၃-၂-၂၀၀၄)ဖြင့် ဦးသက်ဦးမှလည်းကောင်း၊ ဦးသက်ဦးထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၂၃၈၄/၂၀၀၄(၉-၈-၂၀၀၄)ဖြင့် ဒေါ်ချိုချို ၉/မထလ(နိုင်)၁၃၀၈၅၀မှ လည်းကောင်း ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်ချိုချိုကွယ်လွန်သဖြင့် ၎င်း၏တစ်ဦးတည်းသောတရားဝင်ခင်ပွန်းဖြစ်သူ ဦးမြင့်ရှိန် ၃/ကကရ(နိုင်)၀၀၉၂၇၀မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ဂရန်မူရင်း၊ အရောင်းအဝယ်စာချုပ် (၂)စောင်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန်၊ မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လင်မယားကွာရှင်းပြတ်စဲ၍ ပစ္စည်းခန်းခွဲဝေပြီးကြောင်း အများသိစေရန်ကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့၊ မင်းကွက်(၂)၊ (၃၆)လမ်းနေ ကျွန်မ ဒေါ်သက်သက်ဆွေ ၇/ပတတ(နိုင်)၁၁၀၄၉၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးရဲမြင့်ထွန်းနှင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်သက်သက်ဆွေတို့သည် ၁၂-၈-၂၀၂၀ ရက်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးပါကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉-က)ရပ်ကွက်၊ သစ္စာ(၅)လမ်း၊ အမှတ်(၁၄၇)ရှိ အလျား(ပေ ၆၀ပေx အနံ ပေ၂၀) မြေကွက်နှင့်အကျိုးခံစားခွင့်တို့သည် ကျွန်ုပ်မိတ်ဆွေနှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာမြင့် (စဉ်-၈၃၅၁) (၁၃-၉-၂၀၁၂)**
**LL.B, D.B.L**
**(တရားလွှတ်တော်ရှေ့နေ)**
**အိမ်-အမှတ်(၉၉၉)၊ သစ္စာလမ်း(ဥပဒေရုံးအနီး)၊ (၁၀)ရပ်ကွက်၊**
**တောင်ဥက္ကလာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ညောင်ခြေထောက်မြို့ (၁)ရပ်ကွက်နေ သားဖြစ်သူ မောင်စိုးမင်း ၇/အတန(နိုင်)၁၁၉၈၃၃သည် မိဘ၏ ဆိုဆုံးမမှုကို လုံး၀(လုံး၀) နာခံခြင်းမရှိသည့်အပြင် ကိုယ်ထိလက်ရောက် ကျူးလွန်စော်ကားနေသဖြင့် ၎င်းအားယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ ကိစ္စအဝဝကို လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းမည်မဟုတ်ကြောင်း ကြေညာလိုက်သည်။

**ဖခင်-ရမ်ကူမား(ခ)ဦးကျော်မင်း**
**မိခင်-မစမ်းတီးဒေဗီ(ခ)ဒေါ်ဆန္ဒာ**
**(ညောင်ခြေထောက်မြို့)**

## ဖျံ-၅-ကောင်

အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၂၁၄/၀၆၁၈
GENEVA GOLD STAR FOR QUALITY
**ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို**
ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
INTERNATIONAL STAR FOR QUALITY
LONDON QUALITY CROWN QC 100
**ပင်ရင်း - ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ)**
**Ph.D (Alternative Medicines)**
**ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- 01- 838 0175 / 839 2594**

# (၈၁)နှစ်ပြည့်မွေးနေ့အလှူ




ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ (၂)လမ်း B အခန်း(၀၀၄)၊ တိုက်အမှတ်(၂၅)နေ ဦးမောင်မောင် အင်ဂျင်နီယာချုပ်(ငြိမ်း) စိုးကမ္ဘာလျှပ်စစ်ရောင်းဝယ်ရေး၏ (၈၁)နှစ်ပြည့်မွေးနေ့အလှူအဖြစ် ၁၅-၈-၂၀၂၀ ရက်တွင် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် ကျပ်(၈၁၀၀၀၀)အား စိုးကမ္ဘာ မိသားစုနှင့်အတူတကွ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်ဦးစိန်ကုလားမှ လက်ခံယူသည်။

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ မင်းဘူး အထက(၁)၊ Grade-11(1)မှ မရတနာမိုး၏ ဖခင်အမည်မှန်မှာ ဦးစိန်မိုး ၈/မဘန(နိုင်)၀၈၀၆၄၉ ဖြစ်ပါကြောင်း။

ဦးစိန်မိုး

## ဖခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အထက၊ မအူချောင်း တက္ကသိုလ်ဝင်တန်းမှ မောင်မင်းသီဟ၏ ဖခင်အမည်မှန်မှာ ဦးမျိုးကျော်ကျော် ၁၄/ပတန(နိုင်) ၁၂၄၉၀၃ ဖြစ်ပါကြောင်း။

ဦးမျိုးကျော်ကျော်

## မိဘအမည်မှန်

ပေါင်မြို့၊ အထက(ခွဲ)၊ မင်းတန်းကျောင်း Grade-10 (စနစ်သစ်)မှ မောင်ချမ်းပြည့်စုံ၏ မိဘအမည်မှန်မှာ ဦးယဉ်အေး ၁၀/ပမန(နိုင်)၀၉၀၄၀၂ နှင့် ဒေါ်လှလှခိုင် ၁၀/ပမန(နိုင်)၀၉၀၅၀၀ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ပေါင်မြို့၊ အထက ပေါင်ကျောင်း တက္ကသိုလ်ဝင်တန်း(သင်ရိုးဟောင်း)မှ မအိမ့်မြတ်နိုးပိုင်၏ မိခင်အမည်မှန်မှာ မိခင်အုန်းမြင့် ၁၀/ပမန(နိုင်)၀၀၀၄၇၆ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9D/4725 FOTON All IN 3360 Truck (4X2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်မျိုး ၁၀/တလန(နိုင်)၀၆၆၀၇၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

# စစ်ကိုင်းတောင်ရိုးဆရာတော်ကြီးများ၏ ဩဝါဒခံ စစ်ကိုင်းတောင်ရိုးမူလရေစက်နှင့် ဆွမ်းလောင်းအသင်းကြီး၏ မေတ္တာရပ်ခံပန်ကြားလွှာ

**သမိုင်းအကျဉ်း**

ဤစစ်ကိုင်းတောင်ရိုးမူလရေစက်နှင့် ဆွမ်းလောင်းအသင်းကြီးမှာ ကောဇာသက္ကရာဇ် ၁၂၇၅-ခုနှစ်၊ ခရစ်သက္ကရာဇ်၁၉၁၃ ခုနှစ်က စစ်ကိုင်းတောင်ရိုးတွင် အဦးအစ ပထမဆုံးအဖြစ် စတင်ပေါ်ပေါက်လာခဲ့ပါသည်။

စစ်ကိုင်းတောင်ရိုးအရှေ့ဣစ္ဆာသယ ချောင် ဆရာတော်ဦးရာဇိန္ဒ အရှင်သူမြတ်က ဦးစီးဦးဆောင်ပြု၍ ၁၂၇၅-ခုနှစ်(၁၉၁၃)တွင် ဤစစ်ကိုင်းတောင်ရိုးမူလရေစက်နှင့် ဆွမ်းလောင်းအသင်းကြီးကို တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ ယခုအချိန်ထိဆိုပါက နှစ်ပေါင်း(၁၀၇)နှစ်အတွင်း ချင်းနင်းဝင်ရောက်လာခဲ့ပြီးဖြစ်ပါသည်။

ဤရေစက်ကြီးသည်စစ်ကိုင်းတောင်ရိုးရှိ ကျောင်းချောင်ပေါင်း(၁၀၀)ခန့်အား နေ့စဉ်ရေဂါလန်ပေါင်း ရှစ်သောင်းခန့် ဖြန့်ဝေလှူဒါန်းလျက်ရှိပါသည်။ ဤရေစက်ကြီးမှာ နှစ်ပေါင်းရာကျော် သက်တော်ရှည် ရေစက်ကြီးဖြစ်ရာ ဤရေစက်ကြီးယခုထက်ပို၍ ပို၍ သက်တော်ရာပေါင်းများစွာ ရှည်ကြာခိုင်မာတည်တံ့နိုင်ပါစေခြင်းအလို့ငှာ-

အောက်ပါအတိုင်း မိမိတို့စေတနာသဒ္ဓါတရားအလျောက် စွမ်းနိုင်ရာရာကို ချီးမြှောက်ထောက်ပံ့ လှူဒါန်းတော်မူကြပါရန် ရိုသေလေးမြတ်စွာဖြင့် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

**"လှူဒါန်းနိုင်သည့် အကြောင်းအရာများ"**

| | | |
|---|---|---|
| ၁။ | ထာဝရရေအလှူတော်ငွေပဒေသာပင်(၁)ပင်လျှင် | ၁၀၀၀၀၀/- |
| ၂။ | လျှပ်စစ်မော်တာ(၁၀) ကောင်အားတစ်လုံးလျှင် | ၅၀၀၀၀၀/- |
| ၃။ | လျှပ်စစ်မော်တာအကောင်(၃၀)အားတစ်လုံးလျှင် | ၁၅၀၀၀၀၀/- |
| ၄။ | ဖိထပ်ပန့်(၁)လုံးလျှင် | ၁၀၀၀၀၀၀/- |
| ၅။ | လျှပ်စစ်မော်တာ စက်ဘောများ ပျမ်းမျှတစ်လုံးလျှင် | ၅၀၀၀/- |
| ၆။ | ၃လက်မသံပိုက်အရှည်ပေ(၂၀)၊တစ်လုံးလျှင် (ပိုက်ဆက်ပစ္စည်းအပါအဝင်) | ၇၀၀၀၀/- |
| ၇။ | ၂လက်မသံပိုက်အရှည်ပေ(၂၀)တစ်လုံးလျှင် (ပိုက်ဆက်ပစ္စည်းအပါအဝင်) | ၅၀၀၀၀/- |
| ၈။ | ၁ ၁/၂ လက်မသံပိုက်အရှည်ပေ(၂၀)တစ်လုံးလျှင် (ပိုက်ဆက်ပစ္စည်းအပါအဝင်) | ၃၀၀၀၀/- |
| ၉။ | ၁ ၁/၄ လက်မသံပိုက်အရှည်ပေ(၂၀)တစ်လုံးလျှင် (ပိုက်ဆက်ပစ္စည်းအပါအဝင်) | ၂၅၀၀၀/- |

**ဆက်သွယ်လှူဒါန်းရန်မှာ-**

၁။ ဦးမျိုးမြင့်အမောင်(နာယက)
အတုလဝတီပုံနှိပ်တိုက်
အ.ထ.က(၂)တောင်ဘက်
ဈေးလမ်း၊စစ်ကိုင်းမြို့
ဖုန်း-၀၇၂-၂၁၄၃၂

၂။ ဦးစိုးမြင့်(ဥက္ကဋ္ဌ)
ရွှေပြည့်အောင်ပိုးထည်တိုက်
အ.မ.က(၁)တောင်ဘက်
နန်းတော်ရာရပ်၊စစ်ကိုင်းမြို့
ဖုန်း-၀၉-၇၉၇၁၈၆၆၄၃

၃။ ဦးကျော်လွင်(ဘဏ္ဍာရေးမှူး)
ရွှန်းလဲ့စတိုး အ.ထ.က(၁) တောင်ဘက်
နန်းတော်ရာရပ်၊စစ်ကိုင်းမြို့
ဖုန်း-၇၉၇၁၇၉၁၇၅

၄။ စစ်ကိုင်းမြို့ မြန်မာ့ရှေ့ဆောင်ဘဏ်
ငွေစာရင်းနံပါတ် 0560162056001335068

၅။ စစ်ကိုင်းမြို့ ရောဝတီဘဏ်
ငွေစာရင်းနံပါတ် 0147222010001060

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၇၄/မမ/CE | High Tension Bolt & Nut ( Ø 24 mm x 125mm) (33000-Set) (Japan) |
| ၂ | ၂၇၅/မမ/CE | 4 Angle Sheet (အထူ - 0.42mm) (280000 ) ဆ (7' , 8' ,12' ) နှင့် 4 Angle ခေါင်အုပ်သွပ် (အထူ - 0.42mm) (6000) ဆ (Country of Origen- Korea) |
| ၃ | ၂၇၆/မမ/CE | (1: 8 ½ ) Point & Crossing (Japan Design) (30-Sets) |

တင်ဒါပိတ်မည့် နေ့/အချိန် - အမှတ်စဉ် (၁)(၂) (၃၁.၈.၂၀၂၀) (၁၄:၃၀)နာရီ
- အမှတ်စဉ် (၃) (၇.၉.၂၀၂၀) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၇.၈.၂၀၂၀)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## မွေးသက္ကရာဇ်အမှန်

မိုးကုတ်မြို့၊ လယ်ဦးရပ်၊ နယ်မြေ(၁) နေ မအင်ကြင်းကိုကို၏ မွေးသက္ကရာဇ်အမှန်မှာ ၂၁-၁-၁၉၉၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကသာမြို့နယ်၊ မိုးတားလေးကျေးရွာ၊ အထကမှ မအိခိုင်မိုး (တက္ကသိုလ်ဝင်တန်း)၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇော် ၅/ကသန(နိုင်)၀၇၃၂၈၉ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကသာမြို့နယ်၊ မိုးတားလေးကျေးရွာ၊ အထကမှ မမေသူဇာအောင် (တက္ကသိုလ်ဝင်တန်း)၏ ဖခင်အမည်မှန်မှာ ဦးအုန်းကျော် ၅/ကသန(နိုင်)၀၁၆၂၄၅ ဖြစ်ပါကြောင်း။






## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ပေါင်မြို့နယ်တရားရုံးတော်
၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၅၀

ဒေါ်လချီးမီးပါ(၂) နှင့် ဒေါ်ဂျာတီး(ခ)ချိုချိုပါ(၁၃)
တရားလိုများ / တရားပြိုင်များ

ပေါင်မြို့နယ်၊ ပန်းကုန်းကျေးရွာ၊ အမှတ်(၁၅)ရပ်ကွက်နေ အမှတ်(၂)တရားပြိုင် ဒေါ်မိမော်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ သမိုင်းလမ်းဆုံ၊ (၁၆)ရပ်ကွက်၊ (၇) လမ်း၊ အမှတ်(၂၉)နေ အမှတ်(၈) တရားပြိုင် ဒေါ်အမေး(ယခုနေရပ်လိပ်စာမသိ) သူများအား သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက အမွေပုံစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက် (၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူများ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ဘဲ ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဥမ္မာဖြိုး)
တွဲဖက်မြို့နယ်တရားသူကြီး
ပေါင်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၊ တာမွေကြီး (ခ) ရပ်ကွက်၊ (၁၆၇)လမ်း၊ တိုက်အမှတ်(၂၄) (၅)လွှာ(ငါးလွှာအထပ်) (အလျား ၂၀ပေ၊အနံ ၅၅ပေ)ရှိ တိုက်ခန်းအား လက်ရှိပိုင်ဆိုင်သူ ဦးထွန်းအောင် ၁၄/ရကန(နိုင်)၀၈၇၈၁၉ ထံမှ ကျွန်မဒေါ်ခင်ထားရီ ၁၂/ရကန(နိုင်)၀၅၂၂၁၄ က အပြီးအပိုင်းလွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်စာရွက်စာတမ်းအထောက်ထားမူရင်းများနှင့်တကွ ကျွန်မထံသို့ ယနေ့မှစ၍(ခုနစ်)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်ထားရီ
ဖုန်း-၀၉-၂၅၀၀၁၈၅၃၅၊ ၀၉-၄၂၀၁၁၉၈၂၀

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မ အနောက်ရပ်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အမှတ် (ပ-၃၀၃၀၃) ဦးစိုးမိုး ၉/မထလ(နိုင်) ၀၆၇၂၉၈ (ဘ)ဦးကျင်မောင် အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးမင်းသူ ၁၂/ဥကမ(နိုင်)၀၄၆၀၇၇ (ဘ)ဦးမင်းသန်းမှ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၂၇၈/၆-၈-၂၀၂၀) တင်ပြ၍ ဦးစိုးနိုင် ၂/လကန(နိုင်)၀၂၂၇၈၁ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6M/7491 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးတင်ဦး ၆/သရခ(နိုင်)၀၀၁၀၃၆ ၏ ပွဲနင်းမှူးလက်မှတ်အမှတ် 0062/18 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၃၃၃၀၁၆၆

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဇေယျကျော်ထင် ဗိုလ်ချုပ်တင်စိန် (ငြိမ်း) (ကြည်း-ဗ၁၈၁)
## မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
## နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)
## အသက် (၉၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ငွေဝတ်မှုံရိပ်သာ၊ အမှတ်(၇၀၊ ဓ)နေ (ဦးဂွမ်စွတ်-ဒေါ်အမာ) တို့၏သား၊ (ဒေါ်မြမြစီ)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးတင်စိုး)၏ညီ၊ (ဦးတိတ်ကြည်)၊ ဒေါ်စောကြည်တို့၏အစ်ကို၊ Capt:နေထွန်းအောင်-(ဒေါ်ခင်ငြိမ်းဝေ)၊ ပါမောက္ခဒေါက်တာနေစိုးမောင်(ပါမောက္ခချုပ်-ငြိမ်း၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်)-ဒေါ်ကြည်ကြည်ရွှေ၊ ဦးယုခင်-ဒေါ်ချိုချိုတင်စိန်၊ ဦးဟန်ထွန်းသိန်း-ဒေါ်ဖြူဖြူတင်စိန်၊ ဒေါက်တာရွှေပြည်ဟိန်း-ဒုတိယဗိုလ်မှူးကြီး ဒေါ်သီတာစိန် (တဆရ၊ ၁/၇၀၀)၊ ဦးနေမျိုးအောင်-ဒေါ်နှင်းဝင့်ဖြူ၊ ဒေါက်တာကျော်ငွေလွင်-ဒေါ်ဝင်းဝါတင်စိန်၊ ဒေါက်တာနေလင်းအောင်(Excellent Unity Co.,Ltd)-ဒေါ်နှင်းနွယ်အေး၊ ဒေါက်တာသန်းမိုးနိုင်(Native Myanmar Co.,Ltd)-ဒေါက်တာအေးမြမြတင်စိန်တို့၏ချစ်လှစွာသော ဖခင် ဗိုလ်ချုပ်တင်စိန်(ငြိမ်း)သည် ၁၅-၈-၂၀၂၀ရက် (စနေနေ့) ည ၇:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၈:၁၅ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဇေယျကျော်ထင် ဗိုလ်ချုပ်တင်စိန် (ငြိမ်း) (ကြည်း-ဗ၁၈၁)
## မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
## နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)
## အသက် (၉၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ငွေဝတ်မှုံရိပ်သာ၊ အမှတ်(၇၀၊ ဓ)နေ ဒေါ်နှင်းယုခင်၊ ဦးဖြိုးဝေအောင်-ဒေါ်အေးသီတာမိုး၊ ဒေါ်ဆွေယုခင်-ဦးကိုကိုလမင်းထွန်း၊(ဦးအောင်သိန်းစိုးယုခင်)-ဒေါ်ဆုမြတ်သက်ထွန်း၊ဒေါက်တာမေဘရဏီဟန်-ဦးပြည့်ဖြိုးကျော်၊ဒေါ်ယဉ်မူယာယုခင်-ဦးထက်ရဲထွန်း၊ဦးနေရွှေသွေးအောင်၊ ဦးကောင်းစစ်သွေး၊ ဦးကျော်စည်သူ၊ မောင်အာကာမျိုးမြတ်၊ မကလျာနှင်း၊ မောင်ဇာနည်စိန်ညွန့်၊ မခင်ခင်ခန့်၊ မောင်စွမ်းထက်ဟိန်း၊ မောင်သန့်ဝေယံနိုင်၊ မောင်အဂ္ဂသွေးအောင် တို့၏ ချစ်လှစွာသောအဘိုး၊ မောင်သူရိန်သိန်းစိုး၊ မမြသီရိအောင်၊ မောင်အာကာဘုန်းပြည့်၊ မမေမြတ်နိုးထက်၊ မဆုလာဒ်ရတနာတို့၏ချစ်လှစွာသောဘိုးဘိုးကြီး ဗိုလ်ချုပ်တင်စိန်(ငြိမ်း)သည် ၁၅-၈-၂၀၂၀ရက် (စနေနေ့) ည ၇:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၈:၁၅ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူ မြေး၊ မြစ်များ**

## ဒေါ်မြတင်(ဖလေး/သထုံ)
## အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ဇလမ်း၊ အမှတ် ၄၀၅နေ (ဦးစံဖုး-ဒေါ်ရှမ်း)တို့၏သမီး၊ (ဦးပေါ်-ဒေါ်စိန်နက်)တို့၏ သမီးချွေးမ၊ (ဦးသန်းရွှေ(ခ)ဦးလေးတူး)၏ချစ်လှစွာသောဇနီး၊ ဦးမြင့်သန်း@Monty-ဗိုလ်မှူး ကြည်ကြည်ဝင်း(ငြိမ်း)၊ ဗိုလ်မှူးအောင်သွင်(ငြိမ်း)-ဒေါ်ခင်စမ်းဝင်းတို့၏ချစ်လှစွာသောမိခင်၊ ကိုဇော်မျိုးအောင်(ခေတ္တ- BKK)၊ ကိုဒီသာလွင်(ခေတ္တ- S' pore)-မဇင်မာအောင်၊ မောင်ကောင်းမြတ်အောင်၊ မောင်ချမ်းမြေ့အောင်တို့၏ အဘွား၊ မောင်ခန့်ထည်ဒီသာ ၏ဘွားဘွားကြီးသည် ၁၇-၈-၂၀၂၀ရက် နံနက် ၁၀:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း အသိပေးအကြောင်း ကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၂၃-၈-၂၀၂၀ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ရဟန်း ဒါယကာကြီး
## ဦးအေးသောင်းအုန်း
## စာရေးဆရာ မောင်သာမန်(ဇီးကုန်း)
## အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၅/၁ ရပ်ကွက်၊ သီရိမင်္ဂလာပတ်လမ်း၊ အမှတ် ၂၇၇နေ (ဦးစိန်အုန်း-ဒေါ်တင်မေ) တို့၏ သား၊ ဒေါ်ခင်ဌေး၏ခင်ပွန်း၊ (ဦးစောဖရင့်အောင့်ဝေးလ်)-ဒေါ်နော်လယ်ဆေးတို့၏ညီ၊ ဦးသိန်းဝင်း-ဒေါ်သက်ဝေအုန်း၊ ဦးစောဆာကပေါ်-ဒေါ်နုနုအုန်းတို့၏အစ်ကို၊ ဦးထွန်းထွန်းဦး-ဒေါ်ပြုံးပြုံးဆန်း၊ ဦးကျော်ကျော်သက်-ဒေါ်မေပွင့်ဖြူတို့၏ဖခင်၊မြေးနှစ်ယောက်တို့၏ အဘိုးသည် ၁၇-၈-၂၀၂၀ရက်(တနင်္လာနေ့)နံနက် ၀၀:၀၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉ -၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရွှေပြည်သာ ကျူချောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဇေယျကျော်ထင် ဗိုလ်ချုပ်တင်စိန်(ငြိမ်း)(ကြည်း-ဗ၁၈၁)
## မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
## နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)
## အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ငွေဝတ်မှုံရိပ်သာ၊ အမှတ်(၇၀/ဓ)နေ ပါမောက္ခဒေါက်တာနေစိုးမောင်(ပါမောက္ခချုပ်-ငြိမ်း၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်)-ဒေါ်ကြည်ကြည်ရွှေ တို့၏ဖခင်၊ ဦးနေရွှေသွေးအောင်၏ ချစ်လှစွာသော အဘိုးဖြစ်သူ ဗိုလ်ချုပ်တင်စိန်(ငြိမ်း) သည် ၁၅-၈-၂၀၂၀ (စနေနေ့) ည ၇:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သူရ ဦးမြင့်မောင်(ပြည်ထောင်စုဝန်ကြီး-ငြိမ်း) နှင့် ဇနီး ဒေါ်အေးအေးထွန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/1832 Toyota Wish ANE 11 S/W (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းအောင် ၆/မအရ(နိုင်)၀၇၄၄၁၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4D/1359 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2N/8969 ယာဉ်လက်ဝယ်ရှိသူ ဦးတင့်နိုင် ၇/ဒဥန(နိုင်)၀၈၁၉၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)
## သာယာဝတီခရိုင်တရားရုံး
## ၂၀၂၀ပြည့်နှစ်၊တရားမကြီးမှုအမှတ်-၁၅

| | | |
|---|---|---|
| လက်ပံတန်းမြို့နယ် သမဝါယမအသင်းစုလီမိတက် (၎င်း၏ကိုယ်စား၊ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ဌေးရီ) | နှင့် | ၁။ ဦးအုန်းဟန် ၂။ ဦးမြင့်စိုး ၃။ ဦးသန်းနိုင်ဦး ၄။ ဦးအေးကြိုင် ၅။ ဦးသိုက်ထွန်း |
| (တရားလို) | | (တရားပြိုင်များ) |

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ ကြို့ပင်စခန်းအုပ်စု၊ ကညင်းတန်းကျေးရွာနေ ဦးအုန်းဟန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို လက်ပံတန်းမြို့နယ် သမဝါယမအသင်းစုလီမိတက် (၎င်း၏ကိုယ်စားအုပ်ချုပ်မှုဒါရိုက်တာဒေါ်ဌေးရီ)က ချေးငွေနှင့်ဝန်ဆောင်မှု အတိုးငွေစုစုပေါင်း (၂၃၇၁၆၆၃၈)ကျပ်နှင့် မြေဆီနှင့် ဝန်ဆောင်မှု အတိုးငွေစုစုပေါင်း(၉၇၆၈၇၈၀ )ကျပ် ရလိုမှုဖြင့် စွဲဆိုလျှောက်ထားသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၈ ရက် (၁၃၈၂ ခုနှစ် ဝါခေါင်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေရှင်းလင်းရန် အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၄ ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန်းသိင်္ဂီ)**
**ဒုတိယခရိုင်တရားသူကြီး**
**သာယာဝတီခရိုင်တရားရုံး**

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် မောင်ဇော်မျိုးဟိန်း ၆/မအရ(နိုင်)၀၉၆၅၇၈ နှင့် မနွယ်နီလင်း၆/မမန(နိုင်)၁၁၅၃၁၇ တို့သည် လွန်ခဲ့သော ၁၆ နှစ်ခန့်က မြိတ်မြို့၌ တရားဝင်ထိမ်းမြားလက်ထပ်ခဲ့ပြီး သားသမီး၃ ဦး ထွန်းကားခဲ့ပါသည်။ မြိတ်မြို့၊ မြို့သစ်ရပ်၊ သုခလမ်း၊ အိမ်အမှတ် ၁၆တွင် အတူတူနေထိုင်ကြပြီး လင်ယောကျ်ားတစ်ဦး၏ ဝတ္တရားကျေပွန်စွာ လုပ်ကိုင်ကျွေးမွေးခဲ့ပါသည်။ သို့သော်လည်း ဇနီး မနွယ်နီလင်းမှ လင်ယောကျ်ား အရှက်ရအောင်၊ ကိုယ်စိတ်နှစ်ပါးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသောကြောင့် ၁၅-၈-၂၀၂၀ ရက်မှစပြီး ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအားလုံး လုံး၀(လုံး၀) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မောင်ဇော်မျိုးဟိန်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/3333 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2Q/4127 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဇေယျကျော်ထင် ဗိုလ်ချုပ်တင်စိန်(ငြိမ်း)
## နိုင်ငံ့ဂုဏ်ရည် ပထမဆင့်
## မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
## အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ငွေဝတ်မှုံရိပ်သာနေ (ဦးဂွမ်စွန်-ဒေါ်အမာ)တို့၏သား၊ (ဒေါ်မြမြစီ)၏ချစ်လှစွာသောခင်ပွန်း ဇေယျကျော်ထင် ဗိုလ်ချုပ်တင်စိန်သည် ၁၅-၈-၂၀၂၀ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ ဦးခင်မောင်ဝင်း
(အသည်းအထူးကုဆရာဝန်ကြီး)
နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်လေးရီ မိသားစု

## ပါမောက္ခ ဒေါက်တာဦးညွန့်ဝင်း
### ဌာနမှူး(ငြိမ်း)၊ ဓာတုဗေဒဌာန ရန်ကုန်တက္ကသိုလ်
### အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံ နည်းပညာ ပညာရှင်အဖွဲ့
### နာယကကြီး၊ မြန်မာနိုင်ငံဓာတုသိပ္ပံအသင်း
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၆လမ်း၊ အမှတ်(၂၆/၂၈)နေ (ဦးမောင်မောင်ကြီး-ဒေါ်ညွန့်ညွန့်)တို့၏သား၊ (သခင်ချန်ထွန်း-ဒေါ်အမာ)တို့၏သားသမက်၊ ပါမောက္ခ ဒေါက်တာခင်မာထွန်း (ဒုတိယပါမောက္ခချုပ်-ငြိမ်း) (အဖွဲ့ဝင်အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်စန္ဒီဝင်း(USA)၊ ဦးဆန်းလင်းဝင်း(Max Myanmar Holding Co.,Ltd.)-ဒေါ်ခင်နယ်ဥ်မြင့်(Telenor Myanmar)တို့၏ဖခင်ကြီး၊ ဝင်းပြည့်သီဟ(Max)၊ ဝင်းပြည့်စုံသူ(Mia) တို့၏ ဘိုးဘိုးကြီး သည် ၁၇-၈-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခဒေါက်တာဦးညွန့်ဝင်း
### ဌာနမှူး(ငြိမ်း)၊ ဓာတုဗေဒဌာန ရန်ကုန်တက္ကသိုလ်
### အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံ နည်းပညာ ပညာရှင်အဖွဲ့
### နာယကကြီး၊ မြန်မာနိုင်ငံဓာတုသိပ္ပံအသင်း
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၆လမ်း၊ အမှတ်(၂၆/၂၈)နေ (ဦးမောင်မောင်ကြီး-ဒေါ်ညွန့်ညွန့်)တို့၏သား၊ (သခင်ချန်ထွန်း-ဒေါ်အမာ)တို့၏သားသမက်၊ ပါမောက္ခ ဒေါက်တာခင်မာထွန်း(ဒုတိယပါမောက္ခချုပ်-ငြိမ်း)(အဖွဲ့ဝင် အမျိုးသားသင်ရိုးညွှန်းတမ်း ကော်မတီ)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်စန္ဒီဝင်း(USA)၊ ဦးဆန်းလင်းဝင်း(Max Myanmar Holding Co.,Ltd.)- ဒေါ်ခင်နယ်ဥ်မြင့်(Telenor Myanmar)တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ ဝင်းပြည့်သီဟ(Max)၊ ဝင်းပြည့်စုံသူ(Mia)တို့၏ ဘိုးဘိုးကြီး ပါမောက္ခ ဒေါက်တာဦးညွန့်ဝင်း သည် ၁၇-၈-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါ သဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဇော်ဇော်-ဒေါ်ဌေးဌေးခိုင်
Max Myanmar Holding Co.,Ltd.

## သွေးသည် အသက်
## သင့်သွေးဖြင့်
## အသက်ကယ်ပါ

## ဝမ်းနည်းကြေကွဲခြင်း
## ဦးညဏ်ထွန်း
### အသက် (၇၈)နှစ်

ဗိုလ်ကြီးကျော်ဇေယျ(ငြိမ်း) (မြန်မာအမျိုးသားလေကြောင်း) - ဒေါ်ခင်မြတ်မွန်တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးညဏ်ထွန်းသည် ၁၀-၈-၂၀၂၀ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

ပျံသန်းရေးဌာနမှ ဝန်ထမ်းများ
(မြန်မာအမျိုးသားလေကြောင်း)

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကြည်(ခ)ဒေါ်ခင်ကြည်
### အသက်(၉၇)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်၊ ၂၈လမ်း - ၇၆ လမ်းထောင့်နေ ဦးဝင်းဆန်း(ညွှန်ကြားရေးမှူး၊ ဆည်/ရေ(ရေအရင်းအမြစ်)-ပါမောက္ခ ဒေါက်တာတင်မေစော(ခွဲစိတ်)တို့၏မိခင်သည်၁၅-၈-၂၀၂၀ရက် ည ၁၁:၃၀နာရီတွင်ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှအထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကြည် (ခ) ဒေါ်ခင်ကြည်
### အသက် (၉၇)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ် ၂၈လမ်းx၇၆ လမ်းထောင့်နေ ဦးဝင်းဆန်း (ညွှန်ကြားရေးမှူး-ဆည်/ရေ၊ ရေအရင်းအမြစ်)-ပါမောက္ခ ဒေါက်တာတင်မေစော (ခွဲစိတ်)တို့၏မိခင်ကြီး ဒေါ်ကြည်(ခ)ဒေါ်ခင်ကြည် အသက်(၉၇)နှစ်သည် ၁၅-၈-၂၀၂၀ ရက် ၁၁:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဖြည့်တင်းရေးဌာနခွဲ(၂)မှ ဝန်ထမ်းများ
ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကြည်(ခ)ဒေါ်ခင်ကြည်
### အသက်(၉၇)နှစ်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်၊ ၂၈လမ်း - ၇၆လမ်းထောင့်နေ ဦးသိန်းအောင်(အင်/ချုပ်-ငြိမ်း၊ တံတားဦးစီး)၏ ချစ်လှစွာသောမိခင် ဒေါ်ကြည်(ခ)ဒေါ်ခင်ကြည်သည် ၁၅-၈-၂၀၂၀ ရက် (စနေနေ့) ည ၁၁:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ဦးမောင်မောင် မိသားစု
MMS Trading

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဇေယျကျော်ထင် ဗိုလ်ချုပ်တင်စိန်(ငြိမ်း)(ကြည်း-၆၁၈၁)
## မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)
## နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ငွေဝတ်မှုံရိပ်သာ၊ အမှတ် (၇၀၊ ဇ)နေ (ဦးဂွမ်စွန်-ဒေါ်အမာ)တို့၏ သား၊ (ဒေါ်မြမြစီ)၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ချုပ်တင်စိန်(ငြိမ်း)၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ဝန်ကြီး(ငြိမ်း)သည် ၁၅-၈-၂၀၂၀ရက် (စနေနေ့) ည ၇:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးရုံး(မွေးရေ/ကျေးလက်)ဝန်ထမ်းမိသားစုများ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာဦးညွန့်ဝင်း
### ဌာနမှူး(ငြိမ်း)၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်
### အမှုဆောင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံနည်းပညာ ပညာရှင်များအဖွဲ့
### နာယကကြီး၊ မြန်မာနိုင်ငံဓာတုသိပ္ပံအသင်း
### အသက်(၈၅)နှစ်

ကျေးဇူးရှင် ဆရာကြီး ဒေါက်တာ ဦးညွန့်ဝင်းသည် ၁၇-၈-၂၀၂၀ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိ ရပါသဖြင့် ဆရာမကြီး ဒေါက်တာခင်မာထွန်း မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ် ဒေါက်တာ ဘဟန်-ဒေါက်တာ မြတ်လှဝေ
ပါမောက္ခဒေါက်တာ နီနီအောင်(ဌာနမှူး)နှင့်
ဓာတုဗေဒမိသားစု၊ မိတ္ထီလာတက္ကသိုလ်

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခဒေါက်တာဦးညွန့်ဝင်း
### ဌာနမှူး(ငြိမ်း)ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်
### အသက်(၈၅)နှစ်

Max Myanmar Holding Co.,Ltd မှ Group COO ဦးဆန်းလင်းဝင်း-ဒေါ်ခင်နယ်ဥ်မြင့်(Telenor Myanmar) တို့၏ကျေးဇူးရှင်ဖခင်ကြီး ပါမောက္ခဒေါက်တာ ဦးညွန့်ဝင်း သည် ၁၇-၈-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် တာမွေမြို့နယ်နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

Max Myanmar Construction Co.,Ltd

## ဒေါ်ကြင်စု
### (ကွမ်းခြံကုန်း၊ အင်္ဂပူ)
### အသက်(၉၅)နှစ်

(ဦးကြင်ငှား-ဒေါ်ကြင်မေ)တို့၏သမီး၊ (ဒေါ်ကြိုတီ)၏ညီမ၊ (ဒေါ်စွမ်တီ)၏အစ်မ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ တိုက်(၁၁)၊ အခန်း(၂၆)နေ (ဦးညီညီ)၏ဇနီး၊ (ဦးမြင့်စိုး)၊ ဒေါက်တာမျိုးသော်-ဒေါက်တာ ခင်သန်းနွယ်၊ ဒေါ်သန်းသန်းစိုး၊ ဦးမြင့်ဇော်၊ ဒေါ်မူမူခင် (ရုရှားဘာသာဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)တို့၏မိခင်၊ ဒေါက်တာသူဟိန်းမင်း-ဝါဝါထွန်း၊ ကိုသော်ဇင်-အေမီတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၁၆-၈-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၈:၄၅ နာရီတွင် ရန်ကုန်မြို့၊ ပုဇွန်တောင် မြို့နယ်၊ ရေကျော်၊ မဟာဇေယျလမ်း၊ အမှတ်(၅/၃၊ က)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးဆန်းတိုး(ငြိမ်း) အသက်(၅၆)နှစ်
### မြို့နယ်လျှပ်စစ်မန်နေဂျာ၊ ပုသိမ်ကြီးမြို့နယ် လျှပ်စစ်မန်နေဂျာရုံး

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မုဒိတာအိမ်ရာ-၂၊ 2B-238နေ (ဦးတင်ဦး)-ဒေါ်လှကြည်တို့၏သား၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့၊ ဟိန္ဒမရပ်နေ မဝင့်လှဲ့ရည်တိုး၊ မောင်ဆန်းထူးအောင်၊ မောင်တိုးဝေအောင်တို့၏ဖခင်၊ ဒေါ်ဆွေဇင်မင်း၏ခင်ပွန်းသည် ၁၆-၈-၂၀၂၀ရက် (တနင်္ဂနွေနေ့) ည ၁၁:၅၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၈:၃၀နာရီတွင် အလုပ်သမားဆေးရုံကြီးမှ အေးရိပ်ငြိမ်သုသာန်သို့ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၂၀ရက် နံနက် ၁၁နာရီတွင် အောင်မြေသာစံမြို့နယ် လျှပ်စစ်မန်နေဂျာရုံး၊ ဝန်ထမ်းအိမ်ရာသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးဆန်းတိုး(ငြိမ်း) အသက် (၅၆)နှစ်
### (မြို့နယ်လျှပ်စစ်မန်နေဂျာ၊ ပုသိမ်ကြီးမြို့နယ်လျှပ်စစ်မန်နေဂျာရုံး

သူငယ်ချင်းဖြစ်သူ ဗိုလ်ကြီးဆန်းတိုး(ငြိမ်း) အသက်(၅၆)နှစ်သည် ၁၆-၈-၂၀၂၀ရက် (တနင်္ဂနွေနေ့) ည ၁၁:၅၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၀) သူရတပ်ခွဲမှ သူငယ်ချင်းများ

## အထူးဝမ်းနည်းကြေကွဲခြင်း

အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)၊ ပြင်ဦးလွင်မှ ခါတ်မှန်ပါရဂူ၊ ကုသမှုအကူဌာနမှူး ဒုတိယဗိုလ်မှူးကြီး ဒေါ်သီတာစိန်၏ ဖခင် ဗိုလ်ချုပ်တင်စိန်(ငြိမ်း)သည် ၁၅-၈-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဓါတ်မှန်ဌာန
တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)
မင်္ဂလာဒုံ

## ကျေးဇူးတင်ရှိခြင်း

၁၀-၈-၂၀၂၀ရက်တွင် ကွယ်လွန်သွားသော ဦးမျိုးမင်းသိန်း(၄၉)နှစ် Procurement, Manager Excellent Unity Co.,Ltd ၏ နာရေးတွင် စိတ်စေတနာအပြည့်ဖြင့် ကူညီပေးပါသော Excellent Unity Co.,Ltd မှ ဒေါက်တာ နေလင်းအောင်-ဒေါ်နှင်းနွယ်အေး၊ ဦးထင်လင်းနှင့် ကုမ္ပဏီဝန်ထမ်းများ၊ EAC မှ လုပ်ဖော်ကိုင်ဖက်ဟောင်းများ (Marlboro & Dumex team), TTC ကျောင်းသားဟောင်းများ၊ နာရေးကိစ္စ အစမှအဆုံး မိသားစုသဖွယ် ကူညီပေးပါသော လုပ်ဖော်ကိုင်ဖက်များ၊ သူငယ်ချင်းများနှင့် အသိမိတ်ဆွေများ၊ စာနာဖေးမ သတင်းမေးကြသော ဆွေမျိုးမိတ်ဆွေများအားလုံးကို လှိုက်လှိုက်လှဲလှဲအထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းတင့်
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၇/အရှေ့ရပ်ကွက်၊ အနောက်အောင်သပြေ(၄)လမ်း၊ အမှတ်(၁၀)နေ (ဦးထွန်းသိန်း -ဒေါ်ကြည်မြင့်)တို့သမီးကြီး၊ (ဦးတင်ဦး)၏ဇနီး၊ ကိုတင်ဦး-ဒေါ်ဌေးရီ၊ ဦးအေးကို-ဒေါ်ခင်သန်းဝင်း၊ (ဦးသန်းထွန်းဦး)၊ (ဦးကျော်မင်း-ဒေါ်သင်းသင်း)၊ ဦးစိုးအောင်-ဒေါ်နုနုဝင်း၊ ဦးမျိုးသန့်-ဒေါ်ကြည်သိန်းတို့၏အစ်မကြီး၊ ဒေါ်အေးသန့်၊ ဦးရဲထွန်း(MD, ကောင်းကုဋ္ဌေကြွယ် ကုမ္ပဏီ)-ဒေါ်ဇင်ဇင်ဆွေ၊ မချစ်စု(ခ)မသူဇာအောင်(Max Energy Co.,Ltd)တို့၏မိခင်သည် ၁၇-၈-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၀:၀၄ နာရီတွင် အာယုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေ ဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ မွန်းတည့်၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ထိုင်းနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ခဲ့



နေပြည်တော် ဩဂုတ် ၁၇

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ထိုင်းနိုင်ငံ၌အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၅၃ ဦးအား မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(ယာပုံ)**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID–19)

*စာမျက်နှာ ၁၆ ကော်လံ ၁* ●

# ရှာငံမြို့နယ်အတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား နိုင်ငံတော်က ဒုတိယအကြိမ် ထောက်ပံ့ငွေပေးအပ်



ရှာငံ ဩဂုတ် ၁၇

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ်အတွင်းရှိ အခြေခံလူတန်းစားများအား နိုင်ငံတော်က ဒုတိယအကြိမ် ငွေကြေးထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက ရှာငံမြို့ ဗထူးခန်းမ၌ ကျင်းပသည်။ **(ဝဲပုံ)**

ရှေးဦးစွာ ရှာငံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်းက ရှာငံမြို့နယ်အတွင်းရှိ အခြေခံလူတန်းစားများအား နိုင်ငံတော်က ဒုတိယအကြိမ် ငွေကြေးထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် နိုင်ငံတော်က ထောက်ပံ့ပေးသည့် ဒုတိယအကြိမ် ထောက်ပံ့ငွေကျပ် ၅၆၆ သိန်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်း က

*စာမျက်နှာ ၁၆ ကော်လံ ၁* ❊

## တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါး သတင်းများနှင့် စပ်လျဉ်း၍ ထပ်မံ ဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

စာ » ၈

## ကိုဗစ် - ၁၉ တစ်ကျော့ပြန်လာတဲ့အတွက် နယူးဇီလန်ရွေးကောက်ပွဲကို ရွှေ့ဆိုင်း

စာ » ၁၄

# ပီအက်စ်ဂျီကို ကျော်ဖြတ်ကာ ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ လိုက်ပ်ဇစ်အသင်း တက်လှမ်းသွားနိုင်မလား



ယူရိုပါလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်သို့ လိုက်ပ်ဇစ်၊ ပီအက်စ်ဂျီ၊ ဘိုင်ယန်မြူးနစ်နှင့် လိုင်ယွန်အသင်းတို့ တက်ရောက်နိုင်ခဲ့ကာ ဩဂုတ် ၁၉ ရက် နံနက် ၁ နာရီခွဲတွင် ဂျာမန်ကလပ် လိုက်ပ်ဇစ်အသင်းနှင့် ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းတို့ ပေါ်တူဂီနိုင်ငံ လစ္စဘွန်းရှိ အားကစားကွင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး နောက်တစ်နေ့နံနက် ၁ နာရီခွဲတွင် လိုင်ယွန်နှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

လိုက်ပ်ဇစ်အသင်းသည် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တွင် စပိန်နာမည်ကြီး အက်သလက်တီကို မက်ဒရစ်အသင်းနှင့် တွေ့ဆုံခဲ့ပြီး အိုလ်မို၊ အဒမ်စ် တို့၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်ပြီး *စာမျက်နှာ ၂၀ ကော်လံ ၅* ❖

## ချင်းတွင်းမြစ်ရေ ခန္တီးနှင့် မော်လိုက်မြို့နယ်တွင် စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၇

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။


ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ခန္တီးမြို့နယ်နှင့် မော်လိုက်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

### တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးချေးငွေ JICA Two Step Loan ထုတ်ချေးထားမှုအခြေအနေ (၂၁-၇-၂၀၁၇) မှ (၃၁-၇-၂၀၂၀) ရက်နေ့အထိ


(ကျပ်သန်းပေါင်း)




ဇာစ်မြစ် : မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

### တိုင်းဒေသကြီး/ပြည်နယ်အလိုက် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးချေးငွေ MEB Two Step Loan ထုတ်ချေးထားမှုအခြေအနေ (၂၄-၄-၂၀၁၈) မှ (၃၁-၇-၂၀၂၀) ရက်နေ့အထိ

(ကျပ်သန်းပေါင်း)




ဇာစ်မြစ် : မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။